ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ယောက်ျားအာဇာနည်**

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝင်(ဓမ္မပဒ-၁၉၃)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်၊ သောကြာနေ့။ Friday, 19 July 2019 ၉၇၁၅

# (၇၂)နှစ်မြောက်အာဇာနည်နေ့



ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း



သခင်မြ



ဒီးဒုတ်ဦးဘချို



ဦးဘဝင်း



စဝ်စံထွန်း



မန်းဘခိုင်



ဦးရာဇတ်



ဦးအုန်းမောင်



ရဲဘော်ကိုထွေး

## ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုပါ၏

09 682 682 682
info@mtb-bank.com
www.mmtourismbank.com
MyanmaTourismBank
မြန်မာ့ခရီးသွားဘဏ်
MTB
မြန်မာ့ခရီးသွားဘဏ်
MYANMA TOURISM BANK
"သင့်အနာဂတ်ဖန်တီးဖို့ MTB နဲ့လက်တွဲစို့"

# ကြေးမုံ

## မမေ့နိုင်သည့်အာဇာနည်ခေါင်းဆောင်

ယနေ့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသောနေ့ဖြစ်သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တိတိအချိန်တွင် မသမာသူလူသတ်သမားတစ်စု၏ အကြံပက်စက်မှုကြောင့် အာဇာနည်ခေါင်းဆောင်ကြီးများ ရေတိမ်နစ်ခဲ့ရသည်မှာ ယနေ့ဆိုလျှင် (၇၂) နှစ်မြောက်တိုင်ခဲ့ပြီဖြစ်သည်။ နှစ်ပေါင်းကြာပြီဖြစ်သော်လည်း မြန်မာနိုင်ငံသားများအားလုံး မေ့လို့မရနိုင်။

မြန်မာပြည်နှင့် မြန်မာလူမျိုးများ နှစ်ပေါင်းတစ်ရာကျော် တိုင်းတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝမှ လုံးဝလွတ်မြောက်ရေးအတွက် အသက်ပေးဆပ်ခဲ့ကြသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားမှာ ကြီးမားလှပါဘိ။ လွတ်လပ်သောမြန်မာနိုင်ငံတော်တွင် လွတ်လပ်သောအခွင့်အရေးများကို လက်တွေ့အကောင်အထည် ပေါ်လာအောင် ရှုပ်ရှုပ်ချွံချွံ အသက်စတေးခဲ့သည်များကို ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေနိုင်အောင် မြန်မာ့သမိုင်းမော်ကွန်း၌ အထင်အရှားမှတ်တမ်းတင်ထားပေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံတော်အပေါ် စွဲမြဲယုံကြည်ချက်များ၊ မျှော်မှန်းတောင့်တမှုများ အကောင်အထည်မပေါ်မီ ကျဆုံးခဲ့ရသည်ဖြစ်၍ ကျွန်ုပ်တို့ခေါင်းဆောင်ကြီးများ၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်များကို လေးစားသောအားဖြင့် လေ့လာလိုက်စား မှတ်သားထားရမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည်ကား-(၁) ပုဂ္ဂိုလ်အားဖြင့် ဟန်ဆောင်မှုလွှမ်းသော ပကာသနလူ့အဖွဲ့အစည်းစနစ်ကိုမကြိုက်။ ဟုတ်တိုင်းမှန်ရာ ဘွင်းဘွင်းရှင်းရှင်းဆက်ဆံရေးကို နှစ်သက်သည်။ (၂) နိုင်ငံရေးအားဖြင့် လွတ်လပ်သော ဒီမိုကရေစီဝါဒကိုသာမြတ်နိုးသည်။ (၃) စီးပွားရေးဘောဂဗေဒအရ မြန်မာနိုင်ငံသည် စီးပွားရေး ဖူလုံတိုးတက်လာရန် အလားအလာများစွာရှိသည်ကို အကြွင်းမဲ့ ယုံကြည်သည်။ (၄) လူကုံထံကို အထင်မကြီး ဆင်းရဲသားကျောမွဲ လူထုကြီးကို အထင်ကြီးသည်။ ယုံကြည်အားကိုးသည်။ (၅) အမျိုးသားယဉ်ကျေးမှု တိုးတက်ဖွံ့ဖြိုးရေး ပြန်လည်ဆန်းသစ်ရေးကို ကျွန်ုပ်တို့အားလုံး ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသည်ဟု ယူဆသည်။ (၆) အဓမ္မနယ်ချဲ့စနစ်ကို အပြင်းအထန်မုန်းတီးရွံရှာသည်။ လူမျိုးတိုင်း လူမျိုးတိုင်းသည် မိမိတို့၏ကြမ္မာကို မိမိတို့သာလျှင် ဖန်တီးနိုင်ခွင့်ရှိသည်ဟု ယုံကြည်သည်။ (၇) အနောက်နိုင်ငံများထက် အရှေ့အာရှနိုင်ငံများကို အထင်ကြီးသည်။ မြတ်နိုးသည်။ ယုံကြည်သည်။ (၈) အရှေ့အာရှနိုင်ငံများတွင် တူညီသောအချက်များ မြောက်မြားစွာရှိနေသဖြင့် နိုင်ငံရေးအရ အချင်းချင်းသွေးစည်းညီညွတ်ရန် အရေးကြီးသည်နှင့် အမျှ အဘက်ဘက်တွင် ဘဝတူနိုင်ငံများအဖြစ် စည်းလုံးသင့်သည်ဟု ယူဆသည်။

အထက်ပါအကြောင်းအရာများမှာ ဗိုလ်ချုပ်အောင်ဆန်း၏ ပေါ်လွင်ထင်ရှားဆုံး အချက်အလက်များဖြစ်ရာ ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူများအားလုံးအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းကို သတိရတမ်းတသည်ဆိုပါလျှင် ထိုအချက်များကို အစဉ်သတိပြုလေ့လာခြင်း၊ မျှော်မှန်းချက်အတိုင်း တတ်နိုင်သမျှကြိုးစားအကောင်အထည်ဖော်ခြင်း၊ ကြိုးစားလိုက်နာခြင်းစသည်ဖြင့် ဝိုင်းဝန်းဆောင်ရွက်မှသာ ကျေးဇူးရှင်အာဇာနည်ခေါင်းဆောင်ကြီးများအား ကျေးဇူးဆပ်ရာရောက်ပေမည်။

အထူးသဖြင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုခရီးစဉ်တွင် ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ပေးထားခဲ့သော မျှော်မှန်းချက်၊ မြန်မာလူထုအကျိုးကျေးဇူးအတွက် စီမံထားချက်နှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်ကြီးများ စိတ်ကူးခဲ့သည့် မြန်မာနိုင်ငံတော်သစ်ကြီးကို ဖန်တီးအကောင်အထည်ဖော်ရာ၌ အားလုံးညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းကြိုးစားကြမှသာလျှင် ကျွန်ုပ်တို့အားလုံး တာဝန်သိသော နိုင်ငံ့သားကောင်းများဖြစ်ပေမည်။ အာဇာနည်ခေါင်းဆောင်များကို လေးစားရာရောက်ပေမည်။

သို့ဖြစ်ရာ ဤနေ့ဤရက် မမေ့နိုင်သော အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား မမေ့မလျော့ ဂါရဝပြုကြသကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်း၏ မျှော်မှန်းချက်များ၊ ရည်ရွယ်ချက်များကိုလည်း အလေးထားဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး မော်တော်ယာဉ်ရပ်နားစခန်းအနီး မြေကွက်လပ်တွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စိန်တစ်လုံးသရက်ပင်များ စိုက်ပျိုးပေးကြပြီး အရာထမ်း၊ အမှုထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင် ၁၂၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဒုတိယဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၈**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဒုတိယဝန်ကြီး Mr. Yoon Soon-gu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## “Uncle Boonmee Who Can Recall His Past Lives”အမည်ရှိ ထိုင်းရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်မည်

**ရန်ကုန် ဇူလိုင် ၁၈**

ဒါရိုက်တာ Apichatpong Weerasethakul ၏ “Uncle Boonmee Who Can Recall His Past Lives” ဇာတ်ကားကို ဇူလိုင် ၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်ကြမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၂၁) ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

ထိုင်းရုပ်ရှင်ဇာတ်ကား တစ်ကားဖြစ်သော “Uncle Boonmee Who Can Recall His Past Lives” ရုပ်ရှင်ဇာတ်ကားသည် ထိုင်းဒါရိုက်တာ Apichatpong Weerasethakul ၏ လက်ရာကောင်းတစ်ခုဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် ပြင်သစ်နိုင်ငံ Cannes Film Festival တွင် Palmed’Or ဆုကို ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၁၈**

ရန်ကုန်(ရွှေဈေး) ၁၁၄၁၅၀၀ - ၁၁၄၁၅၀၀ မန္တလေး(ရွှေဈေး) ၁၁၄၁၅၀၀ - ၁၁၄၁၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၃၀ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၆၀/၉၁၀ ကျပ် | ၉၆၀/၉၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၈၂၀ ကျပ် | ၈၅၅/၈၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၀/၉၄၀ ကျပ် | ၉၆၀/၉၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၅/၈၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၅/၈၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၆၀/၇၇၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၃.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၀၀.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၀.၁၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၀၁၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၈.၀၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၅၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၀၄.၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၄၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၄.၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၃.၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ်ဧပြီ ၁၆ ရက် တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၄၂၇



## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက် အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

◆ **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ** အောင်ဇမ္ဗူဘုန်းတော်ကြီးသင်ပညာရေးကျောင်းဝင်းအတွင်း၌ တည်ဆောက်လှူဒါန်းသည့် အောင်ဇမ္ဗူလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း RC နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်ချီးမြှင့်သည်။

**လိုက်လံကြည့်ရှု**

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီး စာသင်ခန်းများအတွင်း လိုက်လံကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် လည်းကောင်း၊ ကော့မှူးမြို့နယ် သံအိုင်ကျေးရွာ ခရစ်ယာန်အသင်းတော် တယောအဖွဲ့မှ လူငယ်များ၊ ဘင်ခရာအဖွဲ့မှ ကျောင်းသား ကျောင်းသူများနှင့် လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရွှေတောင်ဖောင်ဒေးရှင်းနာယက ဦးအိုက်ထွန်းက ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရဲမြင့်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အောင်ဇမ္ဗူလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ဂေဟာမှူး ဦးမင်းသိန်းထံ လွှဲပြောင်းပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ပညာရေးလုပ်ငန်းများအား ကူညီဆောင်ရွက်ပေးနေသည့် နေအုပ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးနေအုပ်က ကျောင်းဆောင်သစ် လှူဒါန်းသည့်အတွက် ဝမ်းမြောက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးထံ ပြည်တွင်း၊ ပြည်ပအလှူရှင်များက သန့်စင်ခန်း၊ ကွန်ပျူတာစားပွဲ၊ စာရေးထိုင်ခုံ၊ ကျောင်းအားကစားကွင်း၊ ရေစင်အဆောက်အဦ၊ ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်နှင့် ရေသန့်ဘူးများ၊ ကျောင်းသုံးပရိဘောဂများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

**နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်**

အဆိုပါ ကျောင်းဆောင်သစ်မှာ စာသင်ခန်း ရှစ်ခန်း ပါဝင်သည့် RC နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အောင်ဇမ္ဗူပရိယတ္တိကျောင်းတိုက်ဆရာတော်နှင့် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပိန္နဲကုန်းကျေးရွာအုပ်စု ဆင်ခြံကျေးရွာ အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက် ဆရာတော်အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ရွှေတောင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အောင်ဇမ္ဗူလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

✻ ကျောဖုံးမှ

သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ ပြည်တွင်း ပြည်ပခရီးစဉ် မှတ်တမ်းဓာတ်ပုံများ၊ အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော စာပို့ခတံဆိပ်ခေါင်းများ၊ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ စာပို့ခတံဆိပ်ခေါင်းများ၊ ငွေစက္ကူများနှင့် ငွေအကြွေစေ့များ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ပြတိုက်အတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်း ပုံစံတူရုပ်တု၊ ဘုရားခန်း၊ အိပ်ခန်း၊ စာဖတ်ခန်း၊ ဧည့်ခန်းနှင့်ထမင်းစားခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာပြီး ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုအား ဂါရဝပြုကာ ပြတိုက်ဝင်းအတွင်း ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် စိုက်ပျိုးခဲ့သည့် စိုက်ခင်းနေရာနှင့်ရေကန်တို့ကို ကြည့်ရှုလေ့လာသည်။

**ကြည့်ရှုလေ့လာ**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အတွင်းဝန်ရုံးဟောင်း (ယခင်ဝန်ကြီးများရုံး)သို့ ရောက်ရှိပြီး ဝင်းအတွင်းရှိ အာဇာနည်ခေါင်းဆောင်ကြီးများအတွက် ပြုလုပ်ထားသည့် အထိမ်းအမှတ်ကျောက်တိုင်၊ လွတ်လပ်ရေးမရမီ အသုံးပြုခဲ့သည့် တိုင်းပြုပြည်ပြုလွှတ်တော်အဆောက်အဦ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးဆောင်တို့ကို ကြည့်ရှုလေ့လာသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူနှင့်တာဝန်ရှိသူများ ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သော မော်တော်ယာဉ်အား ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ ဗိုလ်ချုပ်အောင်ဆန်းစာဖတ်ခန်းအား ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အဖွဲ့ ဗိုလ်ချုပ်အောင်ဆန်း မိသားစုထမင်းစားခန်းအား ကြည့်ရှုလေ့လာစဉ်။




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူတို့ ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝမှတ်တမ်းပြခန်းအား ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူနှင့်တာဝန်ရှိသူများ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငွေစက္ကူများနှင့် ငွေအကြွေစေ့များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သီလဝါအထူးစီးပွားရေးဇုန်၊ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီရုံးချုပ် (ယာယီ)၊ ရေအရင်းအမြစ်နှင့် ရေဘက်စုံ စီမံခန့်ခွဲမှုစင်တာ ဆောက်လုပ်မည့်နေရာတို့အား သွားရောက်ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သီလဝါအထူးစီးပွားရေးဇုန်(အေ)အတွင်းရှိ Zifam Pyrex Myanmar Co.,Ltd. ၏ ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

**ရန်ကုန်  ဇူလိုင်  ၁၈**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းတွင် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီရုံးချုပ်(ယာယီ)နှင့် ရေအရင်းအမြစ်နှင့် ရေဘက်စုံ စီမံခန့်ခွဲမှုစင်တာ ဆောက်လုပ်မည့်နေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အထူးစီးပွားရေးဇုန် ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့နှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်းတွင် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား သီလဝါအထူးစီးပွားရေးဇုန် ရှင်းလင်းဆောင်၌ အထူးစီးပွားရေးဇုန် ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အထူးစီးပွားရေးဇုန်စီမံကိန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဆက်အောင်၊ Myanmar Japan Thilawa Development Limited President / CEO Mr.Tomoyasu Shimizu နှင့် Myanmar Japan Thilawa SEZ Holdings Public Co., Ltd.(MTSH) မှ ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က သီလဝါအထူးစီးပွားရေးဇုန်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သီလဝါအထူးစီးပွားရေးဇုန်၏ အစီရင်ခံစာကို လေ့လာကြည့်ရာတွင် အောင်မြင်မှု၊ တိုးတက်မှုများရရှိကာ အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်၏ အောင်မြင်မှုသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမကဘဲ နိုင်ငံ၏ ပုံရိပ်ကိုပါ ဖော်ဆောင်နေခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် တာဝန်ရှိသူများအနေဖြင့် ဆတက်ထမ်းပိုးတိုး၍ ပိုမိုလုပ်ဆောင်ကြရန် ပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် သီလဝါအထူးစီးပွားရေးဇုန်(အေ)အတွင်းရှိ Zifam Pyrex Myanmar Co.,Ltd. ၏ ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်း၊ Suzuki Thilawa Motor Co.,Ltd. ၏ မော်တော်ကားတပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ Yakult Myanmar Co.,Ltd. ၏ နို့ဒိန်ချဉ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ Boxpak (Myanmar) Co.,Ltd. ၏ ကတ်ထူပုံးခွဲထုတ်လုပ်ခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

Zifam Pyrex Myanmar Co.,Ltd. ၏ ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းသည် ဩစတြေးလျနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကာ လက်ရှိတွင် စုစုပေါင်းလုပ်သားအင်အား ၁၀၂ ဦး၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၉ဒသမ၂၂ သန်းဖြင့် antibiotics ဆေးဝါးများ စတင်ထုတ်လုပ်လျက်ရှိပြီး မကြာမီ ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်သည်။

**ဖြန့်ဖြူးရောင်းချလျက်ရှိ**

Suzuki Thilawa Motor Co.,Ltd. ၏ မော်တော်ကားတပ်ဆင် ထုတ်လုပ်ခြင်း လုပ်ငန်းသည် ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကာ လက်ရှိတွင် စုစုပေါင်းလုပ်သားအင်အား ၂၆၀၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၅ သန်းဖြင့် တစ်ရက်လျှင် မော်တော်ကား ၄၈ စီး တပ်ဆင်ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

Yakult Myanmar Co.,Ltd. ၏ နို့ဒိန်ချဉ်ထုတ်လုပ်ခြင်းလုပ်ငန်းသည် ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကာ လက်ရှိတွင် စုစုပေါင်းလုပ်သားအင်အား ၂၁ ဦး၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၅၉ သန်းဖြင့် ကျန်းမာရေး နို့ဒိန်ချဉ်များ စတင်ထုတ်လုပ်ပြီး မကြာမီ ပြည်တွင်းသို့ဖြန့်ဖြူးရောင်းချရန် စီစဉ်လျက်ရှိသည်။

Boxpak (Myanmar) Co.,Ltd ၏ ကတ်ထူပုံးခွဲထုတ်လုပ်ခြင်းလုပ်ငန်းသည် မလေးရှားနိုင်ငံမှ လာရောက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကာ လက်ရှိတွင် စုစုပေါင်းလုပ်သား အင်အား ၁၄၆ ဦး၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၁ သန်းဖြင့် ကတ်ထူပုံးခွဲများ စတင်ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများကို ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

**ပြည်ပသို့တင်ပို့ခြင်းများ စတင်**

သီလဝါအထူးစီးပွားရေးဇုန်၌ လက်ရှိတွင် နိုင်ငံပေါင်း ၁၉ နိုင်ငံမှ လုပ်ငန်းပေါင်း ၁၁၂ ခုကို လုပ်ကိုင်ခွင့်ပြုထားပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများအနက် လုပ်ငန်း ၇၄ ခုမှာ စီးပွားဖြစ်လည်ပတ်လျက်ရှိပြီး လုပ်ငန်း ၁၈ ခုမှာ ပြည်ပသို့ တင်ပို့ခြင်းများ စတင်နေပြီဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်တွင် အမြဲတမ်းလုပ်သားနှင့် ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်နေသူများအပါအဝင် စုစုပေါင်းလုပ်သား ၂၀၀၀၀ ကျော် အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှသိရသည်။

ထိုမှတစ်ဆင့် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ Park Lane Condominium တွင် ဖွင့်လှစ်ထားသည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီရုံးချုပ် (ယာယီ) သို့သွားရောက်ကြည့်ရှုသည်။

ကော်မတီရုံးချုပ်(ယာယီ) အကြံပေးအဖွဲ့ရုံးခန်းတွင် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဝင်းလှိုင်နှင့် အကြံပေးအတွင်းရေးမှူး ဒေါက်တာခင်နီနီသိန်းတို့က လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများ၊ အမျိုးသားအဆင့်ရေအရင်းအမြစ် ကော်မတီရုံးချုပ်နှင့် ရေအရင်းအမြစ်နှင့် ရေဘက်စုံ စီမံခန့်ခွဲမှုစင်တာ အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက စီမံကိန်းကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည့်အခြေအနေများကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဒုတိယသမ္မတသည် အမျိုးသားအဆင့်ရေအရင်းအမြစ် ကော်မတီရုံးခန်းများကို လှည့်လည်ကြည့်ရှုကာ ပဉ္စမအကြိမ်မြောက် လူငယ်ပညာရှင်များပြုစုပျိုးထောင်ရေးသင်တန်း (Young Water Professional Programme (YWP-5th Batch) သင်တန်းခန်းမသို့ ရောက်ရှိပြီး Myanmar Water Academy ၏ ပထမအကြိမ် သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကျောင်းလမ်းရှိ ရေအရင်းအမြစ်နှင့် ရေဘက်စုံစီမံခန့်ခွဲမှုစင်တာ ဆောက်လုပ်မည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

## ပြည်ချစ်ပန်း စံနမူ

❖ ဇူလိုင်မိုးတွေက
အပူလှိုင်လို့ ဖြိုးစွေရှာ။
❖ အာဇာနည် မကြွေပန်း
လန်းတင့် လျက်သာ။
❖ နိုင်ငံနဲ့ပြည်သူ့အရေး
အသက်ပေးခဲ့ ရဲဝံ့စွာ
ဘယ်ခါမရှုံ့နောက်မတွန့်။
❖ အမှန်ကို ပိုင်းခြားသိ
မှန်သည့်အတိုင်း
ရဲရဲလျှောက်ရင်း
မကြောက်တရား ရင်မှာမွေး
သက်ပေးလို့ စွန့်။
❖ လက်ရုံးရည် နှလုံးရည်
ထူးခြားပြည့်မီ သာလွန်ကဲ
စွဲမြဲခိုင်မာ စိတ်ဓာတ်တည်။
❖ ယုံကြည်ချက် ဉာဏ်ရှေ့သွားနှင့်
စွန့်စားကြသည်။
❖ အသက်သွေးချွေး
ထောင်သောင်းပေး
စတေးပြီးမှ ရခဲ့သည်
မိမြန်ပြည်ရဲ့လွတ်လပ်ပန်း။
❖ တန်ဖိုး အမှန်မြင်လို့
သမိုင်းတွင် နောင်မမှားရအောင်
နိုးကြားအမြင် အသိတရားနဲ့
အားမြှင့်ရှက်ထမ်း။
❖ အာဇာနည်နေ့
ကမ္ဘာတည်သရွေ့မမေ့နိုင်။
❖ ပြည်ချစ်ပန်း ဇာနည်များရဲ့
ကျေးဇူးတရားကို ရင်မှာပိုက်
ဦးခိုက်တူပြိုင်။
❖ မြတ်သောစံနမူမို့
ဂုဏ်ယူအားကျ မက်မဆုံးနိုင်
သက်ဆုံးတိုင် ကျင့်ကြံပွား။
❖ မောင်လည်း ကောင်းမွေခံလို့
မယ်လည်း ကောင်းမွေခံလို့
ကောင်းမွေစံ ရှေပြည်သစ်ကို
ထုဆစ်နိုင်သား။ ။

ဇော်မင်းမင်းဦး

# ဗိုလ်ချုပ်စိတ်ဓာတ်ကို လေးစားအတုယူ

မောင်ခိုင်မာ(အထက်မင်းလှ)



"ကျုပ်ကမေတ္တာနှင့် သစ္စာကိုရှေ့ထားပြီးအုပ်ချုပ်မယ်။ တကယ်လို့ကောင်းတယ်၊ မှန်တယ်ထင်ရင် အသက်စွန့်ရဲတယ်"ဟု ၁၉၄၇ ခုနှစ် ဧပြီလက မွေးရပ်မြေ နတ်မောက်မြို့ ဒီပင်္ကရာကျောင်းဝင်းအတွင်း ကျင်းပသော လူထုအစည်းအဝေး၌ ပြောကြားခဲ့သလို "မိမိတို့ ယုံကြည်သောဝါဒအတွက် အသက်ကိုပင်စွန့်သွားကြသော အာဇာနည်များအား မိမိသည်ချီးကျူးကြောင်း၊ ထိုစိတ်မျိုးကို ကျန်ခဲ့သူများက ထပ်တလဲလဲမွေးမြူအပ်ကြောင်း၊ အမျိုးဘာသာနှင့် နိုင်ငံအတွက် အသက်စွန့်ရန်ကြောက်နေသော နိုင်ငံတိုင်းမှာ မကြီးပွားနိုင်ကြောင်း" စသဖြင့် ၁၉၄၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့ အရှေ့အာရှတိုက်စစ် တစ်နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားတွင် ပြောကြားခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်တို့ ကျဆုံးခဲ့ရသည်မှာ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ၇၂ နှစ် တင်းတင်းပြည့်မြောက်လေပြီ။

**အာဇာနည်**

အာဇာနည်ဟူသည်မှာ "အာဇာနည်" ဟူသော ပါဠိမှဆင်းသက်လာပြီး "အကြောင်းဟုတ်၊ မဟုတ်ကို ကောင်းစွာသိသောသူ၊ သာမန်ထက်လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ" ဟူ၍ မြန်မာအဘိဓာန်က ဖော်ပြသည်။ ဒုကင်္ဂုတ္တရကျမ်း၊ စတုကင်္ဂုတ္တရကျမ်းတွင် "မကြောက်မရွံ့မတွန့်မဆုတ်ဘဲ ကြောင်းကျိုးဟုတ်မှန်ရာကို ဝေဖန်တတ်သောပုဂ္ဂိုလ်"ဟု ဆိုသည်။ တစ်နည်းအားဖြင့် အတ္တကိုစွန့်ပြီး ပရဟိတအတွက် စွန့်စားလုပ်ကိုင်သူ၊ မိမိ၏လုံ့လဉဿကြောင့် အများပြည်သူ ကိုယ်စိတ်နှစ်ပါး ချမ်းသာစေသူကို အာဇာနည်ဟု ခေါ်ဆိုထိုက်ပေသည်။

"ဓမ္မပဒ၊ ဗုဒ္ဓဝဂ်"တွင် ဒုလ္လဘောပုရိသဇညော၊ နသောသဗ္ဗတ္ထဇာယတိ၊ ယတ္ထသောဇယတိဓိရော၊ တံကုလံသုခမေဓတိ" (လူယောကျာ်းမြတ် အာဇာနည်ဟူသည် လွန်စွာဖြစ်ခဲ၊ ရခဲလှ၏။ အမြော်အမြင်ဉာဏ်နှင့် ပြည့်စုံသော ထိုအာဇာနည်ယောကျာ်းမျိုးသည် အကြင်သို့သောတိုင်းနိုင်ငံ၊ အကြင်သို့သော အရပ်ဒေသ၊ အကြင်သို့သော လူမျိုး၌ တစ်ရံတစ်ဆစ်ဖြစ်ထွန်းလာသည် ဖြစ်လေအံ့၊ ထိုတိုင်းနိုင်ငံ၊ ထိုအရပ်ဒေသ၊ ထိုလူမျိုးသည် ချမ်းသာခြင်းရှိသည်ဖြစ်၍ ကြီးပွားလေ၏)ဟု ဆိုပါသည်။

မည်သည့်ဂုဏ်အရည်အချင်း၊ မည်သည့်ပေတံဖြင့် တိုင်းထွာသည်ဖြစ်စေ၊ ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားသူရဲကောင်းတစ်ဦးဖြစ်သလို အာဇာနည်တစ်ဦးလည်း ဖြစ်ပေသည်။

**မရှုမလှ ကြွေလိုက်ရသည်**

ဆရာဇော်ဂျီက "အာဇာနည်နေ့ဆန္ဒ" ဟူသော ကဗျာတွင် "အမိုက်ကမ်းခတ်သူ့အတတ်ကြောင့်၊ လွတ်မှုကြိုးပမ်း၊ ခုလတ်လမ်းတွင်၊ ဆန်းတို့တစ်စု၊ တိုင်းပြည်ပြုတို့၊ မရှုမလှ၊ ကြွေလိုက်ရသည်၊ ကျခဲ့မကောင်း၊ ကျခဲ့ကြောင်း"ဟု ဝမ်းနည်းတသ ဖွဲ့ဆိုပြလိုက်သည်။ "ဗိုလ်ချုပ်ကျဆုံးခြင်းသည် မြန်မာနိုင်ငံအတွက်သာမက အာရှအတွက်ပါ ခေါင်းဆောင်ကြီးတစ်ဦးကျဆုံးခြင်း" (Not Burma, but Asia has lost a great leader) ဟု ၁၉၄၇ ခုနှစ် ဩဂုတ်လထုတ် အင်္ဂလိပ်စာမဂ္ဂဇင်း FORUN တွင် အိန္ဒိယခေါင်းဆောင် "ဂျဝါဟာလာနေရူး" က ညွှန်းဆိုဖော်ပြခဲ့ပေသည်။ မှန်ပေသည်။ သမိုင်းတွင်၍ တစ်ခေတ်တစ်ယောက် ထွန်းထွန်းပေါက်ပေါက် ပေါ်ထွန်းဖို့ရန် လွန်စွာခဲယဉ်းလှသည့် သူရဲကောင်းအာဇာနည်တစ်ဦး ဆုံးရှုံးရခြင်းသည် အနန္တဆုံးရှုံးမှုကြီးဖြစ်သည်။ အစားပြန်မရနိုင်သော ဆုံးရှုံးမှုကြီးဖြစ်သည်။

မြန်မာ့အတိတ်သမိုင်းကို ပြန်ပြောင်းကြည့်လျှင် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် အေးချမ်းစွာနေလာခဲ့ကြသော မြန်မာတိုင်းရင်းသားပြည်သူတို့ကို နယ်ချဲ့တို့က ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲ သိမ်းပိုက်ခဲ့လေသည်။ ထီးသုဉ်းနန်းသုဉ်း လွတ်လပ်ရေးဆုံးရှုံးခဲ့ရသော မြန်မာတိုင်းရင်းသား မိဘ၊ ဘိုး၊ ဘွားတို့သည် ရရာလက်နက်စွဲကိုင်ကာ တောင်ပေါ်မြေပြန့်နေရာအနှံ့တွင် တစ်ဗိုလ်တက် တစ်ဗိုလ်ဆင်းဖြင့် ၁၈၈၅ မှ ၁၉၀၀ ပြည့်နှစ်အလွန်အထိ အသက်သွေးချွေးများစွာစတေး၍ ခုခံတော်လှန်တိုက်ပွဲဝင်ခဲ့ကြသည်။ ၁၉၀၆ ခုနှစ်တွင် ဝိုင်အမ်ဘီအေ၊ ၁၉၁၉ ခုနှစ်တွင် ဂျီစီဘီအေအဖွဲ့များကို ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်းခဲ့ပြီး အမျိုးသားလွတ်မြောက်ရေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ်ကျောင်းသားသပိတ်၊ ဆရာစံအရေးတော်ပုံ၊ ၁၃၀၀ ပြည့်အရေးတော်ပုံများက သမိုင်းမှတ်တိုင်များအဖြစ် ထင်ရှားစွာပေါ်ထွန်းခဲ့သည်။ အဆိုပါ အရေးတော်ပုံများမှ မြန်မာ့လွတ်လပ်ရေးကို နိုင်ငံရေးနည်းသာမက စစ်ရေးနည်းဖြင့်ပါ တိုက်ယူရမည်ကို သိရှိခံယူသွားသော သခင်အောင်ဆန်းသည် ၁၉၄၀ ပြည့်နှစ်တွင် ပြည်ပအကူအညီရှာထွက်ခဲ့သည်။ ဂျပန်တွင် စစ်ပညာသင်ယူပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းလိုက်သည်။ နယ်ချဲ့တို့ကို မြန်မာ့မြေမှ မောင်းထုတ်လိုက်ကြသည်။ သို့သော် ဗမာ့တပ်မတော်ကို ကူညီခဲ့သော ဂျပန်တို့က မြန်မာကို ရွှေရည်စိမ် လွတ်လပ်ရေးပေးပြီး သိမ်းယူထားပြန်သည်။ ဖက်ဆစ်ဝါဒ၏ ခါးသီးသော ညှဉ်းပန်းနှိပ်စက်မှုကို ခံကြရပြန်သည်။ ထို့ကြောင့် ဖက်ဆစ်တိုက်ဖျက်ရေးနှင့်ပြည်သူ့လွတ်လပ်ရေး (ဖတပလ)ကို လျှို့ဝှက်ဖွဲ့စည်းပြီး ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်ကိုမောင်းထုတ်လိုက်ကြသည်။

သို့သော် အရင်းရှင်နယ်ချဲ့ဗြိတိသျှတို့က ပြန်ဝင်လာပြီးအုပ်ချုပ်သည်။ ဗိုလ်ချုပ်က လုံးဝလွတ်လပ်ရေးအတွက် ကြိုးပမ်းသည်။ ဤသို့ဖြင့် အောင်ဆန်း-အက်တလီစာချုပ်ကို လန်ဒန်တွင်အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့သည်။ ဆက်လက်၍ ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ မြန်မာတစ်မျိုးသားလုံးက လွတ်လပ်ရေးကို လိုလားကြောင်းနှင့် တိုင်းရင်းသားလူမျိုးအားလုံး သွေးစည်းညီညွတ်ကြကြောင်းကို ပြသရန် ဗိုလ်ချုပ်နှင့်တိုင်းရင်းသားခေါင်းဆောင်များက ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အနှောင့်အယှက် ဘေးပယောဂများကြားမှ အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ကြပေသည်။ ဗိုလ်ချုပ်တို့သည် လုပ်ငန်းစဉ်တစ်ခုပြီးတစ်ခု အောင်မြင်စွာဆောင်ရွက်နိုင်ပြီး လွတ်လပ်ရေးအတွက် နေ့မအား ညမနားပြင်ဆင်နေဆဲကာလ၊ လွတ်လပ်ရေး ရအံ့မူးမူး၊ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို နယ်ချဲ့လက်ပါးစေများက ရက်စက်စွာလုပ်ကြံသတ်ဖြတ်လိုက်ကြလေသည်။ ဤသည်ကိုပင် ဆရာဇော်ဂျီက " လွတ်ခွင့်ရနီး၊ လွတ်စည်တီးမှ၊ ဖျက်ဆီးကြံရွယ်၊ အန္တရာယ်သည်၊ မဖွယ်မရာ တို့ပြည်ရွာ၌၊ ပေါ်လာမကောင်း၊ ပေါ်ခဲ့ကြောင်း"ဟု ရေတိမ်နစ်ခဲ့ရသော ဗိုလ်ချုပ်တို့နှင့် လှေလှော်ရင်း တက်ကျိုးခဲ့ရသော တိုင်းပြည်၏ကံကြမ္မာကို မီးမောင်းထိုးရေးဖွဲ့ပြလိုက်ပါသည်။

**ဗိုလ်ချုပ်အပေါ်ရှုမြင်ကြပုံ**

"ကျွန်ုပ်တို့သည် အောင်ဆန်းကိုလေးစားမိသည်။ ကျွန်ုပ်ထင်သကဲ့သို့ သူသည်ကိုယ်ကျိုးရှာတာဝန်မဲ့ ပြောက်ကျားခေါင်းဆောင်မဟုတ်ပေ။ သူသည်မျိုးချစ်ပုဂ္ဂိုလ်အစစ်ဖြစ်၍ စိတ်ကူးယဉ်သမားမဟုတ်၊ လက်တွေ့သမား ဖြစ်သည်။ သူသည်အလွန်ရိုးသားသည်၊ သူသည် ပေးခဲ့ပြီးသော ကတိအတိုင်းလည်း တည်သည်။ ကျွန်ုပ်သည် အောင်ဆန်းနှင့် အလုပ်လုပ်၍ ဖြစ်သည်။"ဟု ဗိုလ်ချုပ်ကြီးဆလင်း (ဖီးလ်မာရှယ်ဆလင်း)က သူ၏ "အရှုံးမှအနိုင်သို့" (Defeat into Victory) စာအုပ်တွင် ချီးကျူးဖော်ပြထားသည်။

ဂျပန်စစ်သေနာပတိချုပ် အီဒါက "အောင်ဆန်းသည် ငွေလည်းမမက်၊ အာဏာလည်းမမက်၊ တစ်ကိုယ်ကောင်းလည်းမကြံ၊ ဒါကြောင့် ကျုပ်တို့ဂျပန်တွေ လေးစားသည်"ဟု လည်းကောင်း၊ "သတ္တိဗျတ္တိနှင့် ပြည့်စုံသော စစ်ခေါင်းဆောင်ဖြစ်သည်။ မျိုးချစ်စိတ်ကလည်း ပြင်းထန်သည်။ ထိုကြောင့် ငါတို့ဂျပန်များက သူ့ကို ရိုသေလေးစားသည်"ဟု ချီးကျူးကြသည်။ ဝန်ခံကြသည်။

ဤနေရာတွင် "ထူးတဲ့စပ်စု" စာအုပ်မှ တရုတ်လူမျိုး ဦးစပ်စု (စော်ဘွားစပ်စုဟုလည်း ခေါ်သည်။ ဗိုလ်ချုပ်၏ တောင်းဆိုမှုကြောင့် ဂျပန်တော်လှန်ရေးအမီ ရဲဘော်များအတွက် ဖိနပ်များအမြန်ချုပ်ပေးသောကြောင့် ဖိနပ်စပ်စုဟုလည်း ခေါ်သည်)၏ ဗိုလ်ချုပ်အပေါ် အမြင်သဘောထားတစ်ချက်ကို တင်ပြလိုက်ပါသည်။ "ကျွန်တော်ဟာ တရုတ်အမျိုးသားဖြန်ဟပ်တွေအသင်းကြီးမှ ဗမာ့တပ်မတော်ထောက်ပံ့ရေးကော်မတီအဖြစ် လာပါတယ်" ဗိုလ်အောင်ဆန်းကပြောပါတယ်။ "ဦးစပ်စုကို ဗမာ့တပ်မတော်ထောက်ပံ့ရေးကော်မတီလူကြီးအဖြစ် ခန့်တာ အင်မတန်မှဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်" ဗိုလ်အောင်ဆန်းက ထပ်ပြီးဆက်ပြောပြန်တယ်။ "ဗမာ့တပ်မတော်က အစည်းအဝေးဖိတ်စာလာရင် ဘယ်လိုပဲ လေယာဉ်ပျံလာ၍ ဗုံးလာချချ၊ မပျက်မကွက် တက်ရောက်ရမယ်၊ ကြောက်သည့်စိတ်လည်း နည်းနည်းလေးမှမထားရဘူး" လို့ ကျွန်ုပ်ကိုပြောတယ်၊ ကျွန်ုပ်လည်းပြန်ပြောလိုက်တယ်။ "ယောကျာ်းပီပီသသ တာဝန်ယူပြီးသည့်နောက်မှာ ဘယ်လိုပဲ ခဲရာခဲဆစ်ဖြစ်ဖြစ် ရဲရဲဝံ့ဝံ့ဖြင့်ရင်ဆိုင်ပြီး (ဥပမာ- မျက်စိရှေ့မှာ တောင်ကြီးပြိုကျပြီး နောက်ကလည်း ကျားကြီးလိုက်လာပါစေ၊ မကြောက်မရွံ့နှင့် မျက်နှာထားတစ်စိမှ မပျက်ပါဘူး)"လို့ ပြောဆိုလိုက်တော့ ဗိုလ်အောင်ဆန်းက ထပ်ပြီး ပြောပြန်တယ်။ "ယောကျာ်းပီပီ တိုင်းပြည်တစ်ခုလုံး ခေါင်းဆောင်လုပ်မယ်ဆိုရင် တိုင်းပြည်မှာ အဆိုးဆုံးတစ်ခုတွေ့လာရင် ကိုယ်ကရှေ့ကနေသွားရမယ်၊ အကောင်းဆုံးတစ်ခုတွေ့လာရင် ကိုယ်ကနောက်ကနေရမယ်" ဗိုလ်အောင်ဆန်းပြောထားသည့် စကားမှန်နေပြီ။ အဆိုးဆုံးကိုတွေ့ရင်တော့ ရှေ့ကသွားသည်၊ ဗိုလ်အောင်ဆန်းဟာ သေရှာပြီ။ အကောင်းဆုံးကို တွေ့တော့လည်း ဗိုလ်အောင်ဆန်းဟာ နောက်ချန်နေရစ်ခဲ့ချေပြီ။

**ဗိုလ်ချုပ်နှင့် ဗိုလ်ချုပ်ကတော်၏ အမှာစကား**

တို့ဗမာအစည်းအရုံး၏ စတုတ္ထအကြိမ်မြောက်ညီလာခံကို မော်လမြိုင်မြို့တွင် ၁၉၃၉ ခုနှစ် ဧပြီလ ၇ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကျင်းပရာ တို့ဗမာအစည်းအရုံးဌာနချုပ် အလုပ်အမှုဆောင် အစီရင်ခံစာကို အထွေထွေအတွင်းရေးမှူးဖြစ်သူ သခင်အောင်ဆန်းက တင်သွင်းပြီး စာတမ်း၏နိဂုံး၌ "ဗမာပြည်တွင် ကောင်းသောအစိုးရသာတည်မြဲပါစေ၊ မကောင်းသောအစိုးရကို ဖျက်သိမ်းနိုင်ပါစေ"ဟု မှာထားလေ၏။ ဗိုလ်ချုပ်၏ ပကတိစိတ်ရင်းစေတနာကို ထင်ဟပ်ပေါ်လွင်စေပါသည်။

ဗိုလ်ချုပ်တို့ လုပ်ကြံခံရသော ထိုနေ့မှာပင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်က "သေဆုံးတဲ့သူမှာ သေဆုံးပြီဖြစ်၍ ကျွန်မအထူးချဲ့ထွင်ပြီး မပြောလိုတော့ပါ။ သူ့ကို တကယ်လေးစားချစ်ခင်ကြပါလျှင် သူလိုလားတဲ့ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်အောင်၊ သူချခဲ့တဲ့လမ်းစဉ်အတိုင်း ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်ကြဖို့ လိုပါတယ်"ဟု ပြောခဲ့သည်။ သြော် မြင့်မြတ်တည်ကြည်သော စိတ်သဘောထားပိုင်ရှင်များပါတကား။

ကျွန်ုပ်တို့သည် ဗိုလ်ချုပ်စိတ်ဓာတ်ကို လေးစားအတုယူပြီး ဗိုလ်ချုပ်တို့ အာဇာနည်ခေါင်းဆောင်ကြီးများ မြင်တွေ့လိုသော ထာဝရငြိမ်းချမ်းသည့် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသတည်း။ ။

❑

**ဂျပန်စစ်သေနာပတိချုပ်အီဒါက "အောင်ဆန်းသည် ငွေလည်းမမက်၊ အာဏာလည်းမမက်၊ တစ်ကိုယ်ကောင်းလည်းမကြံ၊ ဒါကြောင့် ကျုပ်တို့ဂျပန်တွေ လေးစားသည်"ဟု လည်းကောင်း၊ "သတ္တိဗျတ္တိနှင့် ပြည့်စုံသော စစ်ခေါင်းဆောင်ဖြစ်သည်။ မျိုးချစ်စိတ်ကလည်း ပြင်းထန်သည်။ ထိုကြောင့် ငါတို့ဂျပန်များက သူ့ကို ရိုသေလေးစားသည်"ဟု ချီးကျူးကြ**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ



ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ



တရားလွှတ်တော်ချုပ်တရားသူကြီး ဦးအောင်ဇော်သိန်း



ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့်



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း

**နေပြည်တော် ဇူလိုင် ၁၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့တွင် ပါဝင်မည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ အဖွဲ့ခေါင်းဆောင်၏ အမည်စာရင်း၊ လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

## သက်သေများကို အကာအကွယ်ပေးနိုင်သည့် ဥပဒေတစ်ရပ်ကို သီးခြားရေးဆွဲပြဋ္ဌာန်းရန် အစီအစဉ်မရှိ

ထို့နောက် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၏ **"မျက်မြင်သက်သေများကို အကာအကွယ်ပေးနိုင်သည့် ဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း"**နှင့်စပ်လျဉ်း၍ တရားလွှတ်တော်ချုပ်တရားသူကြီး ဦးအောင်ဇော်သိန်းက ပြဋ္ဌာန်းပြီး တည်ဆဲဥပဒေများကိုလေ့လာပါက ရာဇသတ်ကြီး အခန်း(၂၂)တွင် ရာဇဝတ်မကင်းသော ခြောက်လှန့်မှု၊ စော်ကားမှုနှင့် စိတ်ပြိုင်ပြင်စေမှုများနှင့်စပ်လျဉ်းပြီး အကာအကွယ်ပေးထားသည့် ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ သက်သေခံဥပဒေတွင် ရာဇသတ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်း၍ သတင်းပေးသူကို အကာအကွယ်ပေးရန် ပုဒ်မ ၁၂၅ တွင်လည်းကောင်း၊ သက်သေများက တရားရုံးသို့ လာရောက်သက်သေထွက်ဆိုချက်အပေါ် မေးခွန်းများနှင့်စပ်လျဉ်းပြီး အကာအကွယ်ပေးရန် ပုဒ်မ ၁၄၈၊ ၁၅၁၊ ၁၅၂ တို့တွင်လည်းကောင်း၊ ဖော်ကောင်သက်သေများအား အကာအကွယ်ပေးရန်အတွက် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၃၇၊ ၃၃၈၊ လောင်းကစားဥပဒေ ပုဒ်မ ၂၄ တို့တွင် လည်းကောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ အခန်း(၅ )တွင် လူကုန်ကူးခြင်းခံရသူများအား အကာအကွယ်ပေးရန် ပုဒ်မ ၁၁ နှင့် ၁၇ တို့တွင်လည်းကောင်း၊ သက်သေများအား အကာအကွယ်ပေးရန်အတွက် ပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေပုဒ်မ ၃၁၊ ၃၅၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေးဥပဒေ ပုဒ်မ ၁၆ တို့တွင်လည်းကောင်း၊ တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးများ၊ ပစ္စည်းများထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၈(ည)တွင် သတင်းပေးသူအား အကာအကွယ်ပေးရန်လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၂၅ နှင့် ၃၅ တို့တွင် သတင်းပေးများနှင့်ပတ်သက်၍ လည်းကောင်း၊ ကလေးသူငယ်ဥပဒေ(မူကြမ်း) ပုဒ်မ ၉၄ နှင့် ၉၅ တို့တွင် ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်များနှင့် ကလေးသူငယ်သက်သေများအား အကူအညီနှင့် အကာအကွယ်ပေးခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၇ (ည)တွင် သတင်းပေးသူများ၊ သက်သေများ၊ နစ်နာသူ သို့မဟုတ် တိုင်ကြားသူများအား အကာအကွယ်ပေးခြင်းကိုလည်းကောင်း ပြဋ္ဌာန်းချက်များ အသီးသီးထည့်သွင်းပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း။

သို့ပါ၍ သက်ဆိုင်ရာ တည်ဆဲပြဋ္ဌာန်းဥပဒေအသီးသီးတွင် သက်သေများကို အကာအကွယ်ပေးရန် ထည့်သွင်းပြဋ္ဌာန်းပြီးဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် သက်သေများကို အကာအကွယ်ပေးနိုင်သည့် ဥပဒေတစ်ရပ်ကို သီးခြားရေးဆွဲပြဋ္ဌာန်းရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့်၏ **"ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ် (၁)ရှိ စက်မှုနည်းပညာ လေ့ကျင့်ရေးသင်တန်းကျောင်း (SITE) အား အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းအဖြစ် အဆင့်တိုးမြှင့်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း"**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ စက်မှုနည်းပညာ လေ့ကျင့်ရေးသင်တန်းကျောင်း(SITE) အား အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရေးအတွက် လိုအပ် သည့် အခြေခံအဆောက်အဦများ ဆောက်လုပ်ခြင်းနှင့် သင်ထောက်ကူပစ္စည်း များ ဖြည့်ဆည်းခြင်း၊ လိုအပ်သော ဆရာ ဆရာမ ဝန်ထမ်းများ လေ့ကျင့်ဖြည့်ဆည်းခြင်းတို့ကို လက်ရှိဦးစားပေးဆောင်ရွက်နေပါကြောင်း၊ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းအဖြစ် ဖွင့်လှစ်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး၏ **"ထားဝယ်တက္ကသိုလ်တွင် အင်္ဂလိပ်ဝေဒဘာသာရပ်တစ်ခု တိုးမြှင့်သင်ကြားနိုင်ရေး အစီအစဉ် ရှိ၊ မရှိ မေးခွန်း"**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် စိစစ်တွေ့ရှိချက်အရ မြိတ်တက္ကသိုလ်တွင် အင်္ဂလိပ်သိပ္ပံဘာသာရပ်ကို လေ့လာသင်ယူသူများအဖြစ် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအနက်မှ ထားဝယ်မြို့နယ်မှ (၃)ဦးနှင့် လောင်းလုံမြို့နယ်မှ (၁)ဦး စုစုပေါင်း(၄)ဦးသာ ပညာသင်ယူလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် သင်ယူမည့်ကျောင်းသားဦးရေ အင်မတန်နည်းပါးနေသေးသည့်အတွက် ထားဝယ်တက္ကသိုလ်တွင် အင်္ဂလိပ်သိပ္ပံဘာသာရပ်ကို ဖွင့်လှစ်သင်ကြားရန် လောလောဆယ်တွင် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းပြောကြားသည်။

## တိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်ကို ပြန်လည်ပြင်ဆင် ဖွဲ့စည်းသွားမည်

မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း၏ **"သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တိုင်းရင်းဆေးအမည်ခံ သင်တန်းကျောင်းများ၊ တက္ကသိုလ်များအဖြစ် ဖွင့်လှစ်သင်ကြားပေးနေခြင်းများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားသည်ကို သိလိုခြင်းမေးခွန်း"**နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီအဆင့်ဆင့်ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းသွားမည်ဖြစ်ပြီး ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁၄ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် တိုင်းရင်းဆေးကောင်စီကို ခေတ်နှင့်လျော်ညီစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယကအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက်လည်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီသို့ တင်ပြထားပါကြောင်း။

နာယကအဖွဲ့မှ ဆက်လက်၍ တိုင်းရင်းဆေးကောင်စီဝင်အဖွဲ့ဝင်များကို ဖွဲ့စည်းပြီး ၎င်းကောင်စီမှ ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တိုင်းရင်းဆေးအမည်ခံ သင်တန်းကျောင်းများ၊ တက္ကသိုလ်များအဖြစ် ဖွင့်လှစ်သင်ကြားပေးခြင်းများကို အောက်ဖော်ပြပါ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေ အခန်း ၁၇ တားမြစ်ခြင်း၊ အရေးယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပုဒ်မ ၅၆ တွင် မည်သူမျှ ကောင်စီကသတ်မှတ်ထားသော ဆေးကုသခွင့်လိုင်စင် မရှိဘဲ တိုင်းရင်းဆေးဆရာအမည်ခံ၍ ဆေးကုသခြင်းမပြုရ၊ ပုဒ်မ ၆၁ မည်သူမဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ အနည်းဆုံး ငွေကျပ် ၁ သိန်းမှ အများဆုံး ၃ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဒလမဲဆန္ဒနယ်မှ ဒေါက်တာ စိန်မြအေး၏ **"လွန်ခဲ့သော နှစ် ၅၀ ကဲ့သို့ မြန်မာ့ရေကူးလောက တစ်ခေတ်ဆန်းစေရန်နှင့် နိုင်ငံတကာခေတ်မီ ရေကူးကစားသမားများ ပေါ် ထွက်လာစေရန် မည်ကဲ့သို့ ပြုစုပျိုးထောင်လေ့ကျင့်နေပါသနည်းနှင့် အခြေခံပညာနှင့် တက္ကသိုလ်မှကျောင်းသားများအား ပြုစုပျိုးထောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း"** နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရေကူးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် မိမိတို့နိုင်ငံ၏ အဓိကလိုအပ်ချက်မှာ ရေကူးကန်များ ယခုထက်ပိုမိုရှိရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကူးကန်များ ပိုမိုတည်ဆောက်ပေးရန် လိုအပ်ပါကြောင်း၊ နွေရာသီ ရေကူးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေပါကြောင်း၊ ဆက်လက်ပြီး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင် နိုင်ငံတကာအဆင့်မီ ရေကူးကန် သုံးကန်သာရှိပါကြောင်း၊ ရေကူးလေ့ကျင့်ရေးပြုလုပ်နိုင်သည့်ကန် ရှစ်ကန်သာရှိပါကြောင်း၊ ဘဏ္ဍာငွေရရှိမည်ဆိုပါက နှစ်အလိုက် ရေကူးကန်များ တည်ဆောက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ အားကစားနှင့်ပတ်သက်ပြီး ရက်အလိုက်၊ လအလိုက်ပြုလုပ်မည့် အားကစားပြက္ခဒိန်ကို ရေးဆွဲထားပါကြောင်း၊ ရေကူးအားကစားနှင့်ပတ်သက်လျှင် ဇန်နဝါရီလတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) ရေကူးပြိုင်ပွဲရှိပါကြောင်း၊ မေလတွင် သက်တမ်းအလိုက် ရေကူးပြိုင်ပွဲ၊ ဇွန်လတွင် အိုလံပစ်အထိမ်းအမှတ်ရေကူးပြိုင်ပွဲ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ရေကူးပြိုင်ပွဲ၊ အောက်တိုဘာလတွင် အားကစားသိပ္ပံနှင့် ကျောင်းပေါင်းစုံ ရေကူးပြိုင်ပွဲနှင့် အခြေခံကျောင်းပေါင်းစုံ ရေကူးပြိုင်ပွဲ၊ ဒီဇင်ဘာလတွင် အလွတ်တမ်းတံခွန်စိုက်ရေကူးပြိုင်ပွဲများ ကျင်းပပေးလျက်ရှိပါကြောင်း။

## ဘဏ္ဍာငွေရရှိပါက ရေကူးကန်များ တိုးချဲ့ဆောက်လုပ်သွားမည်

နှစ်စဉ်နွေရာသီတွင် ရေကူးသင်တန်းများကို ဖွင့်ပေးလျက်ရှိကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ၁၄၀၇ ဦး၊ ၂၀၁၈ ခုနှစ်တွင် ၉၅၀၊ ၂၀၁၉ ခုနှစ်တွင် ၁၄၄၈ ဦးကို သင်တန်းများပေးခဲ့ပါကြောင်း၊ ထို့ပြင် ပညာရေးဝန်ကြီးဌာနကလည်း နွေရာသီရေကူးသင်တန်းများဖွင့်လှစ်ပြီး အခြေခံပညာနှင့် တက္ကသိုလ်များတွင် လေ့ကျင့်သင်ကြားပေးမှုများရှိပါကြောင်း၊ ဘဏ္ဍာငွေရရှိပါက ရေကူးကန်များ တိုးချဲ့ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း၊ ရှိပြီး ရေကူးကန်များကိုလည်း ပိုမိုအသုံးပြုနိုင်ရန် လေ့ကျင့်ချိန် အချိန်ဇယားများကို ပိုမိုတိုးချဲ့သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတကာနည်းပြများကိုလည်း ငှားရမ်းပြီး သင်တန်းများပေးလျက်ရှိပါကြောင်း၊ ဂျပန်၊ တရုတ်၊ ကိုရီးယားနှင့် ချိတ်ဆက်၍ ရေကူးအားကစားနည်း ဖွံ့ဖြိုးတိုးတက်စေရေး ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဇဲလ်၏ **"ဖလမ်းမြို့ ခုတင် (၂၀၀)ဆေးရုံတွင် ကျောက်ကပ်သန့်စင်စက် တပ်ဆင်ရန်နှင့် ၎င်းနှင့်ပတ်သက်သော အထူးကုဆရာဝန် (ဆေးပညာ)ခန့်ထားရန်၊ အထွေထွေရောဂါကုဆရာဝန်သမားတော်နှင့် လက်ထောက်ဆရာဝန် ခန့်ထားရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း"**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကိုယ်စားလှယ်ကြီး တောင်းဆိုထားသည့် လက်ထောက်ဆရာဝန် ၁၀ ဦးကို မတ် ၁ ရက် အမိန့်စာဖြင့် ခန့်အပ်ပြီးဖြစ်ပါကြောင်း၊ စတင်တာဝန်ထမ်းဆောင်နေပြီဟုလည်း သိရှိရပါကြောင်း၊ ကျောက်ကပ်သန့်စင်စက်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက ချထားပေးပြီးဖြစ်ပါကြောင်း၊ သို့သော်လည်း လျှပ်စစ်မီး မရရှိသေးခြင်းနှင့် အဆောက်အဦ မပြီးစီးသေးခြင်းတို့ကြောင့် တပ်ဆင်အသုံးပြုခြင်းမရှိသေးပါကြောင်း၊ ယခုအခါ လျှပ်စစ်မီးလည်းရရှိပြီး အဆောက်အဦလည်း ဆောက်လုပ်ပြီးစီးပြီဖြစ်သည့်အပြင် လိုအပ်သည့် ဆက်စပ်ပစ္စည်းများကိုလည်း ဝယ်ယူပြီးဖြစ်သည့်အတွက် စက်တင်ဘာလတွင် ဖလမ်းဆေးရုံကြီး၌ ကျောက်ကပ်သန့်စင်စက်ကို စတင်အသုံးပြုနိုင်တော့မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့အတူ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာဦးမင်းသိန်း၏ **"နိုင်ငံသူ၊ နိုင်ငံသားအားလုံး ခွေးရူးရောဂါအန္တရာယ်ကင်းဝေးစေရန်နှင့် အာဆီယံဒေသတွင်းနိုင်ငံများ သဘောတူညီချက် အောင်မြင်စေရန် ပြည်သူများအား အသိပညာပေးခြင်းနှင့် လမ်းဘေးခွေးအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ ခွေးအားလုံးအား ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိနှင့် မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်းမေးခွန်း"**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

စာမျက်နှာ ၈ သို့ »»

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ



နေပြည်တော် ကောင်စီဝင် ဦးညီထွန်း



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ နော်လှလှစိုး



မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်

**နေပြည်တော် ဇူလိုင် ၁၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ဂျိုးဖြူရေပိုက်လိုင်းအနီး စည်းကမ်းမဲ့ ကျူးကျော်သူများကိစ္စ၊ မော်လမြိုင်မြို့တွင် Road Traffic Control System အကောင်အထည်ဖော်ရေးနှင့် ခါမ်းပါတ်မြို့တွင်း ရပ်ကွက်များသို့ ဆက်သွယ်သောလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေး ဆိုင်ရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် အခြေခံပညာရေး ဥပဒေကြမ်း ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ဆက်လက် ဝင်ရောက်မှုမရှိစေရေးအတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၏ **ရန်ကုန်မြို့ ဂျိုးဖြူရေပိုက်လိုင်းအနီးတွင် စည်းကမ်းမဲ့ ကျူးကျော်သူများမှ ဆောင်ရွက်နေသည်များကို အရေးယူပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ဂျိုးဖြူရေပိုက်လိုင်းအား ၁၉၃၇ ခုနှစ်နှင့် လှော်ကားရေပိုက်လိုင်းအား ၁၉၀၄ ခုနှစ်တို့တွင် စတင်သွယ်တန်း၍ ရန်ကုန်မြို့တော်သို့ ရေပေးဝေခဲ့ပါကြောင်း၊ ရေပိုက်လိုင်းများ၏ သက်တမ်းကြာရှည်လာသည်နှင့်အမျှ ပိုက်လိုင်းနယ်နိမိတ်အတွင်း ခေတ်အဆက်ဆက် ကျူးကျော်နေထိုင်လာသူများ များပြားလာပါကြောင်းနှင့် ဆက်လက် ဝင်ရောက်မှုမရှိစေရေးအတွက် စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျူးကျော်နေထိုင်သူများကို ဖယ်ရှားရှင်းလင်းရာတွင် ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနတစ်ခုတည်းအနေဖြင့် ဆောင်ရွက်ရန် အခက်အခဲရှိပါကြောင်း၊ အာဏာပိုင်အဖွဲ့အစည်းများ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအပါအဝင် ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ပူးပေါင်းအဖွဲ့ အစည်းများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပူးပေါင်းအဖွဲ့အစည်းများ၊ သက်ဆိုင်ရာနယ်မြေခံ လွှတ်တော်ကိုယ်စားလှယ်များ၏ အကူအညီများကိုရယူ၍ ဥပဒေနှင့်အညီ ဖယ်ရှားရှင်းလင်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## မော်လမြိုင်မြို့တွင် Road Traffic Control System အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ၊ မရှိ

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၏ **မွန်ပြည်နယ် မော်လမြိုင်မြို့တွင် Road Traffic Control System အကောင်အထည်ဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက မွန်ပြည်နယ်အတွင်းရှိ လမ်းများတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် လိုအပ်သောသတိပေးဆိုင်းဘုတ်များ၊ အသိပေးလမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ (Road Barrier၊ Guard Post၊ Guard Rail)များ ထားရှိခြင်း၊ အကွာအဝေးပြ ကီလိုမီတာများ စိုက်ထူခြင်း၊ လမ်းအကွေ့အကောက်များတွင် slow down၊ rumble strip များ ထားရှိခြင်းတို့ ဆောင်ရွက်ထားပါကြောင်း။

မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မော်လမြိုင်မြို့အတွင်း ယာဉ်သွားလာမှုအပေါ် မူတည်၍ မီးပွိုင့်တပ်ဆင်ရန် လိုအပ်သည့်နေရာများတွင် မီးပွိုင့်(၁၆)ခု တပ်ဆင်ခြင်း၊ လမ်းလယ်အပိုင်း(၃)ခု၊ လူကူးမျဉ်းကျားများနှင့် အရှိန်ထိန်းအချက်ပြမီးဝါများလည်း တပ်ဆင်ထားရှိပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် ပြည်နယ် ယာဉ်/လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် မီးပွိုင့်များ၊ Slow down များ၊ လူကူးမျဉ်းကျားများနှင့် အရှိန်ထိန်းအချက်ပြမီးဝါများကို တပ်ဆင်ထားရှိပြီးဖြစ်ပါ၍ လတ်တလောတွင် Road Traffic Control System အကောင်အထည်ဖော်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

## ရန်ပုံငွေ လုံလောက်မှုမရှိပါသဖြင့် လျာထားနိုင်ခြင်း မရှိသေး

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခါမ်းပါတ်မြို့တွင်းရှိ အမှတ်(၄)ရပ်ကွက်မှ အမှတ်(၃)နှင့် အမှတ်(၂)ရပ်ကွက်များသို့ ဆက်သွယ်သောလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခါမ်းပါတ်မြို့အတွင်းရှိ အမှတ်(၄) ရပ်ကွက်မှ အမှတ်(၃)နှင့် အမှတ်(၂)ရပ်ကွက်များသို့ တိုက်ရိုက်ဆက်သွယ်ထားသော လမ်းမကြီး၏ အရှည်ပေမှာ ၁၁၂၂၀ ဖြစ်ပြီး မြေသားလမ်းမှ ကွန်ကရစ်လမ်းအဆင့်တိုးမြှင့်ရန် ခန့်မှန်းကုန်ကျငွေ ၂၄၁ ဒသမ ၂၃ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း။

ခါမ်းပါတ်မြို့ စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ၈၁ ဒသမ ၀ သန်းဖြစ်ပြီး ခါမ်းပါတ်မြို့စည်ပင်သာယာရေးအဖွဲ့၏ ဘတ်ဂျက်အခြေအနေအရ ရန်ပုံငွေလုံလောက်မှုမရှိပါသဖြင့် လျာထားနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ထို့နောက် **အခြေခံပညာရေးဥပဒေကြမ်း**နှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် ၅ ဦးတို့က အကြံပြုဆွေးနွေးကြသည်။

ထိုသို့ ဆွေးနွေးရာတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်က မူကြိုပညာရေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်နိုင်သည်ကို တွေ့ရပါကြောင်း၊ ကျောင်းပေါင်းများစွာကို ကိုင်တွယ်နေရသည့် ပညာရေးဝန်ကြီးဌာနက ကိုင်တွယ်မည်ဆိုပါက မနိုင်မနင်းဖြစ်နိုင်ပြီး နဂိုမူကြိုအနေအထား အခြေအနေ ပျက်ယွင်းသွားနိုင်ပါကြောင်း၊ ထို့ကြောင့် မူကြိုပညာရေးကို ပညာရေးဝန်ကြီးဌာနက ကိုင်တွယ်မည်ဆိုသည့် ပြဋ္ဌာန်းချက်ကို ပယ်ဖျက်သင့်ကြောင်း၊ စာမေးပွဲရှိရန် လိုအပ်ပါကြောင်းနှင့် အခြေခံပညာရေး ဥပဒေကြမ်းတစ်ခုလုံးတွင် ဖြုတ်ပယ်ထားသည့် စာမေးပွဲဆိုသည့် စကားရပ်ကို ပြန်လည်ထည့်သွင်းရန် လိုကြောင်း ဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမန်းထွန်းကြိုင်က ကျောင်းပြင်ပရောက် ကလေးများအတွက် အရေးကြီးသော ကျောင်းပြင်ပ ပညာရေး တန်းညှိအစီအစဉ်နှင့် လူတိုင်းအကျုံးဝင်သော ပညာရေးကို အခြေခံပညာရေးဥပဒေကြမ်းတွင် ပယ်ဖျက်ခြင်းမပြုဘဲ မူလအတိုင်းဆက်လက် ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်နှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ်တို့ကလည်း **အခြေခံပညာရေးဥပဒေကြမ်း**နှင့်စပ်လျဉ်းပြီး ပြင်ဆင်၊ ဖြည့်စွက်သင့်သည့် အပိုဒ်၊ အပိုဒ်ခွဲများနှင့် မူလအတိုင်း ထားရှိသင့်သည့် အပိုဒ်၊ အပိုဒ်ခွဲများကို အကြံပြုဆွေးနွေးကြသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးရှိပြီး ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးတတိယနေ့တွင် ဆက်လက်ဆွေးနွေးကြမည်ဖြစ်သည်။

ယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်(သတင်းစဉ်)**

»»» စာမျက်နှာ ၇ မှ

အဆိုပါမေးခွန်းနှင့် ဝန်ကြီးဌာန၏ ဖြေကြားချက်သည် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည့်အတွက် လွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ နိုင်ငံတော်ပြန်တမ်းနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက "ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆေးရွက်ကြီးပါသည့် ကွမ်းယာသုံးစွဲမှု ထိန်းချုပ်လျှော့ချနိုင်ရန် ထိရောက်သည့် မူဝါဒချမှတ်အကောင်အထည်ဖော်ရေး အစိုးရအားတိုက်တွန်းကြောင်း" အဆိုကို တင်သွင်းရာ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်က ထောက်ခံဆွေးနွေးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လက်ခံဆွေးနွေးရန် သဘောတူသဖြင့် အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင် ဒေါ်ဝင့်ဝါထွန်းက "အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်း"ကို တင်သွင်းပြီး ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးပါရံထန်းက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာကို ဖတ်ကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း- မော်စီ၊ မွေးကြူဇင်**
**ဓာတ်ပုံ-ထိုက်ကြီး**

# ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇူလိုင် ၁၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးစိန်ဟန်၊ ကံမမဲဆန္ဒနယ်၏ မိတ်ဆွေ တစ်ဦး၊ ဦးစိုင်းသန့်ဇင်၊ သီပေါမဲဆန္ဒနယ်၏ မိတ်ဆွေ တစ်ဦး၊ ဦးအောင်ခင်ဝင်း၊ မြိုင်မဲဆန္ဒနယ်၏ မိတ်ဆွေ သုံးဦး၊ ဒေါက်တာဝေဖြိုးအောင်၊ သာကေတမဲဆန္ဒနယ်၏ မိတ်ဆွေ လေးဦး၊ ဦးမြင့်ကြည်၊ ကသာမဲဆန္ဒနယ်၏ မိတ်ဆွေ ခြောက်ဦး၊ မြန်မာနိုင်ငံမိုဘိုင်းလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးညိုထွေး ဦးဆောင်သည့်အဖွဲ့ ၁၈ ဦး၊ ရေတာရှည်မြို့နယ် နန်းချွန်(တောင်)ကျေးရွာရှိ မြန်မာ့သစ်လုပ်ငန်းမှ စီမံကိန်းနှင့်စာရင်းအင်းဌာနမှ လက်ထောက်မန်နေဂျာ ဦးသန့်ဇင် ဦးဆောင်သည့် သင်တန်းသားများ ၂၇ ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၄၂/၂၀၁၉)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း ဦးဆောင်သည့် သင်တန်းသား သင်တန်းသူများ ၁၃၂ ဦးနှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာသီတာမြင့် ဦးဆောင်သည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ၂၁၇ ဦး စုစုပေါင်း ၄၀၉ ဦး တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော် အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့် နေ့ရက်မှ ယနေ့အထိ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ဧည့်သည်စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၅၂၁၉၉ ဦးနှင့် ပြည်ပဧည့်သည် ၂၂၁၇ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သဘာဝဘေးဒဏ်မှ ကာကွယ်ဖို့ သစ်တောများကို ထိန်းသိမ်းစို့

# မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် ဇူလိုင် ၁၈**

မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**ဆွေးနွေးတင်ပြ**

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးအတွက် ပြင်ဆင်စိစစ်နေသည်မှာ ကာလအတော်ကြာနေပြီဖြစ်ပါကြောင်း၊ တစ်ဖက်မှာလည်း အမှားအယွင်း ကင်းစင်ပြီး ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်နေသည်ဟုမြင်ပါကြောင်း၊ မြန်မာ့စွယ်စုံကျမ်း ပထမတွဲ ပြီးစီးခါနီးအခြေအနေရောက်နေပြီဖြစ်ရာ ယင်းအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီနာယကက ဦးသိန်းထွန်း၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)နှင့် ကော်မတီအတွင်းရေးမှူး ဒေါက်တာစန်းဝင်းတို့က မြန်မာ့စွယ်စုံကျမ်း ပထမတွဲ (က မှ ကုတ်) အထိ ပြီးစီးမှုအခြေအနေများ၊ ပညာရှင်များ၏ ထောက်ညွှန်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

**ပူးပေါင်းထုတ်ဝေဖြန့်ချိ**

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်လည်ဖြည့်စွက်ဆွေးနွေးသည်။

မြန်မာ့စွယ်စုံကျမ်း ပထမတွဲ (က-ကံ)ကို ၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်)က ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် ဒုတိယအကြိမ် ထုတ်ဝေခဲ့သည်။

၂၀၁၉ ခုနှစ်တွင် မြန်မာ့စွယ်စုံကျမ်း ပထမတွဲ (က-ကုတ်)ကို ထပ်မံဖြည့်စွက်တည်းဖြတ်ပြင်ဆင်ပြီး ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့ ပူးပေါင်းထုတ်ဝေဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံသံအမတ်ကြီးများ တွေ့ဆုံ



**ရန်ကုန် ဇူလိုင် ၁၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများအား ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ Novotel Hotel ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံရာသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာအောင်ထွန်းသက်နှင့် ဦးအေးလွင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် သက်ဆိုင်ရာဌာနများမှ အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲတွင် စီးပွားရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ အရည်အသွေးရှိသော ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက **အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံအတွက်သာမက အာဆီယံနိုင်ငံများအတွက်ပါ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ အကျိုးအမြတ်များစွာရရှိရန် အထောက်အကူပြုပါကြောင်း၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနည်းလမ်းများမှာ မိမိတို့အားလုံးအတွက် အရေးပါသည့်အချက်ဖြစ်ပါကြောင်း** ပြောကြားသည်။

တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်ကိုးနိုင်ငံမှ သံအမတ်ကြီးများက ရင်းနှီးမြှုပ်နှံသူများ ကြုံတွေ့ရသည့်အခက်အခဲများကို ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးများ၏ ဆွေးနွေးချက်များအား ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**သတင်းစဉ်**

## မြန်မာနှင့်ဗီယက်နမ်နှစ်နိုင်ငံ ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်ရန် ဗီယက်နမ်ကုန်စည်ပြပွဲခင်းကျင်းပြသ

**ရန်ကုန် ဇူလိုင် ၁၈**

မြန်မာနှင့်ဗီယက်နမ် နှစ်နိုင်ငံချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ပူးပေါင်းကျင်းပသော ၂၀၁၉ ဗီယက်နမ်ကုန်စည်ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့နံနက်ပိုင်းမှစတင်၍ ခင်းကျင်းပြသလျက်ရှိကြောင်း သိရသည်။

အဆိုပါပြပွဲ၌ ဗီယက်နမ်နိုင်ငံနှင့်မြန်မာနိုင်ငံရှိ ကုမ္ပဏီပေါင်း ၇၀ ကျော်မှ ပြခန်းပေါင်း ၉၀ ဖြင့် ပူးပေါင်းပါဝင်ခင်းကျင်းပြသလျက်ရှိပြီး ဗီယက်နမ်နိုင်ငံမှ အထည်အလိပ်၊ သားရေနှင့်ဖိနပ်များ၊ လယ်ယာနှင့်သစ်တောထွက်ပစ္စည်းများ၊ လက်မှုပစ္စည်းများ၊ အစားအစာများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများကဲ့သို့သော နိုင်ငံတကာမှ လူကြိုက်များသည့် အရည်အသွေးမြင့်ပစ္စည်းများကို ပြပွဲလာပြည်သူများအတွက် ခင်းကျင်းပြသရောင်းချပေးနေကြောင်း သိရသည်။

**ပွင့်သစ္စာ**

# အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်ရရှိခဲ့သော ရွှေတံဆိပ်ဆုအား အမျိုးသားပြတိုက်(ရန်ကုန်)သို့ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၈**

အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးတွင် တစ်ဦးအပါအဝင်ဖြစ်သော ဆရာကြီး ဦးရာဇတ် အထက်တန်းကျောင်းသားဘဝတွင် စာစီစာကုံးပြိုင်ပွဲမှ ဆုရရှိခဲ့သော အလေးချိန် ၈ ဒသမ ၀၈ ဂရမ်ရှိ ရွှေတံဆိပ်ဆု(၁၉၁၉-၁၉၂၀)(metal) နှင့် ၎င်းအသုံးပြုခဲ့သော ကြေးမီးခြစ်ကို အများပြည်သူကြည့်ရှုနိုင်ရေးအတွက် ဆရာကြီး ဦးရာဇတ်၏ သားဖြစ်သူ ဦးတင်မြင့်မိသားစုက အမျိုးသားပြတိုက်(ရန်ကုန်)သို့ ယမန်နေ့က လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က လက်ခံရယူကာ လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင်မိသားစုသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဧရာဝတီမြစ် စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေ

**နေပြည်တော် ဇူလိုင် ၁၈**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှာ နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းဘုရင့်တပ်မတော်မှ ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၈**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ထိုင်းဘုရင့်တပ်မတော်မှ ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူး Lieutenant General Suphot Malaniyom အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံအစိုးရ၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်မှု၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးပပျောက်ရေးတို့အတွက် နှစ်နိုင်ငံ သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်နိုင်မှု၊ နှစ်နိုင်ငံ အပြန်အလှန်လေးစားမှု၊ ရိုးသားမှု၊ ယုံကြည်မှုတို့ကို အခြေခံ၍ ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် မြန်မာ-ထိုင်း Senior Staff Talks အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၃၁ / ၂၀၁၉ )**
၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်
( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

**တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၉.၆.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၅/၂၀၁၇)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါတပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ရခိုင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၂၆၆၆ | အစား | ကြည်း ၂၃၁၅၈ |
| ဗိုလ်မှူးကြီး ဖုန်းတင့် | | ဗိုလ်မှူးကြီး မင်းသန်း |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Ellen Goldstein နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲက ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုစီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း၊ ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် အမျိုးသားအဆင့် အစားအစာနှင့် စိုက်ပျိုးရေးစနစ်များဆိုင်ရာစီမံကိန်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်ကိစ္စ၊ ရခိုင်ပြည်နယ်အတွင်း ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေးလုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စ၊ လယ်ယာမြေနှင့်အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# တရားရေးကဏ္ဍအဖွဲ့အစည်းများနှင့် မီဒီယာများ၏ တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေးဆိုင်ရာ အဆင့်မြင့်မဟာဗျူဟာစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

တရားရေးကဏ္ဍအဖွဲ့အစည်းများနှင့် မီဒီယာများ၏ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးဆိုင်ရာ အဆင့်မြင့်မဟာဗျူဟာစကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hilton ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာအနှံ့တွင် ဥပဒေစိုးမိုးမှုကျဆင်းနေကြောင်းနှင့် တရားဥပဒေစိုးမိုးမှုကို မည်သည့်နိုင်ငံကမှ ပြီးပြည့်စုံအောင် မစွမ်းဆောင်နိုင်သေးဟု အမေရိကန်အခြေစိုက် World Justice Project က ယခုနှစ်အစောပိုင်းတွင် ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။




**ဝိုင်းဝန်းပူးပေါင်းအားထုတ်**

တရားဥပဒေစိုးမိုးမှုသည် လူတိုင်းနှင့် ပတ်သက်သည့် အကျိုးတူကိစ္စရပ်တစ်ခုဟု ပြောကြပါကြောင်း၊ တရားဥပဒေစိုးမိုးမှုကို လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် တစ်စုတစ်ဖွဲ့က ဆောင်ရွက်၍ မရနိုင်ပါကြောင်း၊ အားလုံးက ဝိုင်းဝန်းပူးပေါင်းအားထုတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ဥပဒေသိရှိနားလည်မှုမရှိခြင်းသည် ဥပဒေချိုးဖောက်မှုအား ခွင့်လွှတ်နိုင်သည့် အကြောင်းပြချက်တစ်ခုမဟုတ်ဟုဆိုသည့် ဥပဒေဆိုရိုးစကားတစ်ခုနှင့်အညီ ဥပဒေဆိုင်ရာ အသိပညာပေးမှုမြှင့်တင်ခြင်းကို အများပြည်သူကြားတွင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လိုပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊ စကားဝိုင်းများ အလုပ်ရုံဆွေးနွေးပွဲများကို တတ်နိုင်သလောက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာနက နိုင်ငံအနှံ့တွင် ဖွင့်လှစ်ထားရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ၄၁၇ ရုံးတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် နိုင်ငံတော်ပြန်တမ်းများကို စိတ်ပါဝင်စားသူများလေ့လာဖတ်ရှုနိုင်ရန် တတ်နိုင်သလောက် သိမ်းဆည်းထားရှိပါကြောင်း၊ ထို့ပြင် မိမိတို့ပြန်ကြားရေးဝန်ကြီးဌာန၏ website www.moi.gov.mm တွင် ပြဋ္ဌာန်းပြီး ဥပဒေ ၇၂၇ ခု၊ ဥပဒေကြမ်း ၁၁၅ ခုနှင့် နည်းဥပဒေ ၁၂၀ တို့ကို လွှင့်တင်ထားရှိရာ မည်သူမဆို အခမဲ့ download ရယူနိုင်ပါကြောင်း။

မီဒီယာနှင့် တရားဥပဒေစိုးမိုးမှုသည် အပြန်အလှန် အမှီသဟဲပြုနေပါကြောင်း၊ လွတ်လပ်ပြီး ကျင့်ဝတ်လိုက်နာကာ မိမိကိုယ်ကို ထိန်းကျောင်းနိုင်သည့် မီဒီယာများသည် တရားဥပဒေစိုးမိုးမှုအတွက် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ အလားတူပင် တရားဥပဒေစိုးမိုးမှုရှိမှ လွတ်လပ်ပြီး ကျင့်ဝတ်လိုက်နာကာ မိမိကိုယ်ကို ထိန်းကျောင်းနိုင်သည့် မီဒီယာများ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း။

**များစွာအထောက်အကူပြု**

စုံစမ်းဖော်ထုတ်ရေးသားသည့် သတင်းစာပညာသည် အကျင့်ပျက်ခြစားမှု၊ အလွဲသုံးစားပြုမှုနှင့် ဥပဒေဆန့်ကျင်လုပ်ကိုင်မှုများကို ဖော်ထုတ်အရေးယူရာတွင် များစွာအထောက်အကူပြုပါကြောင်း၊ သို့သော် ထိုသို့ရေးသားသည့် သတင်းသမားသည် သန့်ရှင်းသောလက်ဖြင့် ထိုသတင်းများကိုရေးသားရန် အလွန်အရေးကြီးပါကြောင်း။

မိမိတို့နိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပေါ်ထွန်းရန် ကြိုးပမ်းခဲ့စဉ်တုန်းက မီဒီယာများသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါကြောင်း၊ ယခု မိမိတို့နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်ရှိနေပြီဖြစ်ပြီး စိန်ခေါ်မှုများစွာ တွေ့ကြုံနေရပါကြောင်း၊ ၎င်းစိန်ခေါ်မှုများကို ကျော်လွှားပြီး ဒီမိုကရေစီပန်းတိုင်ကို အရောက် ရှေ့ဆက်လျှောက်နိုင်ရန် မီဒီယာများက ဆက်လက်ကူညီပေးကြပါလို့ မေတ္တာရပ်ခံလိုပါကြောင်း၊ ယခုစကားဝိုင်းမှ မိမိတို့နိုင်ငံအတွက် အကျိုးပြုမည့်ရလဒ်ကောင်းများ ထွက်ပေါ်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ထင်မြင်ချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးဖလှယ်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် USAID - PRLM မှ Chief of Party Mr. Robert La Mont က အမှာစကားပြောကြားသည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် တရားရေးကဏ္ဍဘက်မှ မီဒီယာအတွက် သတင်းအချက်အလက် ထုတ်ပြန်နေမှုအခြေအနေ၊ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးအတွက် တရားရေးကဏ္ဍနှင့် မီဒီယာတို့ ထိတွေ့ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးမှုနှင့် သက်ဆိုင်သော သတင်းအစီအစဉ်များ ရေးသားထုတ်လုပ်ရာတွင် မီဒီယာများ၏ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးညွန့်ရွှေနှင့် ဦးစိုးဘုန်းမြင့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အတွင်းရေးမှူး ဦးခင်ဇော်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တရားရေးဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မီဒီယာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ၁၃၈၁ ခုနှစ်( ၂၀၁၉ ခုနှစ်)၊ (၂၇)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၁၉ ခုနှစ်၊ ၂၇ ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိခွင့်ပြုစာဖြေဌာန ၇၆ ဌာနတို့၌ ၃-၆-၂၀၁၉ ရက်နေ့မှ ၇-၆-၂၀၁၉ ရက်နေ့အထိ ၅ ရက်တိုင်တိုင် ကျင်းပခဲ့ပါသည်။

၂။ (၂၇)ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်း ၁၇၈၆၆ ပါးရှိပြီး ဖြေဆို ၁၂၆၆၉ ပါးဖြစ်၍ ကျမ်းစဉ်အလိုက် စုစုပေါင်း အောင်မြင်သူ ၄၂၃၈ ပါးဖြစ်ရာ ၃၃.၄၆ ရာခိုင်နှုန်း အောင်မြင်ကြပါသည်။

၃။ အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက)ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၈၃၃ ပါး၊ လေးကျမ်းအောင် ၄၁၀ ပါး၊ သုံးကျမ်းအောင် ၆၇၅ ပါး၊ နှစ်ကျမ်းအောင် ၆၀၃ ပါး၊ တစ်ကျမ်းအောင် ၅၆၆ ပါးတို့ ဖြစ်ပါသည်။ ဝိနည်းငါးကျမ်းအောင် ၈၃၃ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင် ပထမရရှိသောအထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် မန်း/အမဇ-၅၈၊ ရှင်သူရိယ၊ အသက် ၁၉ နှစ်၊ အဘ ဦးကြည်ရွှင်၊ အောင်ချမ်းသာ ပရိယတ္တိစာသင်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး(ပထမ)

(ခ ) ခုံအမှတ် မှော်-၂၉၄၊ ရှင်တေဇဝန္တ၊ အသက် ၁၈ နှစ်၊ အဘ ဦးမောင်ဟန် ၊ မဟာဝိဟာရကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ဒုတိယ)

(ဂ ) ခုံအမှတ် မရ-၈၂ ၊ ရှင်ပညာဇောတ၊ အသက် ၂၀ နှစ်၊ အဘ ဦးမြစိန်၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(တတိယ)

(ဃ) ဝိနည်းငါးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ မန်း/ပကခ-၆၀၊ မဝေမာရီ၊ အသက် ၂၂ နှစ်၊ အဘ ဦးဝင်းဦး ၊ မြဝတီသီလရှင်စာသင်တိုက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး(သီလရှင်-ပထမ)

၄။ အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁၇၇ ပါး၊ နှစ်ကျမ်းအောင် ၁၁၇ ပါး၊ တစ်ကျမ်းအောင် ၉၃ ပါးတို့ ဖြစ်ပါသည်။ ဒီဃနိကာယ် သုံးကျမ်းအောင် ၁၇၇ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသောအထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် ဗဟ-၁၁၊ အရှင်ဝိစိန္တာလင်္ကာရ၊ အသက် ၂၉ နှစ်၊ အဘ ဦးရွှေမိုး၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ပထမ)

(ခ ) ခုံအမှတ် ဒဂရ-၄၊ အရှင်ဝိသုဒ္ဓ၊ အသက် ၃၄ နှစ်၊ အဘ ဦးကျော်ခင်၊ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ဒုတိယ)

(ဂ ) ခုံအမှတ် မော်-၄ ၊ အရှင်ပညာသီဟာလင်္ကာရ၊ အသက် ၃၁ နှစ်၊ အဘ ဦးကျော်သိန်း၊ ဆင်ဖြူစာသင်တိုက်၊ မော်လမြိုင်-မြို့ မွန်ပြည်နယ်(တတိယ)

၅။ အုပ်စု(၃) မဇ္ဈိမနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၄၉ ပါး၊ နှစ်ကျမ်းအောင် ၅၂ ပါး၊ တစ်ကျမ်းအောင် ၁၇ ပါးတို့ ဖြစ်ပါသည်။

၆။ အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂၇ ပါး၊ နှစ်ကျမ်းအောင် ၁၂ ပါး၊ တစ်ကျမ်းအောင် ၁၁ ပါးတို့ ဖြစ်ပါသည်။

၇။ အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁၈၄ ပါး၊ နှစ်ကျမ်းအောင် ၁၃၀ ပါး၊ တစ်ကျမ်း အောင် ၁၁၂ ပါးတို့ဖြစ်ပါသည်။ အင်္ဂုတ္တရနိကာယ် သုံးကျမ်းအောင် ၁၈၄ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင် ပထမရရှိသောအထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် မုံ - ၂၀၊ ရှင်သုန္ဒရာလင်္ကာရ၊ အသက် ၂၀ နှစ်၊ အဘ ဦးဆယ်လွင်၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး(ပထမ)

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက တရားမဝင် eBooks Link များကို ဖြုတ်ချပေးရန် ကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁၈**

စာပေအနုပညာ ဖန်တီးထုတ်လုပ်သူများထံမှ ခွင့်ပြုချက်တောင်းခံခြင်း မပြုဘဲ eBooks များကို အခမဲ့စနစ်/အခပေးစနစ်များဖြင့် ဖြန့်ဖြူးထုတ်ဝေနေကြသည့် လူမှုကွန်ရက် ၁၈၂ ခု၏ အကောင့်ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာ eBooks Link များကို အချိန်မီဖြုတ်ချပေးပါရန်နှင့် ထပ်မံတွေ့ရှိပါက မြန်မာနိုင်ငံစာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေအပါအဝင် အခြားတည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ယနေ့ ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်၌ ယနေ့ခေတ်တွင် အင်တာနက်အခြေခံနည်းပညာများ တိုးတက်လာသည်နှင့်အညီ စာအုပ်စာပေများကို အွန်လိုင်းပေါ်တွင် အခကြေးငွေအနည်းငယ်ဖြင့် အချိန်မရွေးဝယ်ယူဖတ်ရှုနိုင်ပြီဖြစ်သောကြောင့် စာဖတ်သူများအနေဖြင့် eBooks များရယူရာတွင် ယခင်ခေတ်ကာလများထက် ပိုမိုအဆင်ပြေလွယ်ကူလာသည်ကို တွေ့ရပါကြောင်း။

သို့ရာတွင် စာပေရေးသားဖန်တီးသူများနှင့် ထုတ်ဝေသူများ၏ တရားဝင်ခွင့်ပြုချက်မရယူထားဘဲ Online Website များ၊ Blogspot နှင့် Wordpress Webpage များ၊ Facebook Page၊ Group၊ Account များတွင် စာအုပ်များ ဒေါင်းလုပ်ရယူနိုင်သည့် eBooks Link များ တင်ဆက်ခြင်း၊ Mobile Application များနှင့် Memory Stick များတွင် စာအုပ်များ၏ E-pub/Pdf file များကို အခမဲ့အားဖြင့်လည်းကောင်း၊ အခပေးစနစ်များဖြင့်လည်းကောင်း ဖြန့်ဝေရောင်းချနေခြင်းများကို တွေ့ရှိရပါကြောင်း။

ယင်းသို့ တရားဝင်ခွင့်ပြုချက်မဲ့ ဆောင်ရွက်နေခြင်းများမှာ စာအုပ်ထုတ်ဝေရေးလောက ကျဆင်းရခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်လာပါကြောင်း၊ ထို့ပြင် စာရေးဆရာများ၊ စာပေနှင့်ဆက်စပ်သည့် အနုပညာဖန်တီးသူများနှင့် ထုတ်ဝေသူများမှာ ၎င်းတို့၏စိတ်ကူးစိတ်သန်းများ၊ အတွေ့အကြုံနှင့် ကြိုးစားအားထုတ်မှုများကို အရင်းပြု၍ စာအုပ်များထုတ်ဝေရောင်းချရခြင်းမှ ရရှိလာသော စာမူခနှင့် အကျိုးအမြတ်များဖြင့် ဘဝရပ်တည်နေကြသူများဖြစ်ရာ ယခုကဲ့သို့ လုပ်ဆောင်မှုများမှာ စာပေအနုပညာဖန်တီးထုတ်လုပ်သူများ၏ ဉာဏမူပိုင်ခွင့်နှင့် အကျိုးခံစားခွင့်များကို လျစ်လျူရှု ဂရုမပြုရာရောက်နေသောကြောင့် ထိုကဲ့သို့ အနုပညာဖန်တီးထုတ်လုပ်သူများထံမှ ခွင့်ပြုချက်တောင်းခံခြင်းမပြုဘဲ eBooks များကို အခမဲ့စနစ်၊ အခပေးစနစ်များဖြင့် ဖြန့်ဖြူးထုတ်ဝေနေကြသည့် လူမှုကွန်ရက် ၁၈၂ ခုမှ အကောင့်ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာ eBooks Link များကို အချိန်မီဖြုတ်ချပေးပါရန်နှင့် ထပ်မံတွေ့ရှိပါက မြန်မာနိုင်ငံစာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေအပါအဝင် အခြားတည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်ဟု ဖော်ပြထားသည်။

ယင်းထုတ်ပြန်ကြေညာချက်တွင် တရားမဝင် eBooks များနှင့် eBooks Link ၁၈၂ ခု၏ စာရင်းများကိုလည်း ဖော်ပြထားသည်။

**သတင်းစဉ်**

# ပိတ်ကား အရေအတွက် ၁၆၅ ခုမြောက် JCGV ၏ ရုပ်ရှင်ရုံသစ် ရန်ကုန်မြို့၌ ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၁၈**

ရုပ်ရှင်ကြည့်ရင်း တောအုပ်တစ်ခုထဲသို့ ရောက်ရှိသွားသည့်အလား ခံစားရမည့် JCGV CINE & FORÊT ရုပ်ရှင်ရုံကို ယနေ့ညပိုင်းက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ဖွင့်လှစ်ခဲ့သည်။

**ရုပ်ရှင်ကြည့်ရှုအနားယူအပန်းဖြေ**

ယနေ့ ဖွင့်လှစ်လိုက်သည့် CINE & FORÊT ရုပ်ရှင်ရုံသည် ပရိသတ်များအနေဖြင့် စိမ်းစိုလန်းဆန်းသော သဘာဝတောအုပ်တစ်ခုအတွင်း ရောက်ရှိသွားသကဲ့သို့ ခံစားရမည်ဖြစ်ကာ ရုပ်ရှင်ကြည့်ရှုအနားယူအပန်းဖြေ ခံစားနိုင်သည့် လူဦးရေ ၃၉ ဦး ကြည့်ရှုနိုင်မည့် ရုပ်ရှင်ရုံဖြစ်သည်။

အဆိုပါ ရုပ်ရှင်ရုံတွင် တစ်ယောက်ထိုင်ခုံ ၃၃ ခုံ၊ နှစ်ယောက်တွဲထိုင်ခုံ သုံးတွဲပါရှိပြီး ဈေးနှုန်းများအနေဖြင့် 2D တစ်ယောက်ထိုင်ခုံ ငွေကျပ် ၁၈၀၀၀၊ နှစ်ယောက်တွဲထိုင်ခုံ ငွေကျပ် ၄၅၀၀၀ တို့ဖြစ်ပြီး 3D တစ်ယောက်ထိုင်ခုံ ငွေကျပ် ၂၅၀၀၀၊ နှစ်ယောက်တွဲထိုင်ခုံ ငွေကျပ် ၅၅၀၀၀ တို့ ဖြစ်သည်။ ပွဲချိန်များအနေဖြင့် တစ်နေ့လျှင် ငါးပွဲ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။




CINE & FORÊT ဆိုသည်မှာ CJ CGV က တီထွင်ဆန်းသစ်လိုက်သော Nature Concept ဖြစ်ပြီး ကမ္ဘာပေါ်တွင် ကိုရီးယား၊ ဗီယက်နမ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ထားပြီး ယခုမြန်မာနိုင်ငံတွင် တတိယမြောက်ရုံအဖြစ် ဖွင့်လှစ်ခြင်းဖြစ်သည်။

ရုပ်ရှင်လက်မှတ်များကို အွန်လိုင်းမှတစ်ဆင့် MPU, OK$, Ongo, Visa, Master အပြင် Convenience Store များဖြစ်သော G & G နှင့် ABC ဆိုင်ခွဲများတွင် လည်းကောင်း၊ JCGV Messenger Bot , JCGV Application နှင့် JCGV ရုပ်ရှင်ရုံများရှိ Self Ticketing Machine (Kiosk) စက်များတွင် ကိုယ်တိုင်ကိုယ်ကျလည်းကောင်း ဝယ်ယူနိုင်ကြောင်း သိရသည်။ ထို့ပြင် ရုပ်ရှင်နှင့်လိုက်ဖက်သော အစားအစာများကိုလည်း ဝယ်ယူစားသောက်နိုင်မည် ဖြစ်သည်။

**ရုပ်ရှင်ပိတ်ကားပေါင်း ၂၁ ခုအထိ ဖွင့်လှစ်ထား**

JCGV Myanmar Cineplex Company Limited သည် ယနေ့ဖွင့်လှစ်သည့် JCGV CINE & FORÊT Cinema အပါအဝင် ရုပ်ရှင်ပိတ်ကားပေါင်း ၂၁ ခုအထိ ဖွင့်လှစ်ထားနိုင်ပြီဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် ရုပ်ရှင်ရုံများတိုးတက်လာမှုအနေဖြင့် ယနေ့အထိ ရုပ်ရှင်ရုံ ၁၄၄ ရုံ၊ ပိတ်ကား အရေအတွက် ၁၆၅ ခုအထိ ရှိပြီဖြစ်သည်။ ရုပ်ရှင်ဇာတ်ကားထုတ်လုပ်မှု၌ ၂၀၁၄ ခုနှစ်တွင် ကိုးကားသာရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၁၅၈ ကား၊ ၂၀၁၈ ခုနှစ်တွင် ၁၃၃ ကားနှင့် ၂၀၁၉ ခုနှစ်တွင် ယနေ့အထိ ၅၃ ကား ရှိကြောင်း သိရသည်။

CINE & FORÊT ရုပ်ရှင်ရုံကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်၊ ရွှေတောင်ဂရုမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း၊ JCGV မှ အမှုဆောင်အရာရှိချုပ် ဒေါ်မိမိခိုင်၊ JCGV CEO Mr. Ryu Seong Soo တို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံ ကျိုတိုမြို့ရှိ စတူဒီယိုတစ်ခုတွင် မီးလောင်ကျွမ်းမှုဖြစ်ပွား၊ ၃၃ ဦးသေဆုံး

**ကျိုတို ဇူလိုင် ၁၈**

ဂျပန်နိုင်ငံ ကျိုတိုမြို့ရှိ စတူဒီယိုတစ်ခုတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ၃၃ ဦးသေဆုံးခဲ့ပြီး ၃၆ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မီးသတ်ဌာနက အတည်ပြုပြောကြားခဲ့သည်။

ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီခွဲတွင် Kyoto Animation စတူဒီယို၌ မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ကျွမ်းမှု ဖြစ်ပွားနေစဉ် အဆိုပါအဆောက်အအုံအတွင်း၌ လူ ၇၀ ပိတ်မိနေခဲ့ပြီး မီးသတ်သမားများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ငါးနာရီကြာ မီးငြိမ်းသတ်ခဲ့ရကြောင်း မီးသတ်ဌာန တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါမီးလောင်ကျွမ်းမှုနှင့်ပတ်သက်ပြီး အသက် ၄၀ အရွယ် သံသယရှိသူ အမျိုးသားတစ်ဦးအား ရဲအရာရှိများက ဖမ်းဆီးထားကြောင်း သိရသည်။

အဆိုပါသံသယရှိသူက မီးစတင်မရှို့မီ လောင်ကျွမ်းစေသော အရည်တစ်မျိုးကို အဆောက်အအုံအတွင်းရှိ နေရာအနှံ့အပြား၌ လိုက်လံလောင်းချထားဖွယ်ရှိသည်ဟု ရဲအရာရှိများက ဆိုသည်။

အဆိုပါသံသယရှိသူသည် နီးစပ်ရာဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်ဟု ရဲအရာရှိများက ပြောကြားခဲ့သည်။

မီးလောင်ကျွမ်းမှုမဖြစ်ပွားမီ စတူဒီယိုရုံးခန်းအပါအဝင် အရောင်းဌာနများ၌ ခြိမ်းခြောက်စာများ လက်ခံရရှိခဲ့သည်ဟု စတူဒီယိုအကြီးအကဲ ဟီဒီကီ ဟတ်တာ က ဆိုသည်။

အဆိုပါစတူဒီယိုကို ၁၉၈၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကမ္ဘာတစ်ဝန်း၏ အားပေးမှုကိုရရှိထားကြောင်း စတူဒီယိုအကြီးအကဲ ဟီဒီကီ ဟတ်တာက ဆက်လက်ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**





# ဂျပန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံအကြား အငြင်းပွားမှုအား ဖျန်ဖြေပေးရန် တောင်ကိုရီးယားသို့ ဂျွန်ဘော်လ်တန် သွားရောက်ဖွယ်ရှိ

**ဝါရှင်တန် ဇူလိုင် ၁၈**

ဂျပန်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံအကြား ဆက်ဆံရေးတင်းမာနေစဉ်အတွင်း အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်သည် ဖျန်ဖြေမှုပြုလုပ်ရန်အတွက် လာမည့်ရက်သတ္တပတ်အတွင်း တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ဖွယ်ရှိကြောင်း သိရသည်။

လာမည့်ရက်သတ္တပတ် အင်္ဂါနေ့မှစ၍ တောင်ကိုရီးယားသို့ ဂျွန်ဘော်လ်တန်သွားရောက်ရေးအတွက် အမေရိကန်နှင့် တောင်ကိုရီးယားတို့ သဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်း အမေရိကန်နှင့် တောင်ကိုရီးယားသတင်းရင်းမြစ်များက ပြောကြားသည်။ အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်သည် ၎င်း၏ တောင်ကိုရီးယားခရီးစဉ်၌ ဂျပန်နိုင်ငံတွင် ပထမဦးစွာ ခရီးတစ်ထောက်ရပ်နားမည်ဟု မျှော်လင့်ရသည်။

ဂျပန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံအကြားတွင် စစ်အတွင်းကာလ အတင်းအကျပ်အလုပ်ခိုင်းစေမှုကိစ္စနှင့်ပတ်သက်ပြီး တောင်ကိုရီးယားသို့ ဂျပန်နိုင်ငံမှ အဆင့်မြင့်နည်းပညာတချို့တင်ပို့မှုအား တင်းကျပ်စွာ ထိန်းချုပ်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

၁၉၆၅ ခုနှစ်အတွင်း ဂျပန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံသဘောတူညီချက်အရ ၎င်းတို့၏ စစ်ကာလအတွင်း အလုပ်စေခိုင်းမှုအတွက် အငြင်းပွားမှုများကို ဖြေရှင်းရေး ကြားခံအဖွဲ့အစည်းတစ်ရပ်က ဝင်ရောက်ဖြေရှင်းပေးရန်ဟူသောအချက်ကို အခြေခံ၍ ခုံသမာဓိအဖွဲ့ဖွဲ့စည်းဆောင်ရွက်ရန် ဂျပန်နိုင်ငံ၏ တောင်းဆိုမှုကို တောင်ကိုရီးယားနိုင်ငံက လက်ခံခြင်းမရှိခဲ့ပေ။

ဒုတိယကမ္ဘာစစ်အတွင်းက တောင်ကိုရီးယား အလုပ်သမားများအား အတင်းအကျပ်အလုပ်ခိုင်းစေခဲ့သည့် ဂျပန်ကုမ္ပဏီများအား အလုပ်သမားများကို လျော်ကြေးငွေပေးဆောင်ရန် တောင်ကိုရီးယားတရားရုံးက အမိန့်ချမှတ်ခဲ့သည်။

ယင်းအရေးကိစ္စများအတွက် ဂျပန်နှင့်ကိုရီးယားနှစ်နိုင်ငံတို့အား စားပွဲဝိုင်းတွင် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သွားရန် အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်က တိုက်တွန်းသွားဖွယ်ရှိသည်ဟု သတင်းရင်းမြစ်များက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# ရေနံတင်သင်္ဘောတစ်စင်းအား အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ဖမ်းဆီး

**တီဟီရန် ဇူလိုင် ၁၈**

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ပါရှန်ပင်လယ်ကွေ့တွင် ရေနံတင်သင်္ဘောတစ်စင်းအား ဖမ်းဆီးခဲ့သည်ဟု အီရန်နိုင်ငံပိုင် သတင်းဌာနက ဆိုသည်။

လွန်ခဲ့သောလက ဟော်မုဇ်ရေလက်ကြားအနီး ရေနံတင်သင်္ဘောနှစ်စင်း တိုက်ခိုက်ခံရပြီးနောက် အဆိုပါပင်လယ်ကွေ့တွင် တင်းမာမှုများ မြင့်တက်လျက်ရှိသည်။

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ဖမ်းဆီးခဲ့သည့် ရေနံတင်သင်္ဘောသည် အီရန် ရေပိုင်နက်အတွင်းသို့ ဖြတ်သန်းရောက်ရှိခဲ့သည့်အတွက် ဇူလိုင် ၁၄ ရက်က တားဆီးဟန့်တားခဲ့ခြင်းဖြစ်သည်ဟု အီရန်အာဏာပိုင်များက ဆိုသည်။

အဆိုပါ ရေနံတင်သင်္ဘောတွင် ရေနံစိမ်းလီတာ တစ်သန်း(၂၆၄၀၀၀ ဂါလန်)ခန့် တရားမဝင် တင်ဆောင်လာကြောင်း သိရသည်။

ဖမ်းဆီးခံ ရေနံတင်သင်္ဘောသည် ပေ ၁၉၀ အရှည်ရှိပြီး သင်္ဘောသား ၁၂ ဦး လိုက်ပါလာသည်။ ၎င်းသည် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)မှ စတင်ထွက်ခွာလာခဲ့သည်ဟု ယူဆရသော်လည်း ယူအေအီးတာဝန်ရှိသူတစ်ဦးက အဆိုပါ ရေနံတင်သင်္ဘောသည် ၎င်းတို့နိုင်ငံပိုင် သင်္ဘောမဟုတ်ကြောင်း ငြင်းဆန်ခဲ့သည်။ သင်္ဘောပေါ်လိုက်ပါလာသည့် သင်္ဘောသားများသည် ယူအေအီးနိုင်ငံသားများ ပါဝင်ခြင်းမရှိကြောင်းလည်း စစ်ဆေးတွေ့ရှိရသည်။



အဆိုပါသင်္ဘောကို မည်သည့်နိုင်ငံက ပိုင်ဆိုင်သလဲဆိုသည်နှင့် သင်္ဘောပေါ် လိုက်ပါခဲ့သည့် သင်္ဘောသားများသည် မည်သည့်နိုင်ငံသားများဖြစ်သလဲဆိုသည်ကိုမူ အီရန်နိုင်ငံပိုင်သတင်းဌာနက ဖော်ပြခြင်းမရှိသေးပေ။ **အင်န်အိတ်ချ်ကေ**

# နိုင်ဂျီးရီးယားနိုင်ငံတွင် ဘိုကိုဟာရမ် စစ်သွေးကြွများ ပစ်ခတ်၍ လယ်သမားခြောက်ဦး သေဆုံး

**အဘူဂျာ ဇူလိုင် ၁၈**

နိုင်ဂျီးရီးယားနိုင်ငံ မိုင်ဒူဂူရီမြို့ အရှေ့မြောက်ပိုင်းဒေသတွင် ဘိုကိုဟာရမ်စစ်သွေးကြွများဟု သံသယရှိသူများက ပစ်ခတ်မှုကြောင့် လယ်သမားခြောက်ဦး သေဆုံးခဲ့ကြောင်း ဇူလိုင် ၁၈ ရက်တွင် လုံခြုံရေးဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

မိုင်ဒူဂူရီမြို့ မြောက်ဘက် ခြောက်ကီလိုမီတာအကွာရှိ မူနာဒယ်လ်တီလူနေရပ်ကွက်တွင် ဇူလိုင် ၁၇ ရက်က အဆိုပါလယ်သမားခြောက်ဦး သေဆုံးခဲ့ခြင်းဖြစ်သည်။ မိုင်ဒူဂူရီမြို့သည် နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းရှိ တည်ငြိမ်မှုကင်းမဲ့သည့် ဘိုဒိုပြည်နယ်၏ မြို့တော်ဖြစ်သည်။

ဘိုကိုဟာရမ်စစ်သွေးကြွများသည် ယင်းဒေသရှိ လူနေရပ်ကွက်အတွင်းသို့ ဆိုင်ကယ်များစီးနင်းဝင်ရောက်လာခြင်းဖြစ်ကြောင်း စစ်ဘက်သတင်းရင်းမြစ်က ပြောကြားသည်။

သေဆုံးခဲ့ရသည့်လယ်သမားများသည် ၎င်းတို့၏လယ်မြေများ၌ မိုးရာသီစိုက်ပျိုးရေးလုပ်ငန်းများလုပ်ဆောင်ရန် ပြင်ဆင်မှုများပြုလုပ်နေစဉ် အကြမ်းဖက်စစ်သွေးကြွအဖွဲ့ဝင်များက လူနေရပ်ကွက်အတွင်း ကျူးကျော်ဝင်ရောက်လာခြင်းဖြစ်ကြောင်း အထက်တန်း စစ်ဘက်အရာရှိတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

သေဆုံးသွားသည့် လယ်သမားများ၏ရုပ်အလောင်းများကို ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်စဉ် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ယင်းတို့၏ရုပ်အလောင်းများကို ဇူလိုင် ၁၇ ရက် ညနေပိုင်းတွင် သင်္ဂြိုဟ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ**

# အက်ဖ်- ၃၅ တိုက်လေယာဉ် အစီအစဉ်၌ တူရကီပါဝင်လုပ်ဆောင်ခွင့် အမေရိကန်ဟန့်တား

**ဝါရှင်တန် ဇူလိုင် ၁၈**

တူရကီနိုင်ငံက ၎င်း၏ မဟာမိတ် အနောက်အုပ်စုဝင်နိုင်ငံများ၏ သတိပေးချက်များကို အန်တု၍ ရုရှားနိုင်ငံမှ အက်စ်-၄၀၀ အမျိုးအစား လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်ကို ဝယ်ယူခဲ့ပြီးနောက်တွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)၏ အက်ဖ်-၃၅ အမျိုးအစား ရေဒါရှောင်ကွင်းနိုင်သည့် ဂျက်တိုက်လေယာဉ်အစီအစဉ်မှ ထုတ်ပယ်ခံရမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ဇူလိုင် ၁၇ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

ရုရှားနိုင်ငံမှ အက်စ်-၄၀၀ အမျိုးအစား လေကြောင်းရန်ကာကွယ်ရေးစနစ်အား ဝယ်ယူရန် တူရကီနိုင်ငံ၏ ဆုံးဖြတ်ခဲ့မှုသည် ကံမကောင်းလှစွာပင် အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ် အစီအစဉ်တွင် စဉ်ဆက်မပြတ် ပါဝင်လုပ်ဆောင်မှု၌ ပါဝင်လုပ်ဆောင်ရန် မဖြစ်နိုင်တော့ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့် ရှိသူ ခတက်ဖနီကိုဂွမ်က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု၏ ယင်းလုပ်ဆောင်မှုကို တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက တုံ့ပြန်ရာတွင် ယင်းလုပ်ရပ်မှာ တရားမျှတမှုမရှိဟု ဖော်ပြခဲ့သည်။ **အေအက်ဖ်ပီ**

# လေယာဉ်ပျက်ကျမှု နှစ်ခုတွင် သေဆုံးခဲ့သည့် မိသားစုများအား ကန်ဒေါ်လာ သန်း ၅၀ ကျော် ဘိုးရင်းကုမ္ပဏီ ကူညီမည်




**ဆန်ဖရန်စစ္စကို ဇူလိုင် ၁၈**
လေယာဉ်ပျက်ကျမှု နှစ်ခုတွင် သေဆုံးခဲ့သည့် ခရီးသည်များ၊ လေယာဉ်မှူးနှင့် လေယာဉ်မယ်များ၏ မိသားစုဝင်များကို ကူညီရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၅၀ ပေးမည်ဟု အမေရိကန်ထိပ်တန်းလေယာဉ် ထုတ်လုပ်သူ ဘိုးရင်းကုမ္ပဏီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ယင်းမတော်တဆမှုများကြောင့် ထိခိုက်ခံစားခဲ့ရသူများ၏ မိသားစုနှင့် လူမှုအသိုင်းအဝိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းရန်အတွက် ဘိုးရင်းကုမ္ပဏီက ကတိပြုခဲ့သည့် ကနဦးအသုံးစရိတ် အမေရိကန်ဒေါ်လာသန်း ၁၀၀ တွင် ယင်းဒေါ်လာ သန်း ၅၀ ပါဝင်ကြောင်း ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလနှင့် ယခုနှစ်မတ်လက အီသီယိုးပီးယားလေကြောင်းလိုင်း ၃၀၂ နှင့် အင်ဒိုနီးရှားလေကြောင်းလိုင်း ၆၁၀ ပျက်ကျမှုတွင် သေဆုံးသူများ၏ မိသားစုဝင်များ၏ ပညာရေး၊ အကျပ်အတည်းနှင့် နေထိုင်မှုစရိတ်များကို ထောက်ပံ့ကူညီရန် အမေရိကန် ဒေါ်လာ သန်း ၁၀၀ အရန်ထားရှိကြောင်း ဘိုးရင်းကုမ္ပဏီက ဇူလိုင်လအစောပိုင်းက ကြေညာခဲ့သည်။

ဘိုးရင်း ၇၃၇ MAX jets လေယာဉ်ပျက်ကျမှု နှစ်ခုတွင် လူပေါင်း ၃၄၆ ဦးသေဆုံးခဲ့သည်။ လေယာဉ်ပျက်ကျမှုတွင် သေဆုံးခဲ့သူများ၏ မိသားစုများကို ငွေကြေးထုတ်ပေးရာတွင် ကူညီရန်အတွက် လျော်ကြေးဆိုင်ရာကျွမ်းကျင်သူ ကန်ဖိန်းဘာ့ကို ငှားရမ်းထားကြောင်း ယင်းကုမ္ပဏီက ပြောသည်။ ကန်ဖိန်းဘာ့သည် အမေရိကန်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ၂၀၀၁ ခုနှစ်စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုအပါအဝင် များစွာသော မတော်တဆဖြစ်ရပ်များမှ ထိခိုက်ခံစားရသူများအား ထုတ်ပေးသည့် လျော်ကြေးရန်ပုံငွေများကို စီမံခန့်ခွဲခဲ့သူဖြစ်သည်။

ဘိုးရင်းကုမ္ပဏီမှ ပေးအပ်မည့် ကရုဏာကြေးငွေများ ထုတ်ပေးရာတွင် ကန်ဖိန်းဘာ့နှင့်အတူ ရှေ့နေကမ်မီလီဘီရော့စ် ပါဝင်မည်ဖြစ်သည်။ မိမိတို့၏ မိတ်ဖက်များဖြစ်သည့် ဖိန်းဘာ့နှင့် ဘီရော့စ်တို့မှတစ်ဆင့် ထိခိုက်ခံစားရသည့် မိသားစုများ လိုအပ်သည့် အကူအညီများကို တတ်နိုင်သမျှအမြန်ဆုံး ရရှိမည်ဟု မျှော်လင့်ကြောင်း ကုမ္ပဏီက ပြောသည်။ ၎င်းတို့နှစ်ဦးမှ ထုတ်ပေးမည့် ငွေကြေးအကူအညီသည် အမှုအခင်းရလဒ်နှင့် သက်ဆိုင်မှု မရှိကြောင်း ကုမ္ပဏီက ပြောသည်။ ဘိုးရင်း ၇၃၇ MAX လေယာဉ် မတော်တဆဖြစ်ရပ်များနှင့်ပတ်သက်၍ ကုမ္ပဏီသည် အမှုအခင်းများ၊ စစ်ဆေးမှုများကို ရင်ဆိုင်နေရကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန်-အောင်ဇော်လင်း**

# ယူကရိန်းသမ္မတ ဇီလန်စကီးက လွှတ်တော်ရွေးကောက်ပွဲကို စော၍ကျင်းပလို

**ကီယက်ဗ် ဇူလိုင် ၁၈**
ယူကရိန်း သမ္မတ ရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သူ ဟာသသရုပ်ဆောင်ဟောင်း တစ်ဦးဖြစ်သူ ဗိုလိုဒီမာဇီလန်စကီးသည် သုံးလအကြာတွင် လွှတ်တော်ရွေးကောက်ပွဲများတွင် သူ၏အောင်မြင်မှုကို ခိုင်မာကျစ်လျစ်အောင် လုပ်ဆောင်တော့မည်ဖြစ်သည်။



ဇီလန်စကီး၏ပါတီက ယူကရိန်းနိုင်ငံ၏ လူကြိုက်အများဆုံး နိုင်ငံရေးပါတီဖြစ်ကြောင်း မဲဆန္ဒရှင်စစ်တမ်းများက ပြသနေသည်။ နိုင်ငံရေး အတွေ့အကြုံမရှိသော အသက် ၄၁ နှစ်အရွယ် ဇီလန်စကီး ဧပြီလအတွင်း အသက်အငယ်ဆုံး သမ္မတဖြစ်လာခြင်းကြောင့် ယူကရိန်းပြည်သူများကို အံ့အားသင့်စေခဲ့သည်။ စစ်မှန်သော ပရော်ဖက်ရှင်နယ်များဖြင့် လွှတ်တော်တစ်ခုကို ဖွဲ့စည်းမည်ဖြစ်ကြောင်း ဇီလန်စကီးက ဗီဒီယိုမက်ဆေ့ချ်တစ်ခုအတွင်း ပြောကြားခဲ့သည်။ အသက် ၄၂ နှစ်နှင့် ၅၂ နှစ်အတွင်းရှိ ယူကရိန်းပြည်သူများက ဇီလန်စကီး၏ပါတီကို ထောက်ခံမည်ဟု စစ်တမ်းများက ဆိုသည်။ ဇီလန်စကီးက သာမန် ယူကရိန်းပြည်သူများကို လွှတ်တော်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခဲ့ပြီး ပြည်သူ ၃၀ ကျော်ကို တဖြည်းဖြည်း ရွေးချယ်ခဲ့သည်။

လွှတ်တော် ရွေးကောက်ပွဲများကို အောက်တိုဘာလအတွင်း ပြုလုပ်ရန်စီစဉ်ခဲ့သော်လည်း ဇီလန်စကီးက စော၍ကျင်းပရန် တောင်းဆိုခဲ့သည်။ အဆိုပါ ရွေးကောက်ပွဲတွင် ဇီလန်စကီးအရင် တာဝန်ထမ်းဆောင်သွားသူ ပက်ရိုပိုရိုရှန်ကို၏ပါတီ လွှမ်းမိုးထားမှုကို ပြောင်းလဲပေးမည်ဟု မျှော်မှန်းရသည်။ "လွှတ်တော်အမတ်သစ်တွေကို ရွေးချယ်ပါလိမ့်မယ်" ဟု Democratic Initiatives Foundation မှ ညွှန်ကြားရေးမှူး အိုင်ရီနာဘီကတ်ကီနာက ပြောသည်။ ရွေးချယ်ခံရသော အမတ်များ၏ ၇၅ ရာခိုင်နှုန်းမှာ အမတ်သစ်များ ဖြစ်လာဖွယ်ရှိကြောင်း International Renaissance Foundation မှ အမှုဆောင်ညွှန်ကြားရေးမှူး အလက်ဇန္ဒားဆူကိုက ပြောသည်။

ယူကရိန်း လွှတ်တော်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၂၀ ကျော်မှ ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး လွှတ်တော်အမတ်နေရာ ၄၂၄ အနက် ၂၂၅ နေရာကို နိုင်ငံရေးပါတီများမှ ရွေးချယ်မည်ဖြစ်ကာ ကျန်ရှိသော လွှတ်တော်အမတ်နေရာများကို ခရိုင်များမှ တိုက်ရိုက်ရွေးချယ်မည်ဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ထိုင်းနိုင်ငံ၏ အလှပဆုံး မြေအောက်ရထားဘူတာရုံ ဇူလိုင် ၂၉ တွင် ဖွင့်မည်

**ဗန်ကောက် ဇူလိုင် ၁၈**
ထိုင်းနိုင်ငံ၏ အများပြည်သူ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ (MRTA) သည် ဗန်ကောက်မြို့ရှိ လှပသည့် ဆာနမ်ချိုင် မြေအောက်ဘူတာရုံ အပါအဝင် တိုးချဲ့မြေအောက်ရထားလိုင်းကို ဇူလိုင် ၂၉ ရက်မှစ၍ နှစ်လကြာ အခမဲ့ ဖွင့်လှစ်မည်ဟု ကြာသပတေးနေ့က ကြေညာလိုက်သည်။

ဆာနမ်ချိုင်ဘူတာရုံ၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ယင်းအဖွဲ့ အုပ်ချုပ်ရေးမှူး ပါကာပေါင် ဆီရိကန်တာရာမာ့စ်က ဟွာလမ်ဖောင်မှ သာဖရာအထိ ဘူတာရုံငါးခု ပါဝင်သည့် တိုးချဲ့မြေအောက်ရထားလိုင်းကို ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၂၈ ရက်အထိ အများပြည်သူသို့ အခမဲ့ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တိုးချဲ့မြေအောက်ရထားလမ်းတစ်လျှောက် အခြားဘူတာရုံများကိုလည်း တဖြည်းဖြည်း ဖွင့်လှစ်သွားမည်ဟု ၎င်းကပြောသည်။ အနီရောင်ရင့်ရင့် မျက်နှာကြက်၊ လှပစွာ တန်ဆာဆင်ထားသည့်တိုင်များ၊ နန်းတော်အလား နံရံများဖြင့် လှပနေသည့် ဆာနမ်ချိုင် မြေအောက်ဘူတာရုံကို ထိုင်းနိုင်ငံရှိ အလှပဆုံး မြေအောက်ဘူတာရုံဟု ထိုင်းမီဒီယာများနှင့် ယင်းအာဏာပိုင်အဖွဲ့က ပြောကြသည်။

ထိုင်းနိုင်ငံ၏ နာမည်ကျော် ဗိသုကာပညာရှင် ပင်ညိုဆူဝမ်ကီရီကဒီဇိုင်းပုံဖော်ဖန်တီးထားသည့် ယင်းဘူတာရုံသည် ယခုလက်ရှိ ချက်ကရီမင်းဆက်အစ ထိုင်းရိုးရာ အနုပညာခေတ်ကာလဖြစ်သည့် ရတနာကိုဆင်ခေတ် အစောပိုင်းကာလ ဗိသုကာနှင့် အနုပညာကို ဖော်ညွှန်းနေသည်ဟု ဆိုသည်။ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်၊ နန်းတော်နှင့် အခြားကမ္ဘာလှည့်ခရီးသည် ဆွဲဆောင်သည့် နေရာများနှင့်မဝေးသည့် ဆာနမ်ချိုင် ဘူတာရုံသည် ကမ္ဘာလှည့်ခရီးသည်များကို ထိုင်းနိုင်ငံ၏ အထင်ကရနေရာများသို့ သက်သောင့်သက်သာ လှည့်ပတ်စေနိုင်မည်ဟု သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ဇော်လင်း**

# အိန္ဒိယ လဆင်းယာဉ် ချန်ဒရာရန်း-၂ ကို ဇူလိုင်လ ၂၂ ရက်တွင် လွှတ်တင်မည်

**ဘန်ကာလူရူ ဇူလိုင် ၁၈**
နည်းပညာပိုင်းဆိုင်ရာ ပြဿနာကြောင့် ရုပ်သိမ်းခဲ့ရသည့် အိန္ဒိယ လဆင်းယာဉ် ချန်ဒရာရန်း-၂ ၏ ဒုတိယမြောက် မစ်ရှင်အဖြစ် လမျက်နှာပြင်လွှတ်တင်မှုကို ဇူလိုင်လ ၂၂ ရက်တွင် ပြုလုပ်ရန် ပြန်လည်စီစဉ်ခဲ့ကြောင်း အိန္ဒိယ အာကာသ သုတေသနအဖွဲ့အစည်း (ISRO) က ယနေ့ ပြောကြားလိုက်သည်။

ဇူလိုင်လ ၁၅ ရက်က ချန်ဒရာရန်း-၂ လဆင်းယာဉ်အား လွှတ်တင်ရန် ၅၆ မိနစ်ကျော်အလိုတွင် အဆိုပါယာဉ်အား ပို့ဆောင်ပေးမည့် "ဘာဟုဗာလီ" ခေါ် ဒုံးယာဉ်အတွင်း နည်းပညာပိုင်းဆိုင်ရာ ပြဿနာတစ်ခု ပေါ်ပေါက်၍ လွှတ်တင်မည့်အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ရသည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် နည်းပညာပိုင်းဆိုင်ရာ ချို့ယွင်းမှုကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် လဆင်းယာဉ် ချန်ဒရာရန်း-၂ လွှတ်တင်မှုကို ဇူလိုင်လ ၂၂ ရက်၊ အိန္ဒိယ စံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၃ မိနစ်တွင် ပြုလုပ်မည်ဟု အိန္ဒိယ အာကာသသုတေသနအဖွဲ့အစည်း (ISRO) က တွစ်တာ၌ ရေးသားခဲ့သည်။

အိန္ဒိယသိပ္ပံပညာရှင်များက အမေရိကန်ဒေါ်လာ သန်း ၁၄၀ အကုန်အကျခံ တည်ဆောက်ခဲ့သည့် လဆင်းယာဉ် ချန်ဒရာရန်း-၂ ၏ အရေးကြီးမှုကို အကဲဖြတ်လျက်ရှိသည်။

**ကိုးကား-ပီတီအိုင်**
**ဘာသာပြန်-ကျော်ထိုက်စိုး**



**သဘာဝဘေး ရေကြီး ရေလျှံမှုများ**

# စဉ့်ကူးနှင့် သပိတ်ကျင်းမြို့နယ်တို့တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စုပေါင်း ၇၅၀ ကျော်နှင့် လူဦး ၃၆၀၀ ကျော် ရေဘေးသင့်

**မန္တလေး ဇူလိုင် ၁၈**
မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စဉ့်ကူးနှင့် သပိတ်ကျင်းမြို့နယ်တို့တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ဇူလိုင် ၁၆ ရက်မှစ၍ အိမ်ထောင်စုပေါင်း ၇၅၀ ကျော်နှင့် လူဦး ၃၆၀၀ ကျော် ရေဘေးသင့်ခဲ့ရကြောင်း မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးမင်းသူက ပြောသည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ အလယ်ပိုင်း၌ မိုးရွာသွန်းမှု နည်းပါးသော်လည်း အထက်ပိုင်းဒေသများမှ မိုးရွာသွန်းမှုများကြောင့် ဧရာဝတီမြစ်ရေသည် ဇူလိုင် ၁၃ ရက်မှစ၍ တရိပ်ရိပ်မြင့်တက်လာကာ ဇူလိုင် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် မြစ်ရေတိုးမှုများ ပိုမိုဖြစ်ပေါ်ပြီး မန္တလေးတိုင်းဒေသကြီး အတွင်းရှိ သပိတ်ကျင်းမြို့နယ်နှင့် စဉ့်ကူးမြို့နယ်တို့အတွင်းရှိ ကျေးရွာများတွင် မြစ်ရေဝင်ရောက်မှုများ စတင်ဖြစ်ပေါ်လာကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ ဒီရေဘေးသင့်ကျေးရွာတွေကို ဇူလိုင် ၁၇ ရက်က စပြီး ကျပ်သိန်း ၈၀ ခန့်တန်ဖိုးရှိတဲ့ ဆန်ရိက္ခာတွေ တစ်ပတ်စာ သွားရောက်ထောက်ပံ့ခဲ့ပြီးဖြစ်ပါတယ်။ မြစ်ရေက လျော့ကျမသွားဘဲ ဆက်ပြီး တိုးနေမယ်ဆိုရင် ထောက်ပံ့ကူညီမှုတွေကို ဆက်လက်လုပ်ဆောင်သွားမှာပါ။ ကျွန်တော်တို့အနေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကြီးကြပ်မှုနဲ့ ဆောင်ရွက်နေရတာတွေရှိသလို ဌာနရဲ့လမ်းညွှန်မှုနဲ့အညီ သဘာဝဘေးအန္တရာယ်နဲ့ ကြုံတွေ့နေရတဲ့ ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီ သွားရောက်ကူညီဆောင်ရွက်ပေးနေပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ မြစ်ရေဝင်ရောက်မှုကြောင့် သပိတ်ကျင်းမြို့နယ်နှင့် စဉ့်ကူးမြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ ဒေသခံပြည်သူများအား ဇူလိုင် ၁၇ ရက်မှစ၍ ရေလွတ်ရာသို့ ပြောင်းရွှေ့ပေးနေပြီး အကယ်၍ မြန်မာနိုင်ငံ အလယ်ပိုင်း၌လည်း မိုးရွာသွန်းမှုများ ဖြစ်ပေါ်လာပါက ယခုထက်ပို၍ ရေဘေးအန္တရာယ်ကို ခံစားရနိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**


**စဉ့်ကူးမြို့နယ်အတွင်းရှိ မြစ်ရေဝင်ရောက်နေသည့် ကျေးရွာအချို့မှ ဒေသခံပြည်သူများအား ရေလွတ်ရာသို့ ပြောင်းရွှေ့ပေးနေစဉ်။** ဓာတ်ပုံ- စဉ့်ကူးမြို့နယ်မီးသတ်တပ်ဖွဲ့

# ပေါင်မြို့နယ်တွင် ယာဉ်တိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံး

**ပေါင် ဇူလိုင် ၁၈**
မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဝါဆိုလပြည့်နှင့် လပြည့်ကျော် ၁ ရက်နေ့တွင် ယာဉ်တိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာမှ သုံးဦးသေဆုံးခဲ့ပြီး တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၆ ရက် ညပိုင်း(ဝါဆိုလပြည့်နေ့)တွင် ဇင်းကျိုက်မြို့ ဖလပ်ရပ်ကွက်၌ ရဲကျော်သူမောင်းနှင်လာသော ခရီးသည်တင်မှန်လုံယာဉ်သည် အရှေ့မှသွားနေသော ကျော်မိုးသူ မောင်းနှင်ပြီး ဇနီး မဇင်မာဝင်း လိုက်ပါလာသော ဆိုင်ကယ်အား ဝင်တိုက်မိသဖြင့် ကျော်မိုးသူနှင့် မဇင်မာဝင်းတို့မှာ ထိခိုက်ဒဏ်ရာများ(စိုးရိမ်ရ)ရရှိကာ ပေါင်မြို့နယ်ပြည်သူ့ဆေးရုံမှတစ်ဆင့် မော်လမြိုင်ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသခဲ့ရာ ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် မဇင်မာဝင်းမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း၊ အလားတူ ဇူလိုင် ၁၇ ရက် နံနက်ပိုင်း (ဝါဆိုလပြည့်ကျော် ၁ ရက်)တွင် ပေါင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာရှိ ရန်ကုန်-မော်လမြိုင်ကားလမ်းမပေါ်တွင် ရန်ကုန်မှ မော်လမြိုင်သို့ ယာဉ်မောင်း ဦးရဲခင် မန္တလေးတိုင်းဒေသကြီးနေသူ မောင်းနှင်လာသော ခရီးသည်တင်ယာဉ် နှင့် မော်လမြိုင်မှ ရန်ကုန်သို့ ယာဉ်မောင်းအောင်ဇော်ဦး မောင်းနှင်ပြီး သန်းချစ်ဦး ပေါင်မြို့နယ်နေသူ လိုက်ပါလာသော ဆိုင်ကယ်တို့မှာ လမ်းလယ်တွင် မျက်နှာချင်းဆိုင်တိုက်မိရာ ယာဉ်မောင်းဦးရဲခင်နှင့် ခရီးသည်များမှာ ဒဏ်ရာရရှိခြင်းမရှိဘဲ ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူတို့မှာ သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

# မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၈**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ပြည်သူ ပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်အရ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် နယ်မြေတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့များသည် ဇူလိုင် ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဟေမမာလာ မြောက်ရပ်ကွက်(၇၆ × ၇၇)ကြား၊ (၃၆)လမ်းနှင့် ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက် မက္ခရာလမ်းနှင့်(၆၃)လမ်းထောင့်တို့၌ မော်တော်ယာဉ်များပေါ်မှ တရားမဝင်သစ် ၁ ဒသမ ၄၈၂၂ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦး၊ ဇူလိုင် ၁၆ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် ရွှေသဲဝချောင်းအနီး၌ တရားမဝင်သစ် ၄ ဒသမ ၂၅၄၈ တန်တို့ကို သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူလျက်ရှိကြောင်း သိရသည်။ **မောင်မျိုး**


**မအိအိသွယ်(ခ)အမိုးအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၈**
မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၇ ရက် ညနေ ၄ နာရီခွဲက မံစီမြို့နယ် ဟန်ထက်ကျေးရွာအလွန် ဟန်ထက်-မံရံ ကျေးရွာလမ်းပေါ်တွင် မင်းကို မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၂၁၁၂ ပြားကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်တွင် ငှားရမ်းနေထိုင်သည့် ဖီလီယဲ့(ခ)အားဖီ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ ကို လည်းကောင်း။

ထို့အတူ ဇူလိုင် ၁၇ ရက် ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု(၄၂)ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာမွေမြို့နယ် မလ္လကုန်းဈေးကွယ်(က)ရပ်ကွက်နေ မအိအိသွယ်(ခ)အမိုး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၈၀၀၊ ဘိန်းဖြူ ၁၂၀ ဂရမ်၊ အိုက်စ် ၁၃၄၀ ဂရမ်၊ ဆေးခြောက် ၂၉၀ ဂရမ်၊ Tramadol ဆေးတောင့် ၃၆၀၀၊ ဒစ်ဂျစ်တယ် ချိန်ခွင်တစ်ခုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၃) တန့်ယန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့အမှတ်(၉)ရပ်ကွက် တန့်ယန်း-နောင်ဟီးကားလမ်းမပေါ်တွင် စစ်ဆေးရေးဆောင်ရွက်နေစဉ် အမျိုးသားတစ်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်မှာ စစ်ဆေးရေးအဖွဲ့အနီးသို့ မရောက်မီ မောင်းနှင်ထွက်ပြေးသွား၍ လိုက်လံဖမ်းဆီးစဉ် ဆိုင်ကယ်ကိုထားခဲ့ပြီး ထွက်ပြေးသွား၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ ကို လည်းကောင်း။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ခိုလုံ ကျေးရွာအဝင် ယူကလစ်တောအနီးလမ်းမပေါ်၌ ချိန်လောက်ဝူး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၊ ဘိန်းဖြူ ၂၄ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မိုးကောင်းမြို့နယ်၌ မိုးကြိုးပစ်၍ ကောက်စိုက်နေသည့် အမျိုးသမီးတစ်ဦး သေဆုံး၊ ခြောက်ဦး စက်ကွင်းမိ

**မိုးကောင်း ဇူလိုင် ၁၈**
ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အောင်သာကျေးရွာတွင် ယနေ့ မွန်းလွဲပိုင်းက မိုးရွာသွန်းပြီး မိုးကြိုးပစ်၍ ကောက်စိုက်နေသည့် အမျိုးသမီးတစ်ဦး သေဆုံးကာ ခြောက်ဦးစက်ကွင်းမိ၍ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၂ နာရီခွဲက မိုးကောင်းမြို့နယ် အောင်သာကျေးရွာရှိ လယ်ကွင်းအမှတ် (၁၁၁)တွင် အမျိုးသမီးကိုးဦး ကောက်စိုက်နေစဉ် မိုးရွာသွန်းရာ မိုးကြိုးပစ်သဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ညောင်ပုထိုးကျေးရွာနေ မစုလှိုင်ဝင်းမှာ သေဆုံးခဲ့သည်။

ထို့ပြင် မသီတာဦးအပါအဝင် ခြောက်ဦးမှာ မိုးကြိုးစက်ကွင်းမိ၍ ခန္ဓာကိုယ်ထုံကျဉ်ဒဏ်ရာများရရှိခဲ့သဖြင့် မိုးကောင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဒဂုံတောင်မြို့နယ်အတွင်း ရွှေထည်ပစ္စည်းများ လုယူသွားသူ နှစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၁၈**
ဒဂုံတောင်မြို့နယ် (၂၀)ရပ်ကွက် လှိုင်စံပါယ်လမ်းနေ တရားလိုဒေါ်---သည် မတ် ၂ ရက် ညနေ ၆ နာရီက ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော် အောင်သုခဘုန်းကြီးကျောင်းမှ တူဖြစ်သူနှင့်အတူ စက်ဘီးစီး၍ ပြန်လာစဉ် ဒဂုံတောင်မြို့နယ် (၆၆)ရပ်ကွက် အင်းဝအိမ်ရာရှေ့မြိတ်လမ်းအရောက်တွင် အမျိုးသားနှစ်ဦး ဆိုင်ကယ်ဖြင့် ရောက်ရှိလာကာ စက်ဘီးရှေ့ခြင်းအတွင်း ထည့်ထားသော စလင်းဘက်အိတ်အား လုယူသွားခဲ့ရာ ၎င်းအိတ်အတွင်းထည့်ထားသော ရွှေထည်ပစ္စည်းများ၊ ငွေနှင့် လက်ကိုင်ဖုန်းတစ်လုံး (စုစုပေါင်း တန်ဖိုးငွေကျပ် ၁၃၄၈၁၀၀၀ ခန့်) ပါသွားသဖြင့် ဒဂုံတောင်မြို့မရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ရတနာပစ္စည်းများကို လုယက်ထွက်ပြေးသွားသူများမှာ ဒဂုံဆိပ်ကမ်းမြို့နယ် (၆၀)ရပ်ကွက်နေသူများဖြစ်သည့် ဇော်ထက်(ခ)ကိုထက်နှင့် အောင်ကျော်ဝင်း(ခ)စောထီးတို့နှစ်ဦးဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် လိုက်လံဖမ်းဆီးရာ ဇော်ထက်(ခ)ကိုထက်အား ဇွန် ၂၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် လက်ယာရေချမ်းကျေးရွာတွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ အောင်ကျော်ဝင်း(ခ)စောထီးသည် လက်နက်ဥပဒေပုဒ်မ ၁၉(ဂ)ဖြင့် အင်းစိန်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသဖြင့် ၎င်းအား ထောင်ထုတ်မိန့်ဖြင့် ဇူလိုင် ၁ ရက်က အမှုဖွင့်စစ်ဆေးဆောင်ရွက်ခဲ့ရာ ဇော်ထက်(ခ)ကိုထက်နှင့်အတူ ပြစ်မှုကိုကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

အမှုမှ သက်သေခံပစ္စည်းများကို သိမ်းဆည်းရရှိပြီးဖြစ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**



*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# အာဇာနည်ခေါင်းဆောင်ကြီးများလုပ်ကြံခံရမှုနှင့်ဥပဒေအကြောင်းအချက်



**မောင်စာဂ**

၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့သို့ ရောက်ရှိပြန်ပြီ။ ဇူလိုင်လ ၁၉ ရက်နေ့သည် မြန်မာနိုင်ငံ၏ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသောနေ့ဖြစ်သည်။ ပြည်သူတွေမေ့လို့မရနိုင်ကြ၊ လွမ်းဆွေး တသသဖြစ်နေကြရသည်။ ဇူလိုင်လ ၁၉ ရက်နေ့သို့ရောက်တိုင်း တစ်နိုင်ငံလုံးအနှံ့ အာဇာနည်နေ့အခမ်းအနားများ ကျင်းပ၍ အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချ ဂုဏ်ပြုကြသည်။ ယခု (၇၂) နှစ်မြောက် အာဇာနည်နေ့ရောက်ပြီဆိုတော့ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရမှုနှင့်စပ်လျဉ်း၍ အထူးရာဇဝတ်ခုံရုံး၏ စီရင်ချက်နှင့် အယူခံရုံး၏စီရင်ဆုံးဖြတ်ချက်တို့ကို ပြန်၍ဖတ်ရှုမိသည်။

### လုပ်ကြံမှုဖြစ်ပွားပုံ

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် အတွင်းဝန်များရုံး အဆောက်အအုံရှိ ဦးအောင်ဆန်း၏ရုံးခန်းအတွင်း၌ ဦးအောင်ဆန်းက သဘာပတိအဖြစ်ဆောင်ရွက်၍ ဘုရင်ခံ၏ အမှုဆောင်ကောင်စီ အစည်းအဝေးပြုလုပ်သည်။ အမှုဆောင်ကောင်စီ လူကြီးများဖြစ်ကြသော သခင်မြ၊ ဦးဘဝင်း၊ ဒီးဒုတ်ဦးဘချို၊ မစ္စတာရာဇတ်၊ မန်းဘခိုင်၊ ဦးမြ (ပျော်ဘွယ်)၊ ဦးအောင်ဇံဝေ (တရားလိုပြသက်သေ-၂)၊ ဦးဘဂျမ်း (တရားလိုပြသက်သေ-၃) နှင့် စော်ဘွားကြီး စဝ်စံထွန်းတို့ တက်ရောက်ကြသည်။ ဦးအောင်ဆန်း၏ လက်ဝဲဘက်၌ ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ ဦးမြနှင့် စဝ်စံထွန်းတို့က နံရံကို ကျောပေး၍ထိုင်ကြသည်။ ဦးအောင်ဆန်း၏ လက်ယာဘက်၌ သခင်မြ၊ မစ္စတာရာဇတ်၊ ဦးဘဝင်း၊ ဦးဘချိုနှင့် မန်းဘခိုင်တို့က နံရံကို ကျောပေး၍ထိုင်ကြသည်။ စားပွဲထိပ်တွင် ဦးအောင်ဆန်းက အလယ်၌ ထိုင်၍ ဦးအောင်ဆန်း၏ လက်ဝဲဘက်၌ အမှုဆောင်ကောင်စီအတွင်းဝန် ဦးရွှေဘော်ကထိုင်သည်။ ဦးအောင်ဆန်း၏လက်ယာဘက်၌ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာနမှ ဒုတိယအတွင်းဝန် ဦးအုန်းမောင်က ထိုင်သည်။

နံနက် ၁၀ နာရီအချိန်ခန့်တွင် ကောင်စီအစည်းအဝေးထိုင်နေကြစဉ် အစိမ်းရင့်ရောင် ယူနီဖောင်းများ ဝတ်ဆင်ထားကြ၍ ပခုံးများတွင် အမှတ် ၁၂ စစ်တပ်တံဆိပ်ဝတ်ဆင်ထားကြသော လူလေးယောက်သည် မောင်းပြန်သေနတ်များကိုင်ဆောင်လျက် ကောင်စီအခန်းထဲသို့ အတင်းအဓမ္မ ဝင်ရောက်ကြပြီးလျှင် ၎င်းတို့၏ ကျည်ဆန်ထိုးပြီး သေနတ်များနှင့် ကောင်စီစားပွဲတွင်ရှိကြသောသူများကို ပစ်ခတ်ကြတော့သည်။ ထိုသို့ ကျူးလွန်ပြီးနောက် အခန်းထဲမှထွက်ခွာပြီး ဗဟိုမုခ်ပေါက်သို့ဆင်းသည့် လှေကားမကြီးဆီသို့ အလျင်တဆောအသွားတွင် မစ္စတာရာဇတ်၏ သက်တော်စောင့် မောင်ထွေးကို တွေ့ကြရာ ခုခံလိမ့်မည်အထင်ဖြင့် ထိုလက်နက်ကိုင် လေးယောက်အနက်မှ တစ်ယောက်က သေနတ်နှင့် ပစ်ချလိုက်သည်။ ထို့နောက် လှေကားအတိုင်းပြေးဆင်းကြသည်။ အစိမ်းရောင်ယူနီဖောင်း ဝတ်ဆင်ထားသူမောင်း၍ လှေကားရင်းမှာ စောင့်နေသောဂျစ်ကားက ထိုလူလေးယောက်ကို တင်ဆောင်ပြီး အတွင်းဝန်များရုံးအတွင်းမှ စပတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း) ဘက်သို့အထွက် ဂိတ်ပေါက်မှ ထွက်သွားကြသည်။

### ကျဆုံးသူများနှင့် လွတ်မြောက်သူများ

ကောင်စီခန်းအတွင်း သေနတ်ပစ်ခတ်ခြင်းခံရရာ ဦးအောင်ဆန်း၊ သခင်မြ၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မစ္စတာရာဇတ်၊ ဦးအုန်းမောင်နှင့် မောင်ထွေးတို့မှာ ပွဲချင်းပြီး သေဆုံးကြရသည်။ ဦးဘချိုနှင့် စဝ်စံထွန်းတို့ နှစ်ဦးစလုံးမှာ သေစေနိုင်လောက်သော ဒဏ်ရာများရရှိကြရာ ဆေးရုံကြီးသို့ ပို့ဆောင်ခြင်းခံရပြီးနောက် သေဆုံးရသည်။ ကောင်စီဝင်လူကြီးနှစ်ဦးဖြစ်သော ဦးအောင်ဇံဝေနှင့် ဦးမြ၊ ၎င်းအပြင် ကောင်စီအတွင်းရေးမှူး ဦးရွှေဘော်တို့မှာ ထိခိုက်ဒဏ်ရာလုံးဝမရရှိကြဘဲ လွတ်မြောက်သွားကြသည်။ ဦးဘဂျမ်းမှာမူ ညာဘက်လက်သူကြွယ်တွင် ကျည်ဆန်မှန်သည့်ဒဏ်ရာရရှိသည်။

> **စီရင်ချက်အမိန့်အပေါ် ကျေနပ်မှုမရှိသဖြင့် တရားလွှတ်တော်သို့ အယူခံဝင်ရောက်ခဲ့သည်။ တရားလွှတ်တော်က အယူခံတရားခံများအားလုံးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ ပြစ်မှုထင်ရှားတွေ့ရှိကာ ပြစ်ဒဏ်စီရင်ခြင်းနှင့် စပ်လျဉ်း၍ အထူးရာဇဝတ်ခုံရုံး၏ သေဒဏ်ချမှတ်ခဲ့သည်ကို . . .**

### ခုံရုံးသို့စွဲဆိုမှုတင်သွင်းခြင်း

၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၀ ရက်စွဲပါ မြန်မာနိုင်ငံတော်အစိုးရ တရားရေးဌာန အမိန့်ကြော်ငြာစာအရ ယင်းနေ့မှာပင် အထူးရာဇဝတ်ခုံရုံးကို ဖွဲ့စည်းတည်ထောင်သည်။ တရားခံများအပေါ် စွဲဆိုထားသော ရာဇဝတ်ပြစ်မှုများကို စစ်ဆေးစီရင်ရန် အထူးရာဇဝတ်ခုံရုံးကို ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၀ ရက် ရက်စွဲပါ တရားရေးဌာနအမိန့်ကြော်ငြာစာအားဖြင့် အာဏာအပ်နှင်းသည်။ စက်တင်ဘာလ ၂၄ ရက်နေ့တွင် အစိုးရသက်သေဘညွန့် (ဖော်ကောင်) အပါအဝင် တရားခံ ၁၀ ယောက်တို့အပေါ် စွဲဆိုမှုကို ဤခုံရုံးရှေ့မှောက်သို့ တင်သွင်းခဲ့သည်။ အထူးရာဇဝတ်ခုံရုံးတွင် နာယကအဖြစ် ဦးကျော်မြင့်က လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဦးအောင်သာကျော်နှင့် ဦးစီဘူးတို့ကလည်းကောင်း ဆောင်ရွက်သည်။ အထူးရာဇဝတ်ခုံရုံးကို အင်းစိန်မြို့နယ်တွင် ရုံးထိုင်စစ်ဆေးသည်။

### တရားစွဲဆိုခံရသည့်တရားခံများနှင့် ကျူးလွန်မှု

အထူးရာဇဝတ်ခုံရုံးရှေ့မှောက်သို့ မြန်မာနိုင်ငံ နန်းရင်းဝန်ဟောင်း ဦးစောနှင့်တကွ ဦးစောထံ၌ နေထိုင်ကြသော ဦးစော၏တပည့်များအနက်မှ တပည့်ကိုးယောက်ဖြစ်ကြသည့် မောင်စိုး၊ သက်နှင်း၊ မောင်စိန်၊ ရန်ကြီးအောင်၊ သုခ၊ ခင်မောင်ရင်၊ မောင်နီ၊ မှုံကြီးနှင့် ဘညွန့်တို့ကို ဇူလိုင်လ ၁၉ ရက်နေ့က အတွင်းဝန်များရုံး၌ ဖြစ်ပွားခဲ့သော လူအများအားလုပ်ကြံသတ်ဖြတ်မှုများ ကျူးလွန်ရန်အတွက် ရာဇဝတ်မကင်းသည့် ပူးပေါင်းကြံစည်မှုတွင် အတူပါဝင်သက်ဆိုင်သူများအဖြစ် တရားစွဲဆိုတင်ပို့သည်။ ထိုသူများအနက်မှ မောင်စိုး၊ သက်နှင်း၊ မောင်စိန်နှင့် ရန်ကြီးအောင်တို့အပေါ်မှာ ကာယကံမြောက် လုပ်ကြံသတ်ဖြတ်မှုများကို ကျူးလွန်သူများဖြစ်ကြောင်း၊ ပထမတရားခံဦးစောအပါအဝင် အခြားတရားခံများအပေါ်မှာ ပြစ်မှုကျူးလွန်ရန် အားပေးကူညီသူများဖြစ်ကြကြောင်း အဆိုပြုထားသည်။ နောက်ဆုံးဖော်ပြထားသော တရားခံ ဘညွန့်ကိုမူ စည်းကမ်းချက်များဖြင့် လွတ်ငြိမ်းခွင့်ပြုပြီး အစိုးရသက်သေ (ဖော်ကောင်) အဖြစ် ဆောင်ရွက်ရန် တာဝန်ချထားပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

### တရားခံများ၏ ဖြောင့်ဆိုချက်များ

ဤလုပ်ကြံမှုကြီးကို ကျူးလွန်ခဲ့ပြီးနောက် ၁၃ ရက်အကြာ ဩဂုတ်လ ၁ ရက်နေ့တွင် တရားခံ ဘညွန့်သည် အမှုနှင့်စပ်လျဉ်း၍ ၎င်းပါဝင်သိရှိခဲ့ကြသည့် အကြောင်းအချက်များကို ရာဇဝတ်တရားသူကြီးထံ ဖြောင့်ချက်ပေးခဲ့သည်။ နောင်တွင် အစိုးရသက်သေ (ဖော်ကောင်) ဖြစ်လာသည်။ ဩဂုတ်လ ၂ ရက်နေ့တွင် တရားခံ ရန်ကြီးအောင် ဖြောင့်ချက်ပေးသည်။ ထို့နောက် တရားခံ သုခ၊ မောင်စိန်၊ မောင်နီနှင့် ခင်မောင်ရင်တို့ကလည်း အသီးသီးဖြောင့်ချက်ပေးကြရာ စွဲဆိုခဲ့သောတရားခံကိုးဦးအနက်မှ တရားခံ ငါးယောက်တို့က ဖြောင့်ဆိုချက်များပေးခဲ့ကြသည်။

အစိုးရသက်သေ (ဖော်ကောင်) ၏ ဖြောင့်ချက်နှင့် ရုံးရှေ့ထွက်ဆိုချက်၊ တရားခံငါးဦး၏ ဖြောင့်ချက်ပါ အချက်များ၌ ဇွန်လကုန်ခါနီးတွင် ဦးစော၏ဘုရားကျောင်းဆောင်အတွင်း ဘုရားဆင်းတုတော်များရှေ့၌ ကျေးဇူးသစ္စာစောင့်သိရိုသေပါမည်ဟု ကျိန်ဆိုရကြောင်း၊ ထိုသို့ကျိန်စာဆို၍ သစ္စာခံယူပြီးနောက် ချက်ချင်းပင် သစ္စာခံယူကြသူတစ်ဦးစီက မိမိကိုယ်ကို မိမိသတ်သေကြောင်းကို ကျွန်ုပ်သည် ကျွန်ုပ်၏တိုင်းပြည်ကို သစ္စာဖောက်လိုက်ပြီဖြစ်သောကြောင့် ကျွန်ုပ်ကိုယ်ကိုကျွန်ုပ်ကိုယ်တိုင် စီရင်လိုက်ပါသည်ဟူ၍ ရေးသားလက်မှတ်ထိုးလိုက်ရပုံ၊ လုပ်ကြံသတ်ဖြတ်ခြင်းကို နောက်နေ့နံနက်တွင် ပြီးမြောက်အောင်ဆောင်ရွက်ကြရန်အတွက် ဦးစောက ဇူလိုင်လ ၁၈ ရက်နေ့တွင် ပြောကြားပုံ၊ အကျိုးဆောင်ကောင်စီလူကြီးများကို မောင်စိန်၊ သက်နှင်း၊ မောင်စိုးနှင့် ရန်ကြီးအောင်တို့က သေနတ်များဖြင့် ပစ်ခတ်ရမည်ဖြစ်ကြောင်းနှင့် သခင်နုကို ဘညွန့်က သေနတ်ဖြင့်ပစ်ခတ်ရန် ဦးစောက အမိန့်ပေးပုံ၊ ပြည် လမ်းရှိအင်္ဂလိပ်လူမျိုး စစ်တပ်အရာရှိကြီး၏ အိမ်၌ ကောက်တေးပါတီအရက်သောက်ပွဲ ကျင်းပသောညဌ် ဦးအောင်ဆန်းကို သေနတ်ဖြင့်သွားပစ်ရန် ဦးစောက ခင်မောင်ရင်အား တာဝန်ပေးညွှန်ကြားပုံ၊ ဦးအောင်ဆန်း ထိုပွဲသို့ ကားနှင့်ရောက်လာသည်ကို မြင်ခဲ့ပြောလည်း ထိုကျင်းပသောပွဲသို့ ဦးအောင်ဆန်း မတက်ရောက်ပါဟု ခင်မောင်ရင်က ဦးစောထံပြန်သွားပြီး လိမ်လည်ပြောကြားခဲ့ပုံများပါရှိသည်။

ဤသည်မှာ ဖြောင့်ချက်များပါ အစိတ်အပိုင်းတစ်ခုမျှသာဖြစ်သည်။ သက်ဆိုင်ရာ ဖြောင့်ချက်များတွင် တရားခံများက ၎င်းတို့ပါဝင်ခဲ့သမျှ ပြည့်ပြည့်စုံစုံ ထွက်ဆိုသွားကြသည်။ ဖြောင့်ချက်များသည် တရားခံများက ၎င်းတို့၏ဆန္ဒအရ အလိုအလျောက်ပေးသော ဖြောင့်ချက်များဖြစ်ကြောင်း ပေါ်ပေါက်သည်။

### သက်သေခံချက်၊ ဖြောင့်ချက်များ၏ တန်ဖိုးနှင့်ခုံရုံးသုံးသပ်ချက်

အစိုးရသက်သေ (ဖော်ကောင်)ကပေးသော သက်သေခံချက်၏ သက်သေခံတန်ဖိုးကိုလည်းကောင်း၊ တရားခံငါးယောက်တို့က ပေးထားသော ဖြောင့်ချက်များ၏ တန်ဖိုးကိုလည်းကောင်း အထက်၌ဖော်ပြခဲ့သည့်အတိုင်း အကဲဖြတ်ပြီးဖြစ်သည်။ ယခု မပြုမပြီးလိုအပ်သည်မှာ ဇူလိုင်လ ၁၉ ရက်နေ့တွင် အတွင်းဝန်များရုံး၌ ကာယကံမြောက်ကျူးလွန်ပါဝင်ခဲ့ကြသော လူသတ်သမားများအတွက် တာဝန်သတ်မှတ်ခြင်းခံရမည့် တရားခံများမှအစပြု၍ တရားခံတစ်ဦးစီ၌ အပြစ်ရှိသည်၊ မရှိသည်ကို စိစစ်ရန်ဖြစ်သည်။ ဤသည်မှာ အထူးရာဇဝတ်ခုံရုံး၏ စီရင်ချက်ပါ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

အထူးရာဇဝတ်ခုံရုံးသည် တရားလိုဘက် သက်သေ ၈၀ ခန့်နှင့် တရားခံဘက် သက်သေ ၃၀ ခန့်တို့ကို စစ်ဆေးခဲ့သည်။ နှစ်ဖက်သောသက်သေများ၏ အစစ်ခံထွက်ဆိုချက်များ၊ အစိုးရသက်သေ (ဖော်ကောင်) ၏ ထွက်ဆိုချက်နှင့် တရားခံငါးဦးတို့၏ ဖြောင့်ဆိုချက်များ၊ ရုံးရှေ့ထွက်ဆိုချက်များနှင့် သက်သေခံပစ္စည်းအထောက်အထားများအပေါ် ကျယ်ပြန့်စွာ သုံးသပ်ဆင်ခြင်မှုပြုပြီးနောက် တရားခံများအပေါ် ပြစ်မှုထင်ရှားတွေ့ရှိခြင်းနှင့် ပြစ်ဒဏ်စီရင်ခြင်းများ ပြုလုပ်ခဲ့သည်။

### စီရင်ချက်အမိန့်

တရားခံ မောင်စိုး၊ သက်နှင်း၊ မောင်စိန်နှင့် ရန်ကြီးအောင်တို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၄ နှင့် ယှဉ်တွဲဖတ်ရသည့် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ ပြစ်ဒဏ်ထိုက်သင့်သော အကြံတူညာဏ်တူ ပူးပေါင်းကျူးလွန်ခဲ့သည့် လူသတ်မှုအတွက်အပြစ်ရှိကြောင်း စီရင်ဆုံးဖြတ်ပြီးလျှင် ဆိုခဲ့သည့်တရားခံများအပေါ် သေစေပြစ်ဒဏ်ချမှတ်လိုက်သည်။

တရားခံ ဦးစော၊ သုခ၊ ခင်မောင်ရင်၊ မောင်နီနှင့် မှုံကြီးတို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၁၀၉ နှင့် ယှဉ်တွဲဖတ်ရသော ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ ရာဇဝတ်မှုများကျူးလွန်ရန် အားပေးကူညီမှုအတွက် အပြစ်ရှိကြကြောင်း စီရင်ဆုံးဖြတ်ပြီးလျှင် တစ်ဦးစီအပေါ် သေစေပြစ်ဒဏ်ချမှတ်လိုက်သည်။ ဤသည်တို့မှာ အထူးရာဇဝတ်ခုံရုံး၏စီရင်ချက်ပါ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

**စာမျက်နှာ ၁၇ သို့**

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**
**အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

ပူးတွဲ-၆

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၁၉၃၆၃၂၄.၄ | ၁.၈ | ၂၁၇၁၉၁၇.၈ | ၁.၈ | ၁၂.၂ |
| ၂ | ကယားပြည်နယ် | ၃၅၈၈၆၀.၉ | ၀.၃ | ၃၉၁၄၀၂.၈ | ၀.၃ | ၉.၁ |
| ၃ | ကရင်ပြည်နယ် | ၁၈၈၂၁၄၇.၁ | ၁.၈ | ၂၁၀၉၁၇၃.၂ | ၁.၈ | ၁၂.၁ |
| ၄ | ချင်းပြည်နယ် | ၄၃၂၈၂၇.၂ | ၀.၄ | ၄၉၁၀၆၄.၂ | ၀.၄ | ၁၃.၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၂၄၃၁၀၂၀.၆ | ၁၁.၈ | ၁၄၁၈၄၈၇၂.၆ | ၁၁.၉ | ၁၄.၁ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၄၃၃၂၁၆၆.၉ | ၄.၁ | ၄၅၉၄၂၂၄.၃ | ၃.၉ | ၆.၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈၄၆၀၁၁၅.၃ | ၈.၀ | ၉၄၇၅၂၀၁.၅ | ၈.၀ | ၁၂.၀ |
| ၈ | မကွေးတိုင်းဒေသကြီး | ၈၁၉၂၇၉၉.၁ | ၇.၈ | ၉၃၇၅၄၅၀.၄ | ၇.၉ | ၁၄.၄ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁၃၈၅၉၃၇.၃ | ၁၀.၈ | ၁၂၉၂၄၈၆၄.၉ | ၁၀.၈ | ၁၃.၅ |
| ၁၀ | မွန်ပြည်နယ် | ၄၂၈၇၅၄၀.၈ | ၄.၁ | ၄၇၉၀၅၈၆.၉ | ၄.၀ | ၁၁.၇ |
| ၁၁ | ရခိုင်ပြည်နယ် | ၄၆၆၄၀၈၀.၂ | ၄.၄ | ၅၀၁၀၂၈၂.၁ | ၄.၂ | ၇.၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၆၇၄၀၈၇၈.၉ | ၂၅.၄ | ၃၁၀၄၂၃၆၁.၀ | ၂၆.၁ | ၁၆.၁ |
| ၁၃ | ရှမ်းပြည်နယ် | ၆၀၆၆၀၉၆.၇ | ၅.၇ | ၆၇၂၀၂၈၉.၅ | ၅.၆ | ၁၀.၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၂၅၁၆၆၉.၂ | ၁၁.၆ | ၁၃၄၀၅၉၃၉.၆ | ၁၁.၃ | ၉.၄ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂၀၅၉၈၅၉.၈ | ၂.၀ | ၂၃၃၅၇၇၄.၅ | ၂.၀ | ၁၃.၄ |

ပူးတွဲ-၇

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှု လျာထားချက်

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၈၈၀၅၈၅၆.၄ | ၂၆.၅၀ | ၁၀၁၅၄၈၆၀.၃ | ၂၇.၀၉ |
| ၂ | သမဝါယမပိုင် | ၄၂၇၀.၁ | ၀.၀၁ | ၄၃၁၇.၁ | ၀.၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၂၄၄၁၆၈၀၆.၀ | ၇၃.၄၉ | ၂၇၃၃၃၁၉၅.၂ | ၇၂.၉၀ |
| | စုစုပေါင်း | ၃၃၂၂၆၉၃၂.၅ | ၁၀၀.၀၀ | ၃၇၄၉၂၃၇၂.၆ | ၁၀၀.၀၀ |

**သတင်းဆောင်းပါး**



## ပြည်သူများဘေးကင်းလုံခြုံစွာဖြင့် အဆင်ပြေချောမွေ့စေရေး ပို့ဆောင်ပေးနေသည့် ရန်ကုန်(ပန်းဆိုးတန်း-ဒလ) ကူးတို့ရေယာဉ်ဆိပ်

**ရန်ကုန် ဇူလိုင် ၁၈**
ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများစွာတို့သည် စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ ကူးသန်းသွားလာရာတွင် ဝင်ပေါက်၊ ထွက်ပေါက်နေရာတစ်ခုဖြစ်သည့် ဒလမြို့နယ် သင်္ဘောဆိပ်မှ တစ်ဆင့် ကူးသန်းသွားလာကြရသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရန်ကုန်(ပန်းဆိုးတန်း-ဒလ) ကူးတို့ဆိပ်ကမ်း၌ အသွား-အပြန် တစ်နေ့လျှင် ၄၆ ခေါက်နှုန်းဖြင့် နံနက် ၅ နာရီခွဲမှ ည ၉ နာရီခွဲအချိန်ထိ နေ့စဉ် ခရီးသည်ပြည်သူ ၂၆၀၀၀ ကျော်ကို ပို့ဆောင်ပေးလျက်ရှိပြီး လူတစ်ဦးလျှင် ဝင်ကြေးငွေ ကျပ် ၁၀၀ နှုန်းဖြင့်ကောက်ခံ၍ သံဃာတော်များနှင့် သီလရှင်များကို အခမဲ့ဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။ တစ်နေ့လျှင် ဝင်ငွေစုစုပေါင်းငွေကျပ်သိန်း ၃၀ ကျော်ကောက်ခံရရှိသည့် ဆိပ်ကမ်းတစ်ခုဖြစ်သည်။

ထို့အတူ ပွင့်လင်းရာသီ၌ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ဒလမြို့နယ်နှင့် ဆက်စပ်မြို့နယ်များသို့ လည်ပတ်သွားလာရာတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းမှတစ်ဆင့် ဝင်ရောက်လျက်ရှိရာ နိုင်ငံခြားသား တစ်ဦးလျှင် အသွား-အပြန် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် သတ်မှတ်ကောက်ခံလျက်ရှိကြောင်း သိရသည်။

နိုင်ငံခြားသားများ လာရောက်လည်ပတ်မှုအနေဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ၄၂၁၁ ဦး၊ ဖေဖော်ဝါရီလတွင် ၃၉၂၀၊ မတ်လတွင် ၃၉၃၈ ဦး၊ ဧပြီလတွင် ၂၃၃၃ ဦး၊ မေလတွင် ၂၄၆၇ ဦး၊ ဇွန်လတွင် ၁၆၀၀ စီးနင်းလိုက်ပါလျက်ရှိပြီး မိုးရာသီကာလ၌ နိုင်ငံခြားသားခရီးသွားဧည့်သည်များ လိုက်ပါစီးနင်းမှု နည်းပါးသော်လည်း ခရီးသွားရာသီဖြစ်သည့် ပွင့်လင်းကာလ၌ ဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း ပန်းဆိုးတန်းဆိပ်ကမ်းမန်နေဂျာ ဒေါ်ခင်ခင်နုထံမှ သိရသည်။

မြစ်ဝကျွန်းပေါ်ဒေသနခွဲ ရေယာဉ်ခရီးစဉ်များအနေဖြင့် ရန်ကုန်(ပန်းဆိုးတန်း-ဒလ) ကူးတို့ဆိပ်တွင် တစ်နေ့ ၄၆ ခေါက်နှုန်းဖြင့် နံနက် ၅ နာရီခွဲမှ ည ၉ နာရီထိ ခရီးသွားမိဘပြည်သူများစွာတို့ကို ပို့ဆောင်ပေးခြင်း၊ ထို့အတူ ရန်ကုန်(ကီလီ)မှ ဒလ (ကားကူးဇက်)ယာဉ်ကူးတို့လမ်းတွင် တစ်နေ့ ၁၄ခေါက်နှုန်းဖြင့် မော်တော်ယာဉ်များကို နံနက် ၆ နာရီမှ ည ၇ နာရီအချိန်ထိလည်းကောင်း ကူးတို့ ပို့ဆောင်ပြေးဆွဲပေးလျက်ရှိသည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းမှ ချယ်ရီသင်္ဘော သုံးစင်းနှင့် ဒလမြို့ဆိပ်ကမ်းရှိ ခရီးသည်နားနေဆောင်နှင့် ဆိပ်ခံတံတားနှစ်စင်းတို့ကို လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ရာ ယခုဆိုလေးနှစ်ကျော်ကာလအတွင်း ရောက်ရှိပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်(ပန်းဆိုးတန်း-ဒလ) ပြေးဆွဲသည့် ချယ်ရီ(၁)၊ ချယ်ရီ(၂)နှင့် ချယ်ရီ(၃) အမည်ရှိ ကူးတို့ရေယာဉ် သုံးစင်းတို့သည် ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ရဟန်းသံဃာတော်များနှင့် ခရီးသွားမိဘပြည်သူများစွာတို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အတွက် နေ့စဉ်ကူးတို့ ပို့ဆောင်ပေးလျက်ရှိသည့် ဆိပ်ကမ်းတစ်ခုပင်ဖြစ်ပေသည်။

နေ့စဉ် ခရီးသည် ၃၀၀၀၀ ခန့် သယ်ယူပို့ဆောင်ပေးလျက်ရှိပြီး ခရီးသည်များ ဘေးကင်းလုံခြုံစွာဖြင့် အဆင်ပြေချောမွေ့စေရေး ပို့ဆောင်ပေးနေသည့် ရန်ကုန် (ပန်းဆိုးတန်း-ဒလ) ကူးတို့ရေယာဉ်များ သန့်ရှင်းသာယာလှပစေရေးနှင့် ရေရှည်ကြံ့ခိုင်ရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ကြိုးကြပ်ဆောင်ရွက်ပေးလျက်ရှိသလို ခရီးသွားပြည်သူများစွာတို့ကလည်း စည်းကမ်းရှိမှုနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ **နိုင်လင်းကျော်(ဒလ)**

## လှိုင်မြို့နယ်တွင် ပြည်သူ့စကားဝိုင်းကျင်းပ

**ရန်ကုန် ဇူလိုင် ၁၈**
လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် အထက (၄) ကျောင်း၌ ကျင်းပသည်။

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဒေါ်ခင်ခင်ဝင်း၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဦးဝင်းကျော်၊ မြို့နယ်ပညာရေးမှူး ဒေါ်စန္ဒာဦးနှင့် လှိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာတို့က အသီးသီး ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သန္တာမေ( ပြန် / ဆက်)**

## အများပြည်သူ အပန်းဖြေနေရာငါးခုတွင် Free Wifi စနစ်များ တပ်ဆင်ပေးရန် စီစဉ်

**ရန်ကုန် ဇူလိုင် ၁၈**
အများပြည်သူ အပန်းဖြေနေရာငါးခုတွင် Free Wifi စနစ်များ တပ်ဆင်ပေးရန် စီစဉ်နေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ပြောသည်။

အဆိုပါ Free Wifi စနစ်များ တပ်ဆင်ပေးရန် စီစဉ်သည့် အများပြည်သူ အပန်းဖြေနေရာများမှာ မဟာဗန္ဓုလပန်းခြံ၊ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၊ သုဝဏ္ဏပန်းခြံ၊ Sule Square နှင့် အင်းလျားကန်ပေါင်တို့ဖြစ်ကြောင်း သိရသည်။

ထိုသို့ အများပြည်သူ အပန်းဖြေနေရာများတွင် အခမဲ့အသုံးပြုနိုင်မည့် WiFi စနစ်တပ်ဆင်ပေးရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Mytel မှ တာဝန်ရှိသူများ ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ပြောသည်။

“Mytel ကနေပြီးတော့ အခမဲ့ WiFi စနစ် တပ်ဆင်ပေးဖို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဆီ လာရောက်ဆွေးနွေးထားဆဲ ဖြစ်ပါတယ်။ သူတို့က အဲဒီနေရာတွေမှာ အခမဲ့အသုံးပြုခွင့်ရရှိရေး တပ်ဆင်ပေးမှာဖြစ်သလို အခြားနေရာတွေမှာလည်း သူတို့က အခကြေးငွေနဲ့ ဆက်သွယ်ရေးတာဝါတိုင်တွေ တပ်ဖို့အစီအစဉ်ရှိပါတယ်။ ဒါတွေကတော့ ဝန်ကြီးချုပ်ဆီမှာ လာရောက်ဆွေးနွေးညှိနှိုင်းနေဆဲ ဖြစ်ပါတယ်၊ အကောင်အထည်ပေါ်လာဖို့လည်းရှိပါတယ်” ဟု ၎င်းက ပြောသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်တပ်ဆင်မည့် ဆက်သွယ်ရေးတာဝါတိုင်များကိုလည်း မည်သည့်နေရာများတွင် အခကြေးငွေမည်မျှဖြင့် တာဝါတိုင် မည်မျှစိုက်မည်တို့ကို ဆွေးနွေးရန် ကျန်ရှိနေသေးကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

လက်ရှိတွင် ပထမအကြိမ် ဆွေးနွေးမှုများပြုလုပ်ထားပြီးဖြစ်ကာ အသေးစိတ်အစီအစဉ်များကို ဒုတိယအကြိမ် ထပ်မံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ် ၃၃ မြို့နယ်အတွင်း အများပြည်သူအသုံးပြုနိုင်ရန်အတွက် Free WiFi စနစ်ကို ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် YBS ယာဉ်လိုင်းအချို့တွင် တပ်ဆင်ထားကြောင်း သိရသည်။ **ငြိမ်းငြိမ်း**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ရှမ်းကိုင်းရေထိန်းတံခါးကြည့်ရှု

**ဝေါ ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၇ ရက် ညနေ ၅ နာရီခွဲက ဝေါမြို့နယ်အတွင်းရှိ ရှမ်းကိုင်းရေထိန်းတံခါးကို သွားရောက်ကြည့်ရှုသည်။

ရှမ်းကိုင်းရေထိန်းတံခါး ပုံမှန်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စစ်တောင်းမြစ်အတွင်းသို့ ကွင်းရေထုတ်နုတ်နေမှုနှင့် ကွင်းအတွင်းမှမျောပါလာသော ဗေဒါပင်များ၊ ဒိုက်များ ရေတံခါးတွင် ပိတ်ဆို့မှုမရှိစေရေးအတွက် ရှင်းလင်းဖယ်ရှားနေမှုများနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မိုးညွန့်တို့က ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက လိုအပ်သည်များ မှာကြားသည်။

ရှမ်းကိုင်းရေထိန်းတံခါးသည် ဝေါမြို့နယ် အဗျား-ရှမ်းကိုင်းရေနုတ်မြောင်းနှင့် စစ်တောင်းမြစ်ဆုံရာ ရှမ်းကိုင်းကျေးရွာအနီးတွင် ၁၉၉၉-၂၀၀၀ ပြည့်နှစ်တွင် ရေထိန်းတံခါးအရွယ်အစား (၆ပေ×၈ပေ) ၂၇ ပေါက်ပါ ရေသွင်းရေထုတ်မြောင်းအလျား ပေ ၄၅၀၀၊ အကျယ်ပေ ၁၅၀၊ ပျမ်းမျှအနက် ၁၂ ပေရှိရေထိန်းတံခါးနှင့် ရေသွင်းရေထုတ်မြောင်းအဖြစ် စိုက်ပျိုးမြေဧရိယာဧက ၂၅၀၀၀ ကို အကျိုးပြုပေးနိုင်ရန်၊ ပဂိုင်တာတောင်ပိုင်း ရေကြီးရေလွှမ်းကွင်းများ ရေထုတ်နုတ်ရေးနှင့် နွေရာသီရေပိုမိုရရှိရေးလုပ်ငန်းများ၊ စစ်တောင်းမြစ်ရေ မဝင်ရောက်စေရန်၊ နွေရာသီတွင် ရေထိန်းသိုလှောင်နိုင်ရန်၊ ရေငန်နှင့် နုန်းများမဝင်ရောက်စေရန်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ရှားငံမြို့နယ် ပြည်သူ့ဆေးရုံ၌ သွားနှင့်ခံတွင်းဆေးခန်းဖွင့်လှစ်

**ရှားငံ ဇူလိုင် ၁၈**



ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှားငံမြို့နယ် ပြည်သူ့ဆေးရုံတွင် Forever Group က ပြင်ဆင်မွမ်းမံလှူဒါန်းသည့် သွားနှင့်ခံတွင်းဆေးခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ ပြည်သူ့ဆေးရုံ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် ဦးစီးအဖွဲ့ဝင်များ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ အလှူရှင် Forever Group မှ CEO နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများက သွားနှင့် ခံတွင်းဆေးခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး အလှူရှင် Forever Group မှ CEO ဦးဝင်းမော်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူရှင်က သွားနှင့်ခံတွင်းဆေးခန်းဆိုင်ရာ စာရွက်စာတမ်းများကို ရှားငံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခွန်ဝင်းလတ်ထံသို့ လည်းကောင်း၊ သွားခုတ်မှန်စက်တစ်လုံးကို ပင်းတယမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုမိုကြည်ထံသို့ လည်းကောင်း ပေးအပ်ရာ အလှူရှင်နှင့် စက်ကိရိယာများ တပ်ဆင်ပေးသော Ever Green Dental Care မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ဆက်လက်ပြီး ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းစိုးက ဒေသခံ ပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ရှားငံမြို့နယ် ပြည်သူ့ဆေးရုံတွင် သွားနှင့်ခံတွင်းဆေးခန်းကို ပြန်လည်ပြင်ဆင် မွမ်းမံပြီး ခေတ်မီသွားစိုက်ခုံ နှစ်ခုံ၊ စက်ကိရိယာပစ္စည်း အပြည့်အစုံအပြင် သွားခုတ်မှန်ရိုက်စက်ကိုပါ အသုံးပြုကုသနိုင်ခြင်းကြောင့် ဒေသခံပြည်သူများ သွားနှင့်ခံတွင်းရောဂါများ စစ်ဆေးကုသရေးအတွက် လွယ်ကူအဆင်ပြေသွားပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ကလေးငယ်များအား နွားနို့တိုက်ကျွေး

**ဘားအံ ဇူလိုင် ၁၈**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၉)ရပ်ကွက်၊ အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းနေအရွယ်ကလေးငယ်များ ကျန်းမာသန်စွမ်းစေရန်၊ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နွားနို့နှင့် ကြက်ဥပြုတ်များကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက တိုက်ကျွေးခဲ့သည်။

နွားနို့နှင့် ကြက်ဥပြုတ်များတိုက်ကျွေးရာသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ် ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ ၅၇၁ ဦးတို့အား နွားနို့နှင့်ကြက်ဥပြုတ်များ တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## ကိုရီးယားသမ္မတနိုင်ငံ အထူးဆေးကုသရေးအဖွဲ့ဝင်များ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် အခမဲ့ဆေးကုသပေး

**ရန်ကုန် ဇူလိုင် ၁၈**



ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံတွင် ဇူလိုင် ၁၆ ရက် နံနက် ၉နာရီက ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့မှ အထူးကုဆေးကုသရေးအဖွဲ့ဝင်များသည် အခမဲ့စမ်းသပ်စစ်ဆေးကုသရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့မှ ဆေးကုသရေးအဖွဲ့ဝင်များသည် သားဖွားမီးယပ်ရောဂါ၊ မျက်စိရောဂါ၊ အရိုးအကြောရောဂါနှင့် အထွေထွေရောဂါများအား အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခဲ့ကြပြီး မြို့နယ်ပြည်သူ့ဆေးရုံမှ ဝန်ထမ်းများနှင့်ပူးပေါင်း၍ ရှေးဦးသူနာပြုစုကုသနည်းသင်တန်းပို့ချခဲ့ကြောင်း သိရသည်။

လူနာများအား ဆေးကုသနေမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမိုးမြင့်ဇော်ဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဒေါ်ခင်စန်းဝင်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အာဇာနည်ခေါင်းဆောင်ကြီးများလုပ်ကြံခံရမှုနှင့်ဥပဒေအကြောင်းအချက်

စာမျက်နှာ ၁၅ မှ

အထူးရာဇဝတ်ခုံရုံးသည် ပြစ်ဒဏ်စီရင်ချက်များကို ဖတ်ကြားပြီးနောက် ထိုသို့ ပြစ်မှုထင်ရှား စီရင်ခံရသူများသည် အယူခံဝင်လိုကြပါက ပြစ်ဒဏ်စီရင်ချမှတ်သည့်နေ့ဖြစ်သော ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့မှစ၍ ခုနစ်ရက်အတွင်း အယူခံဝင်နိုင်ကြသည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**အယူခံဝင်ရောက်ခြင်း**

တရားခံ ဦးစောပါ ကိုးဦးတို့သည် အထူးရာဇဝတ်ခုံရုံးက ချမှတ်သည့် စီရင်ချက်အမိန့်အပေါ် ကျေနပ်မှုမရှိသဖြင့် တရားလွှတ်တော်သို့ အယူခံဝင်ရောက်ခဲ့သည်။ တရားလွှတ်တော်က အယူခံတရားခံများအားလုံးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ) အရ ပြစ်မှုထင်ရှားတွေ့ရှိကာ ပြစ်ဒဏ်စီရင်ခြင်းနှင့် စပ်လျဉ်း၍ အထူးရာဇဝတ်ခုံရုံး၏ သေဒဏ်ချမှတ်ခဲ့သည်ကို ဆက်လက်အတည်ပြုသည်။ အယူခံလျှောက်လွှာကိုပယ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ [၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး (တရားလွှတ်တော်) စာမျက်နှာ ၂၁၇]

တရားခံ ခင်မောင်ရင်အပေါ် ချမှတ်ထားသော သေဒဏ်ကို ၁၉၄၈ ခုနှစ် မေလ ၅ ရက်နေ့တွင် လည်းကောင်း၊ တရားခံ သုခနှင့် မောင်နီတို့အပေါ် ချမှတ်ထားသောသေဒဏ်ကို ၁၉၄၈ ခုနှစ် မေလ ၆ ရက်နေ့တွင်လည်းကောင်း တစ်သက်တစ်ကျွန်းဒဏ်သို့ သမ္မတက လွှဲပြောင်းလျှော့ပေါ့ပေးသည်။ ကျန်တရားခံများအပေါ် ချမှတ်ထားသော သေဒဏ်ကို စီရင်ရန်ဖြစ်သည်။

၁၉၄၈ ခုနှစ် မေလ ၈ ရက်နေ့ နံနက် အရုဏ်တက်တွင် ဦးစော၊ မောင်စိုး၊ သက်နှင်းနှင့် မှုကြီးတို့ကို အင်းစိန်အကျဉ်းထောင်၌ ကြိုးပေးခဲ့သည်။ စိန်ကြီးနှင့် ရန်ကြီးအောင်တို့ကို ဗဟိုအကျဉ်းထောင်အတွင်း၌ တစ်ချိန်တည်းလို ကြိုးပေးခဲ့သည်။

**နိုင်ငံတော်လုပ်ကြံမှု**

ယခုဖြစ်ပွားသော လုပ်ကြံမှုသည် သာမန်လုပ်ကြံမှုမဟုတ်ပါ။ မြန်မာနိုင်ငံတော်သစ်ကို ထူထောင်သော တိုင်းချစ်ပြည်ချစ်၊ လူထုချစ်သော ခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်များကို လုပ်ကြံခြင်းကြောင့် နိုင်ငံတော်ကို လုပ်ကြံခြင်းမြောက်သည်။ ထို့ကြောင့် နိုင်ငံတော်လုပ်ကြံမှုကြီးဟု ခေါ်ဝေါ်ခဲ့ကြသည်။

ဤသည်မှာ နိုင်ငံတော်လုပ်ကြံမှုကြီးနှင့် စပ်လျဉ်း၍ မူလတရားရုံးဖြစ်သည့် အထူးရာဇဝတ်ခုံရုံး၏ စီရင်ချက်နှင့် အယူခံရုံး၏ စီရင်ဆုံးဖြတ်ချက်တို့ကို ဖတ်ရှုလေ့လာပြီး ဥပဒေကြောင်းအချက်အလက်အချို့ကို ကောက်နုတ်ဖော်ပြလိုက်ရခြင်းဖြစ်သည်။ ၁၉၄၈ ခုနှစ် မေလ ၁ ရက်နေ့ထုတ် 'အိုးဝေ' သတင်းစာ၏ 'ဤမိုးနှင့်ဤမြေ' အခန်းတွင် မောင်သုမနက 'ဗမာ့ဝဋ်ကြွေး' ဟု ခေါင်းစဉ်တပ်၍ ရေးသားခဲ့သည်များမှ အောက်ပါစာပိုဒ် ၂ပိုဒ် ကို ကောက်နုတ်ဖော်ပြ၍ ဤဆောင်းပါးကို အဆုံးသတ်လိုက်ပါရစေ။

"ဒီအမှုကြီးကို အစအဆုံး တရားအတိုင်းစီရင်ပြီးရင် အမိမြန်မာပြည်ကြီးဟာ နောင်အခါမှာ ဒီလိုပူဆွေးဒုက္ခမျိုး ဘယ်တော့မှ မရောက်ပါစေနဲ့လို့ လှိုက်လှဲစွာ ဆုတောင်းပါတယ်။ ဒီလိုအဖြစ်မျိုးကို နောင်များမဖြစ်ကြရအောင် နိုင်ငံရေးခေါင်းဆောင်လုပ်သူများ အထူးသတိပြုကြပါခင်ဗျား"

"တမလွန်ဘဝတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးစောပြန်လည်မိတ်ဆက်ကာ လွတ်လပ်တဲ့မြန်မာပြည်၌ ညီရင်းအစ်ကိုများအဖြစ် ပြန်လည်မွေးဖွားပြီး တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ ဆုတောင်းပါတယ်။ လွတ်လပ်သော မြန်မာပြည်ကြီး တည်တံ့ပါစေသော်။"

၁၈-၇-၂၀၁၉၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှတ်တမ်း

# ပြည်သူများအား ခွေးရူးရောဂါအန္တရာယ်ကင်းဝေးစေရန် အသိပညာပေးခြင်းနှင့် လမ်းဘေးခွေးအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ ခွေးအားလုံးအား ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းကိုဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမင်းသိန်း။ (ရေဦးမဲဆန္ဒနယ်)** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်း တိုင်းဒေသကြီး ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ဖြစ်ပါတယ်။ နိုင်ငံသူ နိုင်ငံသားအားလုံး ခွေးရူးရောဂါဖြစ်ပွားခြင်း အန္တရာယ်ကင်းဝေးစေရန် ၂၀၂၀ အာဆီယံ ဒေသတွင်းနိုင်ငံများ သဘောတူညီချက် အောင်မြင်စေရန်၊ ဝန်ကြီးဌာနဆောင်ရွက်ချက်များ ပြည်သူများ သိရှိစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဒီမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။**

လူကို ခွေးရူးရောဂါဖြစ်ပွားမယ်ဆိုရင် သေချာပေါက်သေစေနိုင်သော ရောဂါတစ်ခု ဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် နိုင်ငံတိုင်းက အရေးကြီးရောဂါတစ်ခုအဖြစ် သတ်မှတ်ထားကြပါတယ်။ ကျွန်တော်တို့နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၅၀ ကျော်မှာ ခွေးရူးရောဂါဖြစ်ပွားနေဆဲဖြစ်ပြီးတော့ နိုင်ငံတော်တော်များများက ခွေးရူးရောဂါအန္တရာယ်ကို အလေးထားထိန်းချုပ်ဖို့ ကြိုးစားလာကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ခွေးအကောင်ရေ လေးသန်းခန့်ရှိကြောင်း ခန့်မှန်းဖော်ပြထားတာကို တွေ့ရှိရပြီးတော့ ခွေးရူးရောဂါကြောင့် နှစ်စဉ် လူ ၁၁၀၀ ခန့် သေနေတယ်လို့ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ၉၉ ရာခိုင်နှုန်းမှာ ခွေးကိုက်ခံရခြင်းကြောင့် လူကိုခွေးရူးရောဂါဖြစ်ပွားစေပြီးတော့ ၈၀ ရာခိုင်နှုန်းခန့်မှာ လမ်းဘေးခွေးများ ကိုက်ခံရခြင်းကြောင့် ခွေးရူးရောဂါဖြစ်ပွားစေကြောင်း သိရှိရပါတယ်။ ပိုင်ရှင်မဲ့ လမ်းဘေးခွေးများကို ခွေးရူးကာကွယ်ဆေးထိုးပေးနိုင်မှသာ ခွေးရူးရောဂါဖြစ်ပွားခြင်းအန္တရာယ်ကို လျှော့ချကာကွယ်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်တော်များများမှာ ခွေးရူးရောဂါအန္တရာယ်ကို အလေးထားထိန်းချုပ်လာခြင်းကြောင့် လူမှာခွေးရူးရောဂါဖြစ်ပွားသေဆုံးမှုနှုန်းလည်း လျော့ကျလာကြောင်း သိရှိရပါတယ်။

ခွေးရူးရောဂါအန္တရာယ်ကို လျှော့ချကာကွယ်ခြင်းမှာ ငွေကြေးသုံးစွဲကာ စီမံချက်ချမှတ်ဆောင်ရွက်ခြင်းမပြုနိုင်သော နိုင်ငံများ၊ အသိပညာပေးလုပ်ငန်းဆောင်ရွက်ခြင်းမပြုနိုင်သောနိုင်ငံများနှင့် ဘာသာရေးယဉ်ကျေးမှုအရ အကန့်အသတ်ရှိသော နိုင်ငံများမှာ ခွေးရူးရောဂါ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီးတော့ ထိန်းချုပ်ရန်ခက်ခဲကြောင်း သိရှိရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ အန္တရာယ်များသောနိုင်ငံများစာရင်းတွင် ပါရှိသော လူသေပျောက်မှု၊ သေဆုံးမှုအများဆုံးနိုင်ငံများစာရင်းတွင် ပါရှိပါတယ်။ လူဦးရေနဲ့ အချိုးချနှိုင်းယှဉ်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံသား ၁၃ ဦးလျှင် ခွေးတစ်ကောင်နှုန်း ဖြစ်ပြီးတော့ ခွေးရူးရောဂါအန္တရာယ်ကင်းဝေးစေရေးကို အလေးထားဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

နိုင်ငံအတွင်းရှိခွေးအားလုံးကို ကာကွယ်ဆေးထိုး ဆောင်ရွက်ခြင်းဟာ နိုင်ငံသူနိုင်ငံသားများ ခွေးရူးရောဂါအန္တရာယ်မဖြစ်ပွားစေ ရေးအတွက် အဓိကကျသောလုပ်ငန်းဖြစ်ပါတယ်။ ခွေးရူးရောဂါကာကွယ်ဆေးထိုးခြင်းကို ၇၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်မယ်ဆိုရင် ခွေးရူးရောဂါအန္တရာယ် ဖြစ်ပွားခြင်းကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ ရန်ကုန်မြို့တွင်းရှိ လမ်းဘေးခွေးများကို ခွေးရူးရောဂါကာကွယ်ဆေးထိုးခြင်း၊ မျိုးပွားထိန်းချုပ်ခြင်းများကို မြန်မာနိုင်ငံ တိရစ္ဆာန်ဆရာဝန်များပရဟိတအဖွဲ့က လိုက်လံဆောင်ရွက်နေကြောင်းလည်း သိရှိရပါတယ်။ ခွေးရူးရောဂါလျော့နည်းကျဆင်းရေးအတွက် အစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပညာရှင်များ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ဒါကတော့ ခွေးရူးရောဂါဖြစ်ပွားမယ်ဆိုရင် ၁၀၀ ရာခိုင်နှုန်းသေဆုံးနိုင်သော်လည်းပဲ ၁၀၀ ရာခိုင်နှုန်း ကာကွယ်နိုင်ကြောင်း ပြောထားတာဖြစ်ပါတယ်။ ကမ္ဘာမှာဆိုရင် နိုင်ငံတကာမှာ လူနှင့်ခွေးအချိုးက လူ ၁၀ ဦးကို ခွေးတစ်ကောင်နှုန်းဖြစ်ပါတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံမှာဆိုရင် လူ ၁၃ ဦးကို ခွေးတစ်ကောင်နှုန်းဖြစ်ပါတယ်။ ခွေးအများစုဟာ ကာကွယ်ဆေးမထိုးရသော ခွေးများဖြစ်ပါတယ်။ ၉၉ ရာခိုင်နှုန်းက ခွေးကိုက်ခြင်းကြောင့် လူကိုခွေးရူးရောဂါ ဖြစ်ပွားစေပါတယ်။ ၈၀ ရာခိုင်နှုန်းက လမ်းဘေးခွေးကိုက်ခံရမှုကြောင့် ခွေးရူးရောဂါ ဖြစ်ပွားရခြင်းဖြစ်ပါတယ်။ ရန်ကုန်မှာဆိုရင် ၂၀၁၄ ခုနှစ်မှာ ခွေးအကောင်ရေ ၇၀၀၀၀ ခန့်ရှိသော်လည်း ၂၀၁၅ ခုနှစ်မှာ ၁၂၀၀၀၀ လောက်ထိဖြစ်လာပါတယ်။ အဲဒီမှာဆိုရင် လူ ၅၀ ကို ခွေးတစ်ကောင်နှုန်းနဲ့ ရန်ကုန်မှာတည်ရှိနေပါတယ်။ ကျွန်တော်တို့ မြို့ပြမှာဆိုရင် ကာကွယ်ဆေး ၂၀ ရာခိုင်နှုန်း ထိုးနိုင်သော်လည်း ကျေးလက်မှာငါးရာခိုင်နှုန်းပဲထိုးပေးနိုင်ပါသေးတယ်။ WHO တို့၊ OIE တို့ စံသတ်မှတ်ချက်အရဆိုရင် ၇၀ ရာခိုင်နှုန်းထိ ခွေးရူးကာကွယ်ဆေးထိုးပေးကြရမှာ ဖြစ်ပါတယ်။ ဒါက ခွေးရူးရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံတွေကို ဖော်ပြထားတာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံက အများဆုံးဖြစ်ပြီးတော့ နံပါတ် (၆)အဆင့်မှာ ရှိပါတယ်။ ဒါကတော့ မြန်မာနိုင်ငံ တိရစ္ဆာန်ဆရာဝန်များ ပရဟိတအဖွဲ့ကနေပြီးတော့ လမ်းဘေးခွေးတွေကို မျိုးပွားမှုထိန်းချုပ်တာ၊ ကာကွယ်ဆေးထိုးတာတို့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါသောကြောင့် နိုင်ငံသူနိုင်ငံသားများ ခွေးရူးရောဂါအန္တရာယ်ကင်းရှင်းစေရန် ခွေးရူးရောဂါအသိပညာပေးခြင်းနှင့် နိုင်ငံအတွင်းရှိခွေးများ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ဝန်ကြီးဌာနက ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန။** ။ **လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။**



ဒေါက်တာမင်းသိန်း

ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်း၏ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို မေးသော်ငြားလည်း ဝန်ကြီးဌာနကိုယ်စားရော၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကိုယ်စားရော ကျွန်တော်ဖြေကြားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ခွေးရူးရောဂါအန္တရာယ်ကင်းဝေးစေရန်နှင့် အာဆီယံဒေသတွင်းနိုင်ငံများ သဘောတူညီမှု အောင်မြင်စေရန် ပြည်သူများ အသိပညာပေးခြင်းနှင့် လမ်းဘေးခွေးအပါအဝင် မြန်မာနိုင်ငံရှိ ခွေးအားလုံးအား ခွေးရူးရောဂါကာကွယ်ဆေးထိုးနိုင်ခြင်းကိစ္စနှင့် ပတ်သက်ပြီး သိလိုတဲ့မေးခွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလွှတ်တော်ကိုယ်စားလှယ်ကြီး မေးတဲ့မေးခွန်းကို ကျွန်တော်ပြန်လည်သုံးသပ်လိုက်တဲ့အခါမှာ အဓိက (၃)ချက်ရှိပါတယ်။ ဒီမေးခွန်းကတော့ ငါးမိနစ်ကျော်မှာဖြစ်တဲ့အတွက် ကြိုတင်၍ခွင့်တောင်းအပ်ပါတယ်။ ပထမတစ်ချက်ကတော့ မေးခွန်းထဲမှာ နိုင်ငံသူနိုင်ငံသား ခွေးရူးရောဂါအန္တရာယ် ကင်းဝေးစေရန် ဒီအချက်မှာကြည့်လိုက်တဲ့အခါမှာ ကင်းဝေးဖို့ဆိုရင် (၁)ခွေးကိုက်မခံရခြင်း၊ (၂) ကိုက်ခံရပါက သေဆုံးမှုမရှိခြင်း ဒီကိစ္စတွေကို ကျွန်တော် အသေးစိတ်တင်ပြပါမယ်။ နံပါတ်(၂)က အာဆီယံ သဘောတူညီချက်များအရ အောင်မြင်မှုရစေရန်၊ ဒီကိစ္စနှင့် ပတ်သက်လို့ ကျွန်တော်တို့ဝန်ကြီးဌာနတွေ ပေါင်းမယ်။ One Health Approach နဲ့ FAO၊ OIE ။ OIE ဆိုတာက Animals Health Organization မှာ WHO တို့နဲ့ ပေါင်းပြီးလုပ်မယ်။ မိတ်ဖက်အဖွဲ့ အစည်းနှင့် လုပ်မယ်။ Community Based Organization တွေနဲ့ပေါင်းပြီး လုပ်မယ်။ ဒီလုပ်မည့်ကိစ္စတွေကလည်း ကျွန်တော် မဟာဗျူဟာနှင့် နည်းဗျူဟာများအားလုံးချထားပြီး ဖြစ်တဲ့အတွက် ဒီမဟာဗျူဟာနှင့် နည်းဗျူဟာအတိုင်း ဆက်လက်လုပ်မှာ ဖြစ်ပါတယ်။

နံပါတ်(၃)ဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ မေးခွန်းကတော့ ခွေးများအားလုံး ခွေးရူးရောဂါကာကွယ်ဆေးထိုးနိုင်ခြင်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို မေးမြန်းခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာကြည့်မယ်ဆိုရင် ဒီမေးခွန်းဟာ အလွန်အရေးကြီးတဲ့မေးခွန်းဖြစ်တဲ့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ Power Point တွေကလည်း တော်တော်ကောင်းပါတယ်။ တော်တော်ကို ဗဟုသုတလည်းရပါတယ်။ Information လည်းရပါတယ်။ ဒီမှာကြည့်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ဘဏ္ဍာငွေတွေဟာ မကုန်သင့်တာထက် ပိုကုန်နေရပါတယ်။ ဘာကြောင့်ကုန်သလဲဆိုတာ ကျွန်တော်တင်ပြပါမယ်။ နောက်တစ်ခု ဒီခွေးကိုက်ခံရမယ်ဆိုရင် စိတ်ဖိစီးမှု၊ စိုးရိမ်မှု (Stress) တွေက အရမ်းများပါတယ်။ နောက်တစ်ခုက တကယ်သာ ခွေးရူးကိုက်ပြီး ကာကွယ်ဆေးကိုမထိုးနိုင်ဘူးဆိုရင် ၁၀၀ ရာခိုင်နှုန်းသေဖို့ရှိပါတယ်။ အဲဒီတော့ ဒီအချက်တွေကို ကျွန်တော်တို့က ဂရုစိုက်ရမှာဖြစ်ပါတယ်။ အဲဒီတော့ ခွေးကိုက်ခံရသူတိုင်းသည် ဆေးထိုးရမှာပဲ။ ဘာကြောင့်လဲဆိုတော့ ခွေးကိုက်ရင် ခွေးရူးဟုတ်လား၊ မဟုတ်လား ဘယ်သူမှကြိုပြီး မသိပါဘူး။ အဲဒီတော့ လူတိုင်းထိုးမယ်။ လူတိုင်းထိုးမယ်ဆိုတော့ ခွေးကိုက်ခံရသူ များတိုင်းများတိုင်း ကျန်းမာရေးဝန်ကြီးဌာနမှာ ဝန်ဆောင်မှုက တော်တော်ပိပါတယ်။ ဆေးထိုးပေးရမယ်။ အဲဒါတွေ ရှိပါတယ်။ နောက်တစ်ခုက အကယ်၍သာ တကယ်ရူးတဲ့ခွေးကကိုက်ပြီး ကျွန်တော်တို့ ဆေးမထိုးဘူးဆိုရင် ဒီလူသည် ရာခိုင်နှုန်းပြည့်သေပါမယ်။ အဲဒီတော့ ကျွန်တော်တို့ ဦးအောင်ထိုးရမယ်။ ဦးအောင်ထိုးရမယ်ဆိုရင်တော့ ပြည်သူလူထုရဲ့ အသိပညာ အရေးကြီးပါတယ်။ ပြည်သူလူထုက စောစီးစွာလာမှဖြစ်မယ်။ ခွေးကိုက်တယ်ဆိုတာ ခွေးရူးရဲ့ Saliva ပေါ့။ တံထွေးမှာ Virus ရှိတယ်။ ဒီ Virus က ကိုက်လိုက်တာနဲ့ Muscle မှာပွားပြီးတော့ Muscle မှာရှိတဲ့ Nerve ထဲကို ဝင်သွားပါတယ်။ အဲဒီက ဝင်ပြီးတဲ့အခါကျတော့ Spinal Cord ကိုသွားပါတယ်။ Spinal Cord ကနေ ဦးနှောက်ကိုရောက်တယ်။ ဒါအတွင်းကိုသွားတာ။ ဦးနှောက်ကို ရောက်ပြီးတဲ့အခါကျတော့ ဦးနှောက်ကတစ်ဆင့် နှလုံးနှင့်ကြွက်သားတွေ ဆီသွားမယ်။ Adrenal Gland တို့ ဒီပြင်နေရာတွေကို ရောက်သွားတယ်။ အဲဒီတော့ ဆိုလိုတာက ဒီ Virus က ဦးနှောက်ကို မရောက်ခင် ကျွန်တော်တို့က အရင်ဆုံးကိုင်တွယ်ရမယ်။ အရင်ဆုံးကိုင်တွယ်ရမယ်ဆိုတာက အစောဆုံးထိုးရမယ်။ ထိုးတဲ့နေရာမှာ ပြည်သူတို့ကသိရမှာက ခွေးကိုက်တယ်ဆိုတာက အပေါ်ရောက်လေ၊ ရောက်လေ အန္တရာယ်ပိုများလေ။ ခြေထောက်မှာကိုက်ရင် သူတို့ရောက်ဖို့ Chance က အချိန်ကလိုတယ်။ လက်ကိုကိုက်တာ၊ မျက်နှာကိုက်တာဆိုရင် ပိုဆိုးတယ်။ ဒါ့အပြင် ကိုက်တာ ဘယ်လောက်များမလဲ။ ဒီပေါ်မှာမူတည်ပြီးတော့ Virus ရဲ့ Load ကလည်းများတယ်။ ဒါတွေအကုန်လုံးကို ပြည်သူသိမယ်ဆိုရင် စောစီးစွာလာထိုးပေးမယ်။ ထိုးပေးမယ်ဆိုရင် သေမယ့်အလားအလာက အလွန်နည်းသွားပါတယ်။ ဒီအချက်တွေကို ပြည်သူလူထုက အားလုံးသိဖို့ လိုပါတယ်။ နောက်တစ်ချက်က ခွေးကိုက်တဲ့အခါမှာ ကျွန်တော်တို့က ပြည်သူလူထုကို မသေအောင်၊ အန္တရာယ်မရှိအောင် ကာကွယ်ဆေးတွေဝယ်နေပါတယ်။ အစိုးရတက်လာပြီးတော့ ၂၀၁၆-၂၀၁၇ ခုနှစ်ကနေပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ထိ ကျွန်တော်တို့ဝယ်တဲ့ ခွေးရူးနဲ့ ပတ်သက်ပြီး Anti-rabies vaccine ဝယ်တာ ၁၃ ဒသမ၇၂ ဘီလီယံလောက် ဝယ်ရပါတယ်။ အကယ်၍သာ ခွေးမကိုက်ဘူးဆိုရင် ဒီပိုက်ဆံ ၁၃ ဒသမ ၇၂ ဘီလီယံက မတန်ပါဘူး။ ထို့အပြင် အလွန်အန္တရာယ်ရှိတဲ့ category-3 ပေါ့။ အဆင့်(၃)မှာ အကိုက်ခံရတဲ့လူတွေဆိုရင် အဲဒါအပြင် ကိုက်တဲ့နေရာမှာ Rabies Immunoglobulin ထိုးပေးရပါတယ်။ အဲဒီအတွက်ကိုလည်း ဝယ်ထားတာ ၁ ဒသမ ၂ ဘီလီယံလောက်ပါတယ်။ နှစ်ခုပေါင်းဆိုရင် ၁၅ ဘီလီယံလောက် ဒီအစိုးရလက်ထက်မှာ သုံးထားပြီးပါပြီ။ တိုင်းပြည်ကလည်း ဘဏ္ဍာငွေချပေးတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့လုပ်နေပါတယ်။ ဒီမှာကြည့်တဲ့အခါမှာ ကျွန်တော်တို့က Rabies Vaccine ဆိုတာတစ်လုံး၊ တစ်လုံးထိုးရင် ကျပ် ၈၀၀၀ ကျော်ကျပါတယ်။ ကျပ် ၈၀၀၀ ကျော်မှာ ကျွန်တော်တို့က Intramuscular အသားထဲထိုးရင် လေးလုံးကုန်ပါတယ်။ ငွေကျပ် ၃၂၀၀၀ ဖြစ်ပါတယ်။ အကယ်၍ Intradermal ဆိုရင် နှစ်လုံးပဲကုန်တဲ့အတွက် ကျပ် ၁၆၀၀၀ ပဲကျတယ်။ ကျွန်တော်တို့က ညွှန်ကြားချက်အကုန်ထုတ်ပြီးပါပြီ။ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးကို ခွေးရူး ကာကွယ်ဆေးထိုးရင် ကြွက်သားထဲကို မထိုးပါနဲ့။ အရေပြားမှာ ရှပ်ပြီးထိုးဖို့။ ဒါဆိုရင် ဆေးက တစ်ဝက်နီးပါးလောက် သက်သာမှာပါ။

နောက်တစ်ခုက အခုနကပြောတဲ့ ကိုက်တဲ့ဟာမှာ ခွေးကိုက်တာပြင်းထန်တယ်ဆိုရင် Rabies Immunoglobulin ထိုးရပါတယ်။ တစ်လုံးကို ငွေကျပ် ၁၆၅၀၀ ကျပါတယ်။ ဒီအပေါ်မှာလည်း ကျွန်တော်က ဆေးတစ်လုံးကနေ သုံးလုံးအတွက် ခန္ဓာကိုယ်အလေးချိန် (Body Weight) ပေါ်မှာ မူတည်ပြီး ထိုးရတဲ့အတွက် ဒါလည်း ပိုက်ဆံအများကြီးကုန်ကျပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ပြန်ကြည့်တဲ့အခါမှာ ခွေးကိုက်နှုန်းတွေဟာ တဖြည်းဖြည်းတက်လာတာ တွေ့ရပါတယ်။ ဥပမာ ၂၀၁၇ ခုနှစ်တုန်းက လူပေါင်း ၁၈၀၀၀၀ လောက် အကိုက်ခံရပါတယ်။ တစ်လတစ်လကို ၁၅၀၀၀ အကိုက်ခံရပါတယ်။ ၂၀၁၈ ခုနှစ်မှာ ၁၉၂၀၀၀ ကျော်ကို ကိုက်တဲ့အတွက် တစ်လ၊ တစ်လမှာ ၁၆၀၀၀ လောက် အကိုက်ခံရပါတယ်။ အခု ၂၀၁၉ ခုနှစ် ဇန်နဝါရီလကနေစပြီးတော့ အခု ငါးလမှာဆိုရင် ၆၀၀၀၀ အကိုက်ခံရပါတယ်။ ဒီ ၆၀၀၀၀ ဟာ တစ်လ၊ တစ်လကို ၁၂၀၀၀ လောက် အကိုက်ခံနေရပါတယ်။ အဲဒီတော့ ဆိုလိုတာက အကိုက်ခံရတဲ့ဟာက ခွေးကများနေတုန်းပဲရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဒီဆေးတွေ ၁၃ ဒသမ ၇၂ ဘီလီယံတွေ ဝယ်တယ်။ Rabies Immunoglobulin တွေ ဝယ်တယ်။ သေနှုန်းကတော့ကျသွားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ ၁၉၉၅ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ ၁၀၀၀ သေပါတယ်။ သို့သော် ၂၀၁၁ ခုနှစ်ကနေ

စာမျက်နှာ ၁၉ သို့ »»

»»» စာမျက်နှာ ၁၈ မှ
ပြန်ကြည့်မယ်ဆိုရင် ၂၀၁၁ ခုနှစ်မှာ ၂၄၅ ဦးပဲ သေပြီးတော့ ၂၀၁၈ ခုနှစ်မှာဆိုရင် ၇၁ ဦးပဲ သေပါတယ်။ အခု ၂၀၁၉ ခုနှစ်မှာတော့ ၄၁ ဦးပဲ သေပါတယ်။ ဒါအလွန်ကောင်းတဲ့ လက္ခဏာဖြစ်ပါတယ်။ အဲဒီတော့ သေတာကိုတော့ ကျွန်တော်တို့ ကာကွယ်လို့ရတယ်။ အကိုက်မခံရတာနည်းမယ်ဆိုရင် ကျွန်တော်တို့က အများကြီးသက်သာပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းမှာပါတဲ့ အန္တရာယ်ကင်းဖို့ဆိုရင်တော့ ဆေးတွေကတော့ ကျွန်တော်တို့ဆက်ဝယ်ပါမယ်။ နောက်တစ်ခုက ပညာပေးလုပ်ငန်းတွေကို ပိုလုပ်ပါမယ်။ ဘာသာရေးအရတော့ ခွေးသတ်ဖို့ကိုတော့ အားမပေးပါဘူး။ သို့သော်လည်း အခုနည်းနည်းပြဿနာရှိနေတာက ခွေးချစ်သူများအသင်းလည်း ရှိနေပါတယ်။ သူတို့နဲ့လည်း ကျွန်တော် တတ်နိုင်သမျှ ညှိနှိုင်းမယ်၊ စည်းရုံးမယ်၊ ပညာပေးမယ်။ တတ်နိုင်သမျှကြိုးစားပြီး ခွေးချစ်သူများအသင်းနဲ့ ကျွန်တော် ညှိနှိုင်းပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ခွေးရူးကာကွယ်ဆေး အနေနဲ့ကတော့ တစ်ပြည်လုံးအတိုင်းအတာနဲ့ မြို့နယ်ပေါင်း ၃၃၀ မှာ အကုန်လုံး ပေးထားပါတယ်။ တိုက်နယ်ဆေးရုံတွေကိုတော့ မပေးနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ Plus 2 to Plus 8 Degree Centigrade ထားရမှာဖြစ်တဲ့အတွက် Cold Chain မရှိတဲ့အတွက် တိုက်နယ်ဆေးရုံတော့ မပေးနိုင်ဘူး။ မြို့နယ်ဆေးရုံအထိ ပေးထားပါတယ်။

နောက်တစ်ချက်က ၁၃ ဒသမ ၇၂ ဘီလီယံသက်သာအောင် ဘာလုပ်ပါသလဲဆိုတော့ ရန်ကုန်မှာ ခွေးရူးရောဂါကုသမှုဌာနတွေ ဖွင့်ပါတယ်။ Dog Bite Centre တွေဆိုပြီး ဖွင့်ပါတယ်။ မေလ ၂၉ ရက်နေ့က စဖွင့်ပါတယ်။ ရန်ကုန်ဆေးရုံကြီး၊ မြောက်ဥက္ကလာပ ဆေးရုံကြီး၊ သင်္ဃန်းကျွန်းနဲ့ အင်းစိန်မှာ ဖွင့်ပါတယ်။ တစ်လခွဲအတွင်းမှာ အားလုံး ခွေးကိုက်တဲ့ လူ ၃၃၂၆ ဦးကို ထိုးပြီးတော့ အကြိမ်ပေါင်းကတော့ ၁၁၄၆၈ ဦး ထိုးလိုက်ပါတယ်။ ဒါဆိုရင် အောင်မြင်မှုတစ်ရပ်လို့လည်း ပြောလို့ရပါတယ်။ နောက် မြို့နယ်တွေကို ကျွန်တော်တို့ ပြန်လည်သုံးသပ်ပါတယ်။ ဘယ်တိုင်းဒေသကြီးနှင့် ပြည်နယ်မှာ အများဆုံးဖြစ်သလဲဆိုတော့ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ အများဆုံးပါ။ ရန်ကုန်တိုင်းဒေသကြီးမှာ ၄၁၀၀၀ ကျော်တယ်။ မန္တလေးတိုင်းဒေသကြီးမှာ ၃၅၀၀၀၊ ပဲခူးတိုင်းဒေသကြီးမှာ ၂၄၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၂၀၀၀၀ လောက်ရှိပါတယ်။ ကျွန်တော်တို့က တိုင်းဒေသကြီးမှာရှိတဲ့ မြို့နယ်တွေကို ပြန်ကြည့်ပါတယ်။ ဘယ်မြို့နယ်မှာ အကိုက်အများဆုံးလဲ။ ကိုက်တဲ့မြို့နယ်မှာ ပညာပေးလုပ်ငန်းတွေ လုပ်ရမယ်အစရှိသဖြင့် မဟာဗျူဟာ၊ နည်းဗျူဟာအတိုင်းလုပ်မယ်။ ဒီမြို့နယ်တွေကိုလည်း ကျွန်တော်တို့က High Risk၊ Medium Risk၊ Low Risk ဆိုပြီး ခွဲပါတယ်။ ဒါတွေလုပ်ခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီး လိုလားအပ်တဲ့ ပြည်သူများဟာ ခွေးရူးကိုက်ခြင်းအန္တရာယ်မှ နည်းမှာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ASEAN Rabies Elimination Study 2010 ရှိပါတယ်။ အဲဒီမှာပါတဲ့အချက်တွေကိုလည်း ကျွန်တော်တို့ အားလုံးလုပ်ပါတယ်။ ဒါတွေကိုတော့ အသေးစိတ်မပြောတော့ပါဘူး။ All Inclusive ဖြစ်ရမှာတို့၊ Inter sectorial အဆင့်ဆင့် လိုက်လုပ်ရမယ့်ကိစ္စတွေ၊ FAO၊ WHO နဲ့ပေါင်းပြီး လုပ်ရမယ့်ကိစ္စတွေ အားလုံးပါပါတယ်။ ဒီဟာတွေကို ကျွန်တော်တို့က လုပ်တဲ့အခါမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ လုပ်လို့မရဘူး။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ လုပ်လို့မရပါဘူး။ အားလုံးပါရတယ်။ အထူးသဖြင့် Community Based Organization တွေ၊ NGO တွေ၊ ပြည်သူလူထုတွေ အားလုံးပါဝင်မှုရမှာဖြစ်ပါတယ်။

တတိယအချက်ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ခွေးတွေအားလုံးကို ကာကွယ်ဆေးထိုးမယ့်ကိစ္စ ဖြစ်ပါတယ်။ ဒီကိစ္စကတော့ ၂၀၁၈ ခုနှစ်ခွေးရဲ့ Census ကို ကောက်တဲ့အခါမှာ ပိုင်ရှင်ရှိတဲ့ခွေးက လေးသန်းရှိပါတယ်။ ပိုင်ရှင်မရှိတဲ့ခွေးက နှစ်သန်းကျော်ရှိပါတယ်။ ဒါကို ကြည့်လိုက်မယ်ဆိုရင် သူတို့ရဲ့ပေါက်ပွားနှုန်းကို ကြည့်လိုက်မယ်ဆိုရင် ကြောက်ခမန်းလိလိ Time Bomb ပေါ့။ ချိန်ကိုက်ဗုံးကြီးနဲ့ တူနေပါတယ်။ ဒီဟာကိုသာ ကျွန်တော်တို့ မကိုင်တွယ်ဘူးဆိုရင် ခွေးကပေါက်မှာပဲ။ လေးသန်းနဲ့ နှစ်သန်းက ခြောက်သန်း။ ခွေးကသားမွေးပေါက်မယ်ဆိုရင် ဒီခွေးတွေကို ကာကွယ်ဆေးတွေလိုက်ထိုးလို့ ပြီးမယ့်ကိစ္စ မဟုတ်ပါဘူး။ နောက်ထပ် အနှစ် ၁၀၀ လည်း ပြီးမှာ မဟုတ်ပါဘူး။ အဲဒီတော့ ခွေးပေါက်ပွားနှုန်းကို လျှော့ဖို့လိုပါတယ်။ လျှော့ဖို့လိုမယ်ဆိုရင် ကျွန်တော်တို့က ဘတ်ဂျက်နည်းနည်းလိုပါတယ်။ ဥပမာဆိုရင် ခွေးတစ်ကောင်ကို ကာကွယ်ဆေးထိုးမယ်ဆိုရင် ကျပ် ၇၀၀ ကနေ ကျပ် ၁၀၀၀ လောက် ကုန်ပါတယ်။ ထိုးမယ်ဆိုရင်လည်း ဒီကာကွယ်ဆေးထိုးဖို့ ပြင်ပက အခြား Vaccine တွေ သုံးမယ်ဆိုရင် ကျပ် ၁၀၀၀ ကနေ ကျပ် ၁၅၀၀ လောက် ကုန်တဲ့ အပြင် ခွေးကိုဖမ်းဖို့ ပိုက်ကွန်တွေ၊ Vaccine တွေ အများကြီးလိုပါတယ်။ ထိုးမယ်ဆိုရင် ခွေးကို လုံးဝ ကလေးမရအောင် ဆိုရင်တော့ တစ်နှစ် လျှင် တစ်ကြိမ်နဲ့ သုံး၊ လေးနှစ်လောက် ဆက်ထိုးမှသာလျှင် တစ်သက်လုံးဒီခွေးက ပေါက်ပွားမှု မရှိတော့ပါဘူး။ ဒီမှာလုပ်မယ်ဆိုရင်လည်း Logistically ကသိပ်မလွယ်တာက တစ်ရက်မှာဆိုရင် ခွေးဖမ်းပြီး ဆေးထိုးမယ်ဆိုရင် အကောင် ၁၀၀ ကနေ ၂၀၀ ပဲ ထိုးနိုင်မယ်။ Team တစ်ခုမှာလည်း လူ ငါးယောက်ပါရမယ်။ ခွေးက ဖမ်းရဦးမယ်။ ချုပ်ရဦးမယ်။ မေ့ဆေးပေးရဦးမယ်။ အဲဒါတွေကို အကုန်လုပ်ရပါတယ်။ အကယ်၍ Sterilization လုပ်တဲ့အခါမှာ အထီးတစ်ကောင်ကို ကျွန်တော်တို့က သင်းကွပ်မယ်ဆိုရင် ကျပ် ၁၀၀၀၀ ကုန်ပါတယ်။ တစ်ရက်ကို လုပ်နိုင်တဲ့ ခွေးကောင်ရေက ၄၀၊ ၅၀ ပဲ ကျွန်တော်တို့ လုပ်နိုင်ပါတယ်။ ခွေးအမတစ်ကောင်ကို Sterilization လုပ်မယ်ဆိုရင် ကျပ် ၃၀၀၀၀ ကနေ ကျပ် ၄၀၀၀၀ လိုပါတယ်။ တစ်ရက်မှာဆို ခွဲရတဲ့အချိန်လည်း လိုတယ်။ ဆိုတဲ့အခါကျတော့ အကောင် ၃၀ လောက်ပဲရမှာဖြစ်ပါတယ်။ ခွေးတွေကိုတော့ ဆက်ပြီး ကာကွယ်ဆေးနဲ့ထိန်းဖို့ဆိုတာကတော့နည်းနည်းခက်ပါတယ်။ ဘတ်ဂျက်က ထပ်လိုမှာဖြစ်ပါတယ်။

သို့သော်လည်း ဒီခွေး Population ရဲ့ ၇၀ ရာခိုင်နှုန်းသော ခွေးကိုတော့ ကာကွယ်ဆေးတွေ လုပ်ပေးမယ်ဆိုရင်တော့ ခွေးရူးရောဂါအနေနဲ့ကတော့ လျော့သွားမှာဖြစ်ပါတယ်။ ဒါနဲ့ ဘတ်ဂျက်ကတော့ အများကြီး လိုမယ့်အတွက် Root Cause အဓိကအကြောင်းက ဘာလဲ။ အဓိကအကြောင်းသည် ခွေး Population ကျသွားဖို့ အဓိကကျပါတယ်။ ဒီကိစ္စကိုလည်း ကျွန်တော်တို့အားလုံး ဝိုင်းဝန်းစဉ်းစားရမယ်။ ခွေး Population ကျအောင် ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ။ သို့မှသာလျှင် ကျွန်တော် ခုနကပြောတဲ့ ၁၇ ဒသမ ၇၂ ဘီလီယံက သုံးဘီလီယံလောက်ပဲ သုံးဖို့လိုပါတယ်။ မဟုတ်ရင် ဆက်ပြီး ၁၃ ဘီလီယံကနေ ဘီလီယံ ၂၀ ဖြစ်သွားမယ်ဆိုရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးရဲ့ ဘတ်ဂျက်ကလည်း တော်တော်များများ ဖဲ့ပေးလိုက်ရမယ့်သဘောရှိပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီးတော့ ပြန်လည်ပြီးတော့ သုံးသပ်ဖို့လိုမယ် ထင်ပါတယ်။ ကျွန်တော်တို့လည်း လုပ်တယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း လုပ်တယ်။ INGO တွေ၊ NGO တွေ လုပ်တယ်။ ဒါပေမယ့် ပြန်ပြီးတော့ထိုင်ဖို့ လိုမယ်ထင်ပါတယ်။ ဘယ်လိုလုပ်မလဲ။ လက်တွေ့ကျသော မဟာဗျူဟာ၊ နည်းဗျူဟာနဲ့ လုပ်ရမယ်။ Theoretical လုပ်လို့မရပါဘူး။ အဘက်ဘက်က ပါဝင်ရမယ်။ လုပ်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ ASEAN Strategy မှာ ပါပါတယ်။ လူမှုယဉ်ကျေးမှုဆိုင်ရာဒေါက်တိုင် (Socio Cultural Pillar)၊ နည်းပညာဆိုင်ရာ ဒေါက်တိုင် (Technical Pillar)၊ အဖွဲ့အစည်းဆောင်ရွက်မှုဆိုင်ရာ (Organization Pillar)နဲ့ အုပ်ချုပ်မှု စီမံခန့်ခွဲမှုဆိုင်ရာ (Political and Administrative Pillar)တွေနဲ့ အားလုံးဝိုင်းဝန်းပြီးတော့ လုပ်ဆောင်မှသာလျှင် အောင်မြင်မှာ ဖြစ်ပါတယ်။ သို့သော် နိဂုံးချုပ်အနေနဲ့ ကျွန်တော်တစ်ချက်ပြောချင်တာကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ မိမိတို့ မဲဆန္ဒနယ်ကို ပြန်ရောက်တဲ့အခါမှာ မြို့နယ်မှာဖြစ်ဖြစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှာဖြစ်ဖြစ် ဒါကို ဘယ်လိုလုပ်မလဲ ဆိုတာကို ဝိုင်းဝန်းဆွေးနွေးအကြံပြုပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများကပေးတဲ့ အကြံလေးကို ကျွန်တော်တို့က Seriously သေသေချာချာ လက်ခံပြီးတော့၊ စဉ်းစားပြီးတော့ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။

**ဉက္ကဋ္ဌ။** ။ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အခု ဒီမေးခွန်းနဲ့ ဝန်ကြီးဌာနရဲ့ဖြေကြားချက်ဟာ ပြည်သူတွေအတွက် အကျိုးဖြစ်ထွန်းမှာဖြစ်တဲ့အတွက် လွှတ်တော်ဆိုင်ရာနည်းဥပဒေများအရ နိုင်ငံတော်ပြန်တမ်းနှင့် နိုင်ငံပိုင်သတင်းစာများမှာ ဖော်ပြနိုင်ရေးအတွက် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

# ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၁၂)မြို့နယ်တွင် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်း အစီအစဉ်

(၁၈ - ၇ - ၂၀၁၉)

၁။ မြန်မာနိုင်ငံတွင် ပိုလီယိုအရိုင်းဗိုင်းရပ်စ်ပိုး(wild virus)ကို (၂၀၀၇) ခုနှစ်တွင်လည်းကောင်း၊ အသွင်ပြောင်းပိုလီယိုပိုးကို (၂၀၁၅)ခုနှစ်တွင်လည်းကောင်း နောက်ဆုံးတွေ့ရှိခဲ့ပါသည်။ (၂၀၁၄)ခုနှစ်၊ မတ်လတွင် ပိုလီယိုရောဂါပိုးကင်းစင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို တစ်နှစ်ထက်တစ်နှစ် လွှမ်းခြုံမှုမြင့်မားအောင်ဆောင်ရွက်ခြင်း၊ လတ်တလော ပျော့ခွေအကြောသေရောဂါ(Acute Flaccid Paralysis-AFP) လူနာများတွင် ပိုလီယိုရောဂါပိုးရှာဖွေခြင်းကို အလေးထားဆောင်ရွက်ခြင်း၊ လိုအပ်ပါက အပိုဆောင်းကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်း(Supplementary Immunization Activities-SIA)များကို တစ်ပြည်လုံးအတိုင်းအတာဖြင့် စနစ်တကျဆောင်ရွက်ခဲ့ပါသည်။

၃။ မြန်မာနိုင်ငံတွင် အကြောင်းကြောင်းကြောင့် ကာကွယ်ဆေးထိုးလုပ်ငန်း မလွှမ်းခြုံနိုင်သော မြို့နယ်(၄၃)မြို့နယ်ခန့် နှစ်စဉ်ရှိခဲ့ရာ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တွင် နေထိုင်သော လတ်တလော ပျော့ခွေ အကြောသေရောဂါဖြစ်ပွားသူကလေး (၁)ဦးတွင် အသွင်ပြောင်းပိုလီယိုပိုးကူးစက်မှု တွေ့ရှိကြောင်း အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရည်ညွှန်းဓာတ်ခွဲဌာန(အိန္ဒိယနိုင်ငံ)တို့မှ (၂၃-၆-၂၀၁၉)ရက်နေ့၌ အတည်ပြုသတင်းပေးပို့ခဲ့ပါသည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာလုံးဆိုင်ရာ ပိုလီယိုပပျောက်ရေးအဖွဲ့ (Global Polio Eradication Initiatives- GPEI) မှ ကမ္ဘာ့နိုင်ငံများသို့ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းနှင့်အညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ရောဂါကူးစက်ပျံ့နှံ့နိုင်ခြေများသော နေရာဒေသ/ လူအုပ်စုများရှိသော ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၁၂) မြို့နယ်တွင် အသွင်ပြောင်းပိုလီယိုပိုးကူးစက်မှုကို ဆောလျင်စွာ ဖြတ်တောက်ရန်ရည်ရွယ်၍ ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းလုပ်ငန်းကို စနစ်တကျပြုလုပ်လျက်ရှိပါသည်။

၄။ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တွင် မွေးကင်းစမှ အသက်(၁၅)နှစ်အထိ ကလေးများနှင့် ကရင်ပြည်နယ်(ဘားအံမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ သံတောင်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ မြဝတီမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်)၊ မွန်ပြည်နယ်(သထုံမြို့နယ်နှင့် ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်)နှင့် ပဲခူးတိုင်းဒေသကြီး(ကျောက်ကြီးမြို့နယ်နှင့် ရွှေကျင်မြို့နယ်)များတွင် မွေးကင်းစမှ (၅)နှစ်အထိ ရည်မှန်းကလေး စုစုပေါင်း(၃)သိန်းခန့်ကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်း တိုက်ကျွေးသွားမည်ဖြစ်ပါသည်။

၅။ ပိုလီယိုကာကွယ်ဆေးကို ယခင်က တိုက်ကျွေးဖူးသည်ဖြစ်စေ၊ မတိုက်ဖူးသည်ဖြစ်စေ ရည်မှန်းကလေးတိုင်းကို အပိုဆောင်းကာကွယ်ဆေး (၂)ကြိမ် ထပ်မံ၍ တစ်ကြိမ်နှင့် တစ်ကြိမ် (၂)ပတ်ခြား တိုက်ကျွေးမည်ဖြစ်ပါသည်။

၆။ အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး လာရောက်တိုက်ကျွေးမည့် အစီအစဉ်(Mopping up)တွင် မိဘပြည်သူများက မိမိတို့၏ကလေးများနှင့်အတူ နေအိမ်တွင် စောင့်ဆိုင်းနေခြင်း၊ စုရပ် (EPI fixed and outreach EPI posts)များတွင် တိုက်ကျွေးမည့်အစီအစဉ်တွင် စုရပ်သို့ လာရောက်တိုက်ကျွေးခြင်းများ ပြုလုပ်နိုင်ရန် ကြိုတင်အသိပေးအပ်ပါသည်။

ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ
မြို့နယ် (၁၂)မြို့နယ်တွင် ပိုလီယိုကာကွယ်ဆေးအပိုဆောင်း
တိုက်ကျွေးမည့် အစီအစဉ် ပထမအကြိမ်ကို (၂၀၁၉)ခုနှစ်၊
ဇူလိုင်လ (၇)ရက်နေ့မှ (၉)ရက်နေ့အတွင်းတွင် ဆောင်ရွက်ခဲ့ပါသည်။
(၂၀၁၉)ခုနှစ်၊ ဇူလိုင်လ (၂၁)ရက်နေ့မှ (၂၃)ရက်နေ့ အတွင်းတွင်
ဒုတိယအကြိမ်၊
(၂၀၁၉)ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့မှ (၆)ရက်နေ့ အတွင်းတွင်
တတိယအကြိမ်
ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တွင် မွေးကင်းစမှ
အသက် (၁၅)နှစ်အရွယ်ကလေးများကိုလည်းကောင်း
ကရင်ပြည်နယ်၊ (ဘားအံမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊
သံတောင်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ မြဝတီမြို့နယ်နှင့်
ကော့ကရိတ်မြို့နယ်)၊ မွန်ပြည်နယ် (သထုံမြို့နယ်နှင့် ဘီးလင်းမြို့နယ်နှင့်
ကျိုက်ထိုမြို့နယ်)နှင့် ပဲခူးတိုင်းဒေသကြီး (ကျောက်ကြီးမြို့နယ်နှင့်
ရွှေကျင်မြို့နယ်)များတွင် မွေးကင်းစမှ
အသက် (၅)နှစ်အရွယ်ကလေးငယ်များကို လည်းကောင်း
ပိုလီယိုကာကွယ်ဆေးအပိုဆောင်း (၂)ကြိမ် မပျက်မကွက်
ထပ်မံတိုက်ကျွေးကြရန် အထူးအသိပေးနှိုးဆော်အပ်ပါသည်။
ပိုလီယိုကာကွယ်ဆေးတိုက်ခြင်းဖြင့် ပိုလီယိုရောဂါပိုးကူးစက်ခြင်းမှ
ကာကွယ်မည်ဖြစ်ပြီး သင့်ကလေးငယ်ကို ဦးနှောက်/
အာရုံကြောရောဂါများကြောင့် သေဆုံးခြင်း၊
ရာသက်ပန်မသန်မစွမ်းဖြစ်ခြင်းမှ ကင်းဝေးပါမည်။
**ဇဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မန်စီးတီးအသင်းက လာမည့်ဘောလုံးရာသီအတွက် အသင်းခေါင်းဆောင်သစ်တစ်ဦး ရွေးချယ်မည်

မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာဟာ လာမယ့် ဘောလုံးရာသီအတွက် အသင်းခေါင်းဆောင်သစ်တစ်ဦး ရွေးချယ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီကုန်မှာ အနားယူခဲ့တာကြောင့် အသင်းခေါင်းဆောင်တစ်ဦးထပ်မံရွေးချယ်ဖို့ နည်းပြ ဂွာဒီယိုလာက စီစဉ်ခဲ့တာဖြစ်ပါတယ်။

ဇူလိုင် ၁၇ ရက်က တရုတ်နိုင်ငံမှာ မန်စီးတီးအသင်း ကစားခဲ့တဲ့ ဝက်စ်ဟမ်းအသင်းနဲ့ ရာသီအကြိုခြေစမ်းပွဲစဉ်မှာတော့ ကွင်းလယ်ကစားသမား ဒေးဗစ်ဆေးလ်ဗားက အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ရတာဖြစ်ပြီး အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းက ဝက်စ်ဟမ်းအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အသင်းရဲ့အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်တဲ့ ကီဗင်ဒီဘရိုင်းကတော့ သူ့ကို အသင်းခေါင်းဆောင်နေရာ ကမ်းလှမ်းလာမယ်ဆိုရင် ရှေ့ဆက်ပြီး မန်စီးတီးအသင်းမှာ ပျော်ရွှင်မှုပိုမိုရှိလိမ့်မယ်လို့လည်း ပြောခဲ့ပါတယ်။

ဒါပေမယ့် မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာကတော့ လာမယ့် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီအတွက် ပရီမီယားလိဂ်ဖလားကို ထပ်မံရယူနိုင်ရေးနဲ့ ချန်ပီယံလိဂ်မှာ အကောင်းဆုံးရလဒ်ထွက်ပေါ်ရေးအတွက် အသင်းခေါင်းဆောင်တစ်ဦးကို ထပ်မံရွေးချယ်သွားမယ်လို့ ဆိုထားပါတယ်။

ငွေကြယ် - ရေးသားသည်





# အေဂျက်နောက်တန်းကစားသမား ဒီလစ်အား ပေါင် ၆၇ ဒသမ ၅ သန်းဖြင့် ဂျူဗင်တပ်ခေါ်ယူ

အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်းဟာ အေဂျက်အသင်းမှ နယ်သာလန်နောက်တန်းကစားသမား ဒီလစ်ကို ပြောင်းရွှေ့ကြေးပေါင် ၆၇ ဒသမ ၅ သန်းနဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။

အသက် ၁၉ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဒီလစ်ကို ပရီမီယားလိဂ်ကလပ် မန်ယူအသင်း၊ စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းနဲ့ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းတို့က ခေါ်ယူဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့ပေမယ့် စီးရီးအေချန်ပီယံဂျူဗင်တပ်အသင်းကိုသာ ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုပြီး ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

နောက်တန်းကစားသမား ဒီလစ်ဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက အေဂျက်အသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်တက်လှမ်းခွင့်ရရှိအောင် အထောက်အပံ့ပေးခဲ့တဲ့ ကစားသမားတွေထဲမှာ တစ်ဦးအပါအဝင် ဖြစ်ပါတယ်။

ဒီလစ်ဟာ ၂၀၁၆ ခုနှစ်က အေဂျက်အသင်းနဲ့အတူ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ၂၀၁၈ ခုနှစ်မှာ အေဂျက်အသင်းခေါင်းဆောင်အဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။

ဒီလစ်ဟာ ၂၀၁၇ ခုနှစ်က အေဂျက်အသင်းကို ယူရိုပါလိဂ်ဗိုလ်လုပွဲရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီက အေဂျက်အသင်းနဲ့အတူ ၇၇ ပွဲ အထိပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ကာ ပြည်တွင်းဖလားနှစ်လုံးရရှိအောင် စွမ်းဆောင်ပေးခဲ့ပါတယ်။

## အနုပညာ

# ဂျီမင်းအရုပ်လေးများမှာ အဖွဲ့ဝင်တွေအနက် အရောင်းရဆုံးဖြစ်



တောင်ကိုရီးယားရဲ့ ကမ္ဘာကျော် အမျိုးသားပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ရဲ့အဖွဲ့ဝင်တွေပုံအရုပ်လေးတွေကို လက်ရှိမှာတော့ ကြိုတင်မှာယူနိုင်ပြီဖြစ်ပါတယ်။ ဒီလို ကြိုတင်ရောင်းချခဲ့ရတဲ့ အရုပ်တွေအနက် အဖွဲ့ဝင်တွေထဲမှာ ဂျီမင်းအရုပ်လေးများက အရေအတွက်အများဆုံးဖြစ်ခဲ့ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျီမင်းအရုပ်လေးတွေကို လက်ရှိမှာ ကြိုတင်မှာယူမှု ၈၀၀ ရရှိခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီအရုပ်လေးတွေနဲ့ပတ်သက်ပြီး ပရိသတ်တွေက အဆိုပါ အရုပ်လေးတွေဟာ ဂျီမင်းရဲ့အလှကို ပြည့်စုံအောင် ဖော်ကျူးနိုင်ခြင်းမရှိဘူးလို့ ဆိုပါတယ်။ သို့သော် လှပခန့်ညားလွန်းတဲ့ ဂျီမင်းကို ထပ်တူကျအောင် ဖန်တီးဖို့ဆိုတာလည်း မဖြစ်နိုင်ကြောင်း အွန်လိုင်းမီဒီယာတွေပေါ်မှာ ဝေဖန်ရေးသားခဲ့ကြကြောင်းလည်း သိရပါတယ်။

# ထိတ်လန့်ဖွယ်ရုပ်ရှင်သစ်မှာ ပါဝင်သွားဖို့ရာ ဆွေးနွေးနေတဲ့ ဆောင်းဂျွန်ကီ



တောင်ကိုရီးယားရဲ့ထိပ်တန်းမင်းသားတစ်ဦးဖြစ်သူ ဆောင်းဂျွန်ကီဟာ "Bogotá" လို့ယာယီအမည်ပေးထားတဲ့ ထိတ်လန့်ဖွယ်ရုပ်ရှင်သစ်မှာ ပါဝင်သွားဖို့ရာ လတ်တလောမှာ ဆွေးနွေးမှုတွေ ပြုလုပ်နေတာဖြစ်ပါတယ်။ ဇူလိုင် ၁၈ ရက်မှာ ဆောင်းဂျွန်ကီရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဘလွန်းဆွန်းအန်တာတိန်းမန့်က အဆိုပါသတင်းကို အတည်ပြုပေးခဲ့ပါတယ်။ "Bogotá" ဟာ ကိုလံဘီယာကို ပြောင်းရွှေ့သွားတဲ့ တောင်ကိုရီးယားအမျိုးသားတစ်ဦးအကြောင်း ရိုက်ကူးပုံဖော်ထားတာဖြစ်ပြီး ရာဇဝတ်ရုပ်ရှင်အမျိုးအစားလည်း ဖြစ်တယ်လို့ စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိမှာ ဆောင်းဂျွန်ကီဟာ သိပ္ပံရုပ်ရှင်အမျိုးအစား "Lightening Ship"လို့ ယာယီအမည်ပေးထားတဲ့ ရုပ်ရှင်ကို လက်ခံရိုက်ကူးပေးနေကြောင်းလည်း သိရပါတယ်။

# ဝမ်းနည်းနေတဲ့ သတို့သမီးအဖြစ် ရှင်ဆယ်ကွန်းကို တွေ့ရမည်



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ရှင်ဆယ်ကွန်းဟာ ရုပ်ရှင်သစ်ရဲ့စမ်းသပ်ထုတ်လွှင့်မှုမှာ သတို့သမီးဝတ်စုံနဲ့ တွေ့မြင်ခဲ့ရပါတယ်။ သမိုင်းရုပ်ရှင်တစ်ကားဖြစ်တဲ့ အဆိုပါရုပ်ရှင်မှာတော့ ရှင်ဆယ်ကွန်းဟာ သတို့သမီးဝတ်စုံ ဝတ်ဆင်ထားရင်းက ဝမ်းနည်းနေဟန်လည်းတွေ့ရကြောင်း စွန်ပီဒေါ့ကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Rookie Historian Goo Hae Ryung" လို့ အမည်ပေးထားတဲ့ အဆိုပါဇာတ်လမ်းတွဲရုပ်ရှင်ဟာ ညီမျှတဲ့အသိုင်းအဝိုင်းကို ပုံဖော်လိုသူ နန်းတွင်းသမိုင်းပညာရှင်တစ်ဦးနဲ့ အထီးကျန်တဲ့ မင်းသားတစ်ဦးအကြားက ဇာတ်လမ်းကို ပုံဖော်ထားတာ ဖြစ်တယ်လို့ သိရပါတယ်။



# Angry Birds 2 မှာ ပါဝင်ထားတဲ့ နစ်ကီမင်နရ့်



မိသားစု ရုပ်ရှင်တစ်ကားဖြစ်တဲ့ "Angry Birds 2" ရဲ့အစမ်းရုပ်ရှင်ကို လတ်တလောမှာ စတင်ထုတ်လွှင့်ပေးခဲ့ပါတယ်။ အဆိုပါ အစမ်းရုပ်ရှင်နဲ့အတူ ယင်းရုပ်ရှင်မှာ ကမ္ဘာကျော် တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ နစ်ကီမင်နရ့်က ပါဝင်သရုပ်ဆောင်ထားကြောင်း တေးသံရှင်က သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့ပါတယ်။

ဇူလိုင် ၁၇ ရက်မှာ နစ်ကီမင်နရ့်က သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ "Angry Birds 2" မှာ ပါဝင်ထားကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ တေးသံရှင်က သူ့ရဲ့အရုပ်ဆိုးလှတဲ့အသံကို နားဆင်လိုပါက အဆိုပါ အစမ်းရုပ်ရှင်မှာ ကြားနိုင်ကြောင်းလည်း သူဖော်ပြခဲ့တဲ့ "Angry Birds 2" အစမ်းရုပ်ရှင်နဲ့အတူ ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

လတ်တလောမှာ အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နစ်ကီမင်နရ့်ဟာ ပန်းရောင်တွေကို နှစ်သက်စွာ ဝတ်ဆင်လေ့ရှိသူတစ်ဦးဖြစ်ပါတယ်။ ဒါ့အပြင် ဘာဘီရုပ်လေးတစ်ရုပ်လိုမျိုး ပြင်ဆင်လေ့ရှိတာကိုလည်း တွေ့ရပါတယ်။ "Angry Birds 2"မှာ သူဟာ ပန်းရောင်ငှက်လေး ပင်ကီနေရာကနေ အသံနဲ့ ပါဝင်သရုပ်ဆောင်ထားတာဖြစ်တယ်လို့ မေးလ်အွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အေးပြည့်- စုစည်းသည်

# ပျဉ်းမနားမြို့တွင် မီနီမာရသွန်အပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၁၈**

စိုးလျှပ်စစ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ (ပျဉ်းမနားမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ) ဦးကျော်မင်းထွန်းကြီးမှူး၍ မာရသွန်အပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၅ ရက် နံနက်က ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေး အားကစားကွင်း (Gold Camp) ၌ ကျင်းပသည်။

ပျဉ်းမနားမြို့ဘောဂသီရိကားဝင်းအနီး ပန်းမြိုင်လယ်ဥယျာဉ်ရှေ့၌ နံနက် ၆ နာရီတွင် တာလွှတ်ရာ အလွတ်တန်း ကျား/မ ၄၁ ဦး၊ အသက် ၁၈ နှစ်မှ ၄၀ ကြား အပျော်တမ်း ကျား/မ ၁၄၁ ဦး၊ အသက် ၁၈ နှစ်အောက် မျိုးဆက်သစ် ကျား/မ ၄၇၈ ဦး စုစုပေါင်းပြိုင်ပွဲဝင် ၆၆၀ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ အလွတ်တန်း ကျား/မ ပထမဆု ၁၀ သိန်း၊ ဒုတိယဆု ခုနစ်သိန်း၊ တတိယဆု ငါးသိန်း၊ အပျော်တမ်း အသက် ၁၈ နှစ်မှ ၄၀ ကြား ကျားငါးဦး၊ မငါးဦးတို့အား ဆိုင်ကယ်+စက်ဘီး အစီး ၁၀၊ အသက် ၁၈ နှစ်အောက် မျိုးဆက်သစ်တန်း ကျား/မ ၅၆ ဦးအား Korea စက်ဘီးဆုနှင့် ပန်းဝင်သူ အမှတ်စဉ် ၅၈ နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများပါသော ကျောပိုးအိတ် ၂၀၀ ကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

အထူးဂုဏ်ပြုဆုအဖြစ် အလွတ်တန်းဧည့်သည်တော် ဂျပန်နိုင်ငံသား (ကျား) မာကာမူယာ အဆင့် ၂၂၊ (မ) ဂျပန်နိုင်ငံသူ မာစံကော် အဆင့် ၆ တို့အား US ဒေါ်လာ ၂၀၀ စီကိုလည်းကောင်း၊ အသက် ၁၈ နှစ်အောက် မျိုးဆက်သစ်တန်းတွင် အသက်အငယ်ဆုံး ကျားတစ်ဦး၊ မတစ်ဦးတို့ကို ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ပြီး ပါဝင်ယှဉ်ပြိုင်သူအား စိုးလျှပ်စစ်တည်ထောင်သူ ဖခင်ကြီး (ဦးစိုးတင့်)၏ ရုပ်ပုံပါ တီရှပ်အင်္ကျီများအား ဂုဏ်ပြုလက်ဆောင်အဖြစ် ပေးအပ်ချီးမြှင့်ခဲ့သည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဟသ်ာတအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

**ဟင်္သာတ ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမျိုးညွန့်သည် ရုံးအဖွဲ့မှူး ဦးမိုးကြည်မောင်၊ ဟင်္သာတခရိုင်တရားသူကြီးနှင့် ဟင်္သာတမြို့နယ် တရားသူကြီးတို့လိုက်ပါလျက် ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက ဟင်္သာတ အကျဉ်းထောင်အား လှည့်လည်စစ်ဆေးသည်။



ဟင်္သာတ အကျဉ်းထောင် တာဝန်ခံအရာရှိ ဦးစီးအရာရှိ ဦးညွန့်ဘိုဝင်းက အကျဉ်းထောင်အတွင်း အခြေအနေများကို လှည့်လည်ရှင်းပြသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့် တာဝန်ရှိသူများက အကျဉ်းထောင်အတွင်း အကျဉ်းသားများ နေထိုင်သည့် အဆောင်များအတွင်း လှည့်လည်ကြည့်ရှုကာ အကျဉ်းသား၊ အချုပ်သားများ ဥပဒေနှင့်အညီ ရပိုင်ခွင့် အခွင့်အရေးများ ရရှိခြင်း ရှိ/မရှိ၊ နေရာထိုင်ခင်းများ သက်သာချောင်ချိမှု ရှိ/မရှိ၊ အာဟာရ သင့်တင့်မျှတမှု ရှိ/မရှိ၊ အကျဉ်းသားများ ကျန်းမာရေးမကောင်းပါက ဆေးကုသခွင့်ရ/မရ အခြေအနေများကို မေးမြန်းစစ်ဆေးပြီး အကျဉ်းသား စားဖိုဆောင်၊ ဆေးပေးခန်းနှင့် စာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးသည်။

**ရွှေအင်းသားခင်မောင်ဝင်း**

# ရေချိုငါးများဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းဖွင့်လှစ်ပို့ချ

**ပွင့်ဖြူ ဇူလိုင် ၁၈**

ရေချိုငါးများဆေးထိုးသားဖောက်ခြင်းနည်းပညာပေးသင်တန်းကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီခွဲက ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းစခန်းရုံးတွင် ကျင်းပသည်။

မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ထွန်းက နိုင်ငံတစ်ဝန်း စည်းကမ်းမဲ့ ငါးဖမ်းဆီးမှုများကြောင့် ငါးသယံဇာတများ လျော့နည်းကျဆင်းလာကြောင်း ပြောကြားသည်။ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးစိုးထွန်းက သင်တန်းတွင် သင်ကြားပို့ချပေးမည့် သင်ခန်းစာများနှင့် လိုက်နာရမည့်သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးဉာဏ်ဝင်းက တက်ရောက်လာသည့် သင်တန်းသားများကို ရေချိုငါးများ ဆေးထိုးသားဖောက်နည်းပညာရပ်နှင့် စနစ်တကျငါးမွေးမြူရေးဆိုင်ရာနည်းလမ်းများကို စာတွေ့ လက်တွေ့ သင်ကြားပို့ချသည်။

သင်တန်းသို့ မြို့နယ်အတွင်းရှိ တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့သည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## တိုတိုထွာထွာဖတ်စရာ

### ရွှေကြယ်စင်ယာဉ်လိုင်းခရီးစဉ် ၂၈ ခု အခမဲ့ပြေးဆွဲမည်

**မန္တလေး**

(၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမန္တလာယာဉ်ရပ်နားစခန်းတွင် အခြေပြုပြေးဆွဲပေးသော ရွှေကြယ်စင်ယာဉ်လိုင်းမှ ခရီးစဉ် ၂၈ ခုကို ဇူလိုင် ၁၉ ရက် (အာဇာနည်နေ့)တွင် အခမဲ့ပြေးဆွဲပေးမည်ဖြစ်သည်။

ရွှေကြယ်စင်ယာဉ်လိုင်းမှ အာဇာနည်နေ့တိုင်း မန္တလေးတိုင်းဒေသကြီးမှ စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့များသို့ အခမဲ့ပြေးဆွဲပေးသည်မှာ ပဥ္စမအကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

(၇၂)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အခမဲ့ပြေးဆွဲမည့် ခရီးစဉ်များမှာ မန္တလေး-ရွှေဘို၊ မန္တလေး-ဇီးကုန်း၊ မန္တလေး-ကန့်ဘလူ-ကျွန်းလှ၊ မန္တလေး-ကောလင်း-ပင်လည်ဘူး၊ မန္တလေး-ခင်ဦး၊ မန္တလေး-ရေဦး၊ မန္တလေး-တန့်ဆည်အပါအဝင် ခရီးစဉ် ၂၈ ခုဖြစ်ကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**

### ငမြောင်တောင်တိုက်ဖျက်ရေး မီးထောင်ချောက်ထွန်း

**သီပေါ**

တောင်သူများစိုက်ပျိုးသော အစေ့ထုတ်ပြောင်းခင်းများတွင် လပြည့်နှင့် လကွယ်ညများ၌ အများဆုံးကိုက်ဖြတ်ဖျက်ဆီးတတ်သော ဖျက်အားပြင်း ငမြောင်တောင်ပိုးများကို ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးဦးဆောင်သော ကွင်းတာဝန်ခံများသည် တောင်သူများနှင့် ပူးပေါင်း၍ အစုအဖွဲ့အလိုက် လူထုလှုပ်ရှားမှုအသွင်ဖြင့် မီးထောင်ချောက်များထွန်းညှိလျက်ရှိသည်ကို ဇူလို ၁၆ ရက်က ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာတွင် ဆောင်ရွက်ခဲ့သည်။ **စိုင်း (သီပေါ)**

### သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး အသိပညာပေးဟောပြော

**မြောင်းမြ**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရွှေလောင်းအ-ထ-က တွင် ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမြင့်ဝေကမှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများအကြောင်းနှင့် သက်ငယ်မုဒိမ်းမှုများမဖြစ်ပွားရေးအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**



ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲက ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာ အမှတ် (၁၅) အထကတွင် ကျည်တောင်ကန်နယ်မြေရဲစခန်းမှူး ရဲအုပ်သန်းဝေက သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ လူကုန်ကူးမှုအကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောစဉ်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

# သဘာဝမြေသြဇာပြုလုပ်နည်း သရုပ်ပြ

**တာချီလိတ် ဇူလိုင် ၁၈**

တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျေးလက်နေ တောင်သူများ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ပိုမိုသိရှိဆောင်ရွက်လာနိုင်ရေးနှင့် အီးအမ်ဘိုကာရှီ ပြုလုပ်သုံးစွဲနည်း ကွင်းလက်တွေ့သရုပ်ပြပွဲကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်ကျေးရွာမှ တောင်သူ ဦးကျလော၏ လယ်မြေ၌ ဆောင်ရွက်ကြောင်း သိရသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်နှင့် ဝန်ထမ်းများက အီးအမ်ဘိုကာရှီ သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနည်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တောင်သူ ၅၀ ကျော် ပူးပေါင်းပါဝင် ဆောင်ရွက်ကြကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

# ကသာမြို့ပေါ်တွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရာ ဆန်နှင့်စားစရာလှူဒါန်း



**ကသာ ဇူလိုင် ၁၈**

ကသာမြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ဆန်နှင့်ထမင်းထုပ်များ ပေးအပ်ထောက်ပံ့လှူဒါန်းပွဲကို ဇွန် ၁၇ ရက် ညနေ ၃ နာရီခွဲက အမှတ် (၃) ရပ်ကွက်ရှိလေးထပ်ဘုန်းကြီးကျောင်းနှင့် အမှတ် (၈) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့၌ ကျင်းပသည်။

ကသာမြို့ပေါ် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းတွင် ဖွင့်လှစ်ထားရှိရာ အမှတ် (၃) ရပ်ကွက်ရှိ လေးထပ်ကျောင်းဘုန်းကြီးတွင် ရေဘေးရှောင် အိမ်ထောင်စု ၅၉ စု အတွက် တစ်အိမ်လျှင် ဆန်နှစ်ပြည်နှုန်းဖြင့် ၁၁၈ ပြည်၊ ရေသန့်ဘူးသေး ၁၁၈ ဘူး၊ အမှတ် (၈) ရပ်ကွက် အိမ်ထောင်စု ၈၃ စု အတွက် ဆန် ၁၆၆ ပြည်၊ ရေသန့်ဘူး ၁၆၆ ဘူးအား စည်ပင်သာယာရေးကော်မတီ ဦးသန်းဇော်၊ ဥက္ကဋ္ဌဦးလှဝေတို့ဦးဆောင်သည့် အဖွဲ့များ ထောက်ပံ့ကူညီ လှူဒါန်းပေးခဲ့ကြသည်။

ထို့ပြင် လူမှုကူညီရေးအဖွဲ့တို့က အသင့်စားသုံးနိုင်ရေး ထမင်းဟင်းလျာများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

**ငွေအိုး (ကသာ)**

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၁၂-၆-၂၀၁၉ ရက်မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၃၁-၇-၂၀၁၉** ရက်တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

THREE SEASONS

တောင်ပြုံး၊ မန္တလေး၊ မေမြို့၊ စစ်ကိုင်း။ ထမင်းကျွေး ၄၀၀၀၀/- (အကျီ) တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ဘုန်း ထန်စမ်း လျှိုင်ကော်၊ ထမင်းကျွေး ၇၀၀၀၀/- ပုဂံ၊ပုပ္ပါး၊ ပခုက္ကူ၊ ခွယ်တော်လေးဆူ၊ ပြည်၊ ငါးမြည်၊ ထမင်းကျွေး ၄၀၀၀၀/- 9-8-2019

09 683007444, 09 683008444

ကိုမင်းမင်း ဦးစီးသော

ရွှေလမ်းညွန်

အမှတ်(၁၁၈)၊ ၂၈ လမ်း (အလယ်)၊ ပန်းဘဲတန်း။

ရွှေတောင်ပြုံး၊ မန္တလေး၊ စစ်ကိုင်း၊ မင်းကွန်း၊ ပြင်ဦးလွင် (၄)ရက် စာဝီမြီးသ တဆင့်သွားအားလုံး ငြိမ်း 48000 July 9

ဘားအံဂူ(၄)ဂူ၊ ကျောက်ကလပ်၊ မြဝတီ၊ မဲဆောက် (၄)ရက် စာဝီမြီးသ တဆင့်သွားအားလုံး ငြိမ်း 50000 July 23

09-262705136, 09-420087371

## ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)
### နဝမအကြိမ်မြောက်ဂါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ ဖိတ်ကြားလွှာ

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)၏နဝမအကြိမ်မြောက်ဂါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကိုကျင်းပမည်ဖြစ်ပါ၍ ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)၏ အသင်းဝင်နှင့် မိသားစုဝင်များ၊ ရန်ကုန်မြို့ရောက်ဆင် ဖြူကျွန်းဒေသသား အသင်းမဝင်ရသေးသူများအားလုံး စုံညီစွာကြွရောက် လှူဒါန်းကြည်ညိုကုသိုလ်ပြုနိုင်ပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ် ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၈-၇-၂၀၁၉(တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - နံနက် (၉)နာရီ

ကျင်းပမည့်နေရာ - ရေနံချောင်းဓမ္မာရုံ(မေဓာဝီစံကျောင်းတိုက်)၊ ဦးထောင်ဘိုလမ်း၊ ရဲဓမ္မာရုံအနီး၊ ဗဟန်းမြို့နယ်

မှတ်ချက်။ ။ နေ့လယ်စာထမင်းဖြင့် ဧည့်ခံကျွေးမွေးပါမည်။

ဆင်ဖြူကျွန်းဒေသမှ ဆရာတော်(၆)ပါးအား ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်း၊ နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းပူဇော်၍ နေ့ဆွမ်းဆက်ကပ်ပါမည်။ စုံစမ်းမေးမြန်းလိုပါက ဦးတင်မေ-၀၉-၄၃၀၆၄၀၂၀၊ ဦးမောင်မောင်လင်း-၀၉-၅၀၀၂၅၀၂ ဦးခင်ထွန်း-၀၉-၅၁၇၀၃၂၉ ဦးကျော်ဦး-၀၉-၄၃၀၅၄၀၈၈၊ ဦးမြင့်ဦး-၀၉-၄၂၀၁၅၆၅၀၅ ဦးမင်းချမ်းသိမ်း-၀၉-၄၂၀၂၈၈၃၀၊ ဒေါ်တင်တင်နွယ်-၀၉-၅၁၇၆၀၃၂ ဒေါ်ခင်သန်းမြင့်-၀၉-၇၇၃၇၇၁၂၇၇တို့ထံသို့ ဆက်သွယ်နိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့၊ ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)

တရုတ်စကားပြန်အဖြစ်(၆)လပြတ်သင်တန်း

အလုပ်ပါတစ်ခါတည်း အင်တာဗျူးရမည်။ (၁၅) နှစ်အတွေ့အကြုံရှိ GESC တရုတ်စကားပြောစာသင်ကျောင်းမှအထူးလေ့ကျင့်သင်ကြားပေးမည်။ လစာ(၃-၆) သိန်း

ဖုန်း- ၀၉၅၀-၆၃၃၆၉၊ ၀၉၅၄-၁၀၅၉၂




မြန်မာပြည်တွင် ရွှေနှင့်ကျောက်မျက်ရတနာ တို့အတွက်အကြီးမားဆုံးဈေးကွက်အဖြစ်တည်ရှိလာမည့် Jewellery & Luxury Mall ကြီးကိုဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းကြားရှိ Times City Complex ကြီး၌ မကြာမီဖွင့်လှစ်တော့မည်ဖြစ်သောကြောင့် ဆိုင်ခန်းများကို အထူးနှုန်းများဖြင့် ဝယ်ယူ / ငှါးရမ်း နိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

CONTACT US

Times City Yangon - Myanmar

http://www.timescity.com.mm

timescityproject@gmail.com

+959 765800800 , +959 764800800 , +959 5045777

Times City, No.37, Between Hanthawaddy Road & Kyun Taw Road, Kamaryut / San Chaung Township, Yangon.

**ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့မှူးမြို့နယ် အောင်ဇမ္ဗူဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်ချီးမြှင့်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။ ဓာတ်ပုံ-သက်အောင်

**ရန်ကုန် ဇူလိုင် ၁၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပိန္နဲကုန်းကျေးရွာအုပ်စု ဆင်ခြံကျေးရွာ အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက် ဆရာတော်အား သွားရောက်ဖူးမြော်ပြီး ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

**ဇာတိမာန်သီချင်းဖြင့် ကြိုဆို**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယနေ့နံနက် ၉ နာရီတွင် ကော့မှူးမြို့နယ်ရှိ အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိရာ ကော့မှူးမြို့နယ် သံအိုင်ကျေးရွာ ခရစ်ယာန်အသင်းတော် တယောအဖွဲ့မှ လူငယ်များက ဇာတိမာန်သီချင်းဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ကေတုမာလာအား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရွှေတောင်ဖောင်ဒေးရှင်းက ပိန္နဲကုန်းကျေးရွာအုပ်စု ဆင်ခြံကျေးရွာ စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် အတွင်းဝန်ရုံးဟောင်း (ယခင်ဝန်ကြီးများရုံး)တို့ကို ကြည့်ရှုလေ့လာ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုအား ဂါရဝပြုစဉ်။

**ရန်ကုန် ဇူလိုင် ၁၈**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ဗိုလ်တထောင်မြို့နယ်ရှိ အတွင်းဝန်ရုံးဟောင်း(ယခင်ဝန်ကြီးများရုံး)တို့အား ကြည့်ရှုလေ့လာသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့နံနက် ၉ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိရာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)သို့ ရောက်ရှိပြီး ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်အောင်သူနှင့် ဦးကြည်မင်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ တာဝန်ရှိသူများနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ဝင်းအတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သော မော်တော်ယာဉ်၊ ဗိုလ်ချုပ်အောင်ဆန်း၏ စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳

## မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် ဇူလိုင် ၁၈**

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ အလားတူ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မိုး/ဇလ

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မိုး/ဇလ


ကြေးမုံ ယနေ့ ဖတ်စရာ

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ — စာမျက်နှာ » ၇

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ — စာမျက်နှာ » ၈

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက တရားမဝင် eBooks Link များကို ဖြုတ်ချပေးရန် ကြေညာချက်ထုတ်ပြန် — စာမျက်နှာ » ၁၁



